

NEW IDEA
စိတ်ကူးသစ်စာပေ
သက်ဝိညာဉ်ပဋ္ဌလက်တံခါး
သီဂဝိပ်တင်ဓော

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိတ်ကူးသစ်စာပေ



စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၅၆၀၃၀၈
အဖုံးခွင့်ပြုချက်အမှတ် - ၅၇၀၇၃၁၀၆၀၈

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၈၊ ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ကျပ်

(၁)

## ပဉ္စလက်ခရီး၏အစ

ခရီးသည်တင် ကင်တာ ကားက အဝေးပြေးလမ်းမပေါ်မှာ အရှိန်ပြင်းစွာ ပြေးလျက်ရှိ၏။

သည်လမ်းက အမှတ် (၂) လမ်းမကြီးဖြစ်သည်။ အမှတ်(၁) လမ်းမကြီးလို အလယ်တွင် ဘလောက်တုံးများ ခြားလျက် နှစ်ဖက်သွားပြန်ခွဲခြားထားသည့် ခြောက်လမ်းသွား လမ်းမကြီး မဟုတ်။ ရိုးရိုးနှစ်လမ်းသွားသာ ဖြစ်၏။ အင်းတိုင်ကျမှ အမှတ်(၁) လမ်းမကြီးထဲသို့ စီးဝင်မည့်လမ်း။

အချိန်က မှောင်စပြုနေပြီ။

သယ်နီးကျွန်းမှ ထွက်လာစဉ်တုန်းကတော့ ညနေပိုင်း။ သို့သော် လမ်းမှလူတင်ရင်း လူတင်ရင်းနှင့် ရွာသာကြီးလေးထောင့်ကန်တို့ကို ကျော်လာတော့ မှောင်ခြည်သမ်းလာသည်။

---

သည်နှုန်းနှင့် ဆိုလျှင် ပဲခူးကို ညဥ့်အတန်နက်မှ ရောက်လိမ့်မည်။

ကားပေါ်မှာက လူအပြည့်။

ဘေးတန်းနှစ်ဖက် လူအပြည့်ဖြစ်နေပြီ၊ အလယ်တွင် ထိုးထားသော ခုံတန်းရှည်မှာလည်း လူကကြပ်ကြပ်ညပ်ညပ်။ ကားနောက်မြီးမှာ တွဲခို ပါလာသော သူတွေပင်ရှိသေး၏။ သို့တိုင် ကားစပယ်ရာက ရပ်နားရာ နေရာတိုင်း၌ ''အထဲမှာအချောင်ကြီးခင်ဗျ ထိုင်စီးရမယ်''ဟု အော်ဆဲ။

ဘေးခုံ တစ်ဖက်တန်း ခရီးသည်များကြားမှာ လူငယ်စုံတွဲတစ်တွဲပါလာသည်။ အသက်အစိတ်ခန့်သာရှိကြဦးမည်။ ကောင်မလေးက ကောင်လေး၏ ပခုံးထက်မှာ မှေးငိုက်နေ၏။ ကားစ, ထွက်လာစဉ်တုန်းကတော့ သာလိကာလို မနားတမ်း စကားတွေ ပြောလာသည့် ကောင်မလေး။ ယခုတော့ မောသွားပြီးထင်။ ငိုက်လို့။

ကောင်လေးကတော့ မငိုက်ပါ။

သူ့နှုတ်မှ နှုတ်ခမ်းလှုပ်ရုံကလေး လှုပ်နေသည်။ ဂုဏ်တော်တစ်ခုခုကို ရွတ်နေဟန်ရှိ၏။ ရှေ့ခရီးမှာ အဆင်ပြေ ဖြောင့်ဖြူး ချောမွေ့ဖို့ လေလား။ လမ်းမှာ အန္တရာယ် ကင်းစေလို၍လား။

သူ့မျက်နှာက မျက်ခုံး မျက်ပန်ကောင်းကောင်းနှင့်၊ အသားက ညိုစိမ့်စိမ့်နှင့်။ နှာတံစင်းစင်းနှင့်၊ နှုတ်ခမ်းသေသေသပ်သပ်နှင့်၊ မေးရိုးကျကျနှင့်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးမပါဘဲ နုနုပျိုပျိုနှင့် တည်တည်ခန့်ခန့်ကလေးဖြစ်၏။ အထူးသဖြင့် သူ့မျက်လုံးများက ရိုးသားမှုအပြည့်။

သူသည် ပခုံးပေါ် မှေးတင်ထားသော ကောင်မလေး၏ ခေါင်းရှေ့သို့ စိုက်ကာကျလာသဖြင့် လက်ဖြင့်အသာဖေးမကာ ပခုံးပေါ်ပြန်တင်ပေးလိုက်၏။ ကြင်နာစွာလည်းငုံ့ကြည့်ရင်း ပြုံးလိုက်၏။

---

ကောင်မလေးကား နှိုးမသွား။

ကောင်မလေးမှာမူ ဖြူဖြူချောချောကလေးဖြစ်၏။ ဆံပင်တိုတို ကလေးက ပခုံးကို ထိလုရုံမျှ ကပိုကရိုဝဲကျလျက်။ မျက်ခုံးကွေးကွေးနှင့် မျက်တောင်ကော့ကော့ကြီးတွေက မျက်နှာမှာထင်းနေသလို လုံးစင်း ဖြောင့်တန်းသောနှာတံနှင့် နှုတ်ခမ်းလွှာနီထွေးထွေးက ရွှန်းစိုစို ပါး လုပ်လုပ်ကလေး။ မေးစေ့လုံးလုံးလေးပေါ်မှာ ဘယ်ဘက်အနည်းငယ် ကျကျ မှည့်နက်ကလေးတစ်လုံးက သူ့မျက်နှာကို အလှဆင့်ပေးနေသည် သို့။

ခန္ဓာကိုယ်ကမူ ခေတ်၏သမီးပျိုပီသစွာ ကျစ်လျစ်လှပ၏။ ခြေဆံ လက်ဆံသွယ်သွယ်၊ အချိုးအစားကျကျကလေးဖြစ်၏။ ဝတ်ထားသော တီရှပ်အဝါနုကလေးပေါ်မှ ကောက်ကြောင်းတို့မှာ အပေါ်မှ ဂျင်းဂျာကင် ဖုံး၍မလုံ။

သူတို့ကို မိတ်ဆက်ပေးပါရစေ။

ကောင်လေး၏အမည်မှာ 'ဒိုး' ဖြစ်၍ ကောင်မလေး၏အမည်မှာ 'နှင်း' ဖြစ်သည်။ ချစ်သူများဖြစ်ကြပြီး၊ မကြာခင်လက်ထပ်ရန် မိဘ များက သဘောတူကြည်ဖြူထားသူများ ဖြစ်ကြသည်။

သည်ခရီးက ညအိပ်ညနေခရီး။ သို့သော် သူတို့သဘောဖြင့် သူတို့ ထွက်လာခြင်းမဟုတ်၊ 'နှင်း'၏ဖခင်က ပဲခူးရှိ အဘွားနေမ ကောင်း၍ ဟု လွှတ်လိုက်ခြင်းဖြစ်၏။ 'နှင်း'တစ်ယောက်ထဲမို့ 'ဒိုး'ကိုပါ အဖော်ထည့် လိုက်ခြင်းဖြစ်သည်။

ခရီးစဉ်ကို 'နှင်း'၏ဖခင် ဦးစက္ကာက ရုပ်တရက်ကောက်ကာငင်ကာ စီစဉ်ပေးပြီး ကားဂိတ်သို့လိုက်ပို့သဖြင့် မြန်းစားကြီးထွက်လာရသော ခရီးဖြစ်သည်။

'တင်'

'ဒိုး' မျက်လုံးတွေက သတိပြုမိလိုက်ပြန်ပါပြီ။

သူတို့ရှေ့ အလယ်ခုံတန်း မျက်စောင်းထိုးမှ လူရွယ်တစ်ယောက် ဆံပင်ရှည်ရှည်နှုတ်ခမ်းမွေးနှင့်၊ အသားညိုပြီး မျက်နှာပြားပြား။ နှာခေါင်း ကြီးကြီး၊ မျက်ပေါက်ကျဉ်းကျဉ်းဖြင့် ရုပ်ဆိုးသည်ဟုဆိုသော်ရနိုင်၏။ အရွယ်မှာမူ 'ဒိုး' နှင့်ရွယ်တူ၊ ကြီးလှလျှင် 'ဒိုး' ထက် တစ်နှစ်နှစ်နှစ်ပေါ့။

သူ့မျက်လုံးတွေက တစ်ချက်တစ်ချက်ဆိုသလို 'နှင်း'ပေါ်ကျရောက် လာတတ်သည်။ 'နှင်း' မျက်နှာပေါ်မှာ။ ပြီးလျှင် မျက်နှာလွှဲလိုက်။ နောက်တစ်ခါ 'နှင်း' မျက်နှာပေါ်ပြန်ရောက်လာလိုက်။

ဒါကို 'ဒိုး' သတိပြုမိသည်မှာကြာပြီ။

'ဒိုး' သတိပြုမိကြောင်းကို သူလည်းရိပ်မိဟန်ရှိ၏။ 'ဒိုး' မျက်လုံး များကိုရှောင်ရှားကာ အကြည့်ကိုလွှဲဖယ်ပစ်တတ်သည်။

သူက ရုပ်ကြမ်း၊ အသွင်ကြမ်း။

'နှင်း'က လှသောမိန်းကလေးမို့ သူစိတ်ဝင်စားသည်ထင်ပါ၏။ သည်အတွေးနှင့်မို့ 'ဒိုး' သူ့ကိုမလိုလားခြင်းမရှိပါ။ မကောင်းမြင်သည် မရှိပါ။ ကိုယ့်ချစ်သူလှ၍ သူကြည့်သည်ဟုသာ သူကျေနပ်စွာဖြင့် မသိ ဟန်ဆောင်လိုက်၏။ ပြီးတော့ ရွှတ်မြဂုဏ်တော်ကို သူပြန်ရွတ်သည်။

ကားက ရှင်းသောလမ်းပေါ်မှာ အစွမ်းကုန်ပြေးနေဆဲ။

♛ ♛ ♛

□

အင်းတိုင် ဝင်လုဆဲဆဲ။

ခရီးသည်များအားလုံးလိုလို ငိုက်မြည်းကုန်ကြ၏။ 'နှင်း' သည်မှုန်မှုန်ဖြိုက်ဖြိုက်အိပ်ပျော်နေလေပြီ၊ 'ဒိုး' သည်ပင် ဟစ်ချက်တစ်ချက်မေးခနဲ ငိုက်ခနဲဖြစ်ချင်လာ၏။

သည်တစ်ခဏ။

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ကာလကလေး။

မည်သည့်အရာသည် အစိုးရပါသနည်း။ မည်သည့်အရာသည် ခိုင်မြဲပါသနည်း။ မည်သည့်အရာသည် တိကျသေချာသော ယုံကြည်မျှော်လင့်ဖွယ်ရာရှိပါသနည်း။

ဖြစ်ချင်တာ မဖြစ်တတ်သောလောက။

မဖြစ်ချင်တာ ဖြစ်တတ်သောလောက။

'ဝူး . . . ဝူး . . .'

'ကျွီ . . .'

'ဝေါ . . . ဝေါ . . . ဝေါ'

'ဒုန်း . . . ဒုန်း . . . ဒိန်း'

ရုတ်တရက်ဆူညံသွားသောအသံများ။ ကားစက်သံ၊ ဘရိတ်အုပ်သံ၊ ကားလမ်းနှင့်ဘီးပွတ်ကြိတ်သံ၊ လမ်းဘေးမညီညာသော မြေကြီး

ပေါ်သို့ ထိုးဆင်းသွားသံ၊

'အမလေး . . .'

'လုပ်ကြပါဦး . . .'

'ဘုရား . . . ဘုရား . . . ကယ်ပါ'

အာမေဋိတ်သံ၊ အော်သံများ၊ ပွက်လောရိုက်သွားသည်။ ဆိတ်ငြိမ်သောဝန်းကျင်မှာ ချက်ခြင်း ဆူညံသွားသည်။

အဆုံးမှာတော့

'ဝုန်း . . . ဒုန်း . . . ဂျလွန်း'

စင်စစ် 'ဒိုး' တို့စီးလာသောကားက လမ်းမမှား၊ ရှေ့တူရူမှလာနေသော ကားကလည်းလမ်းမမှား၊ သို့သော် ကားနှစ်စီးဆုံလုနီးမှာ မမျှော်လင့်ဘဲ ကျွဲတစ်အုပ်က လမ်းပေါ်ဖြတ်တက်လာသည်။

ရှေ့တူရူမှလာနေသော သစ်တင်ကားကြီးက မောင်းထဲမှ ဘွားခနဲပေါ်လာကာ ကျွဲအုပ်ကိုဖြတ်၍ ဘရိတ်ကိုနင်း၊ စတီယာရင်ကိုဆွဲကွေ့သည်။ ကျွဲအုပ်ကိုမတိုက်မိစေရန်။

သည်မှာ ထိုကားက သူ့ဘက်ခြမ်းကားလမ်းမှ သည်ဘက်ကားလမ်းသို့ ကျူးဝင်ခေါင်းတည့်လာသည်။

ကင်တာနှင့် ခေါင်းချင်းဆိုင်သွားသည်။

ကင်တာကားမောင်းသူက ကားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မည့်အရေးမှရှောင်ရှားရန် ကားကိုဆွဲကွေ့သည်။ လမ်းဘေးသို့။

မူလက ကားစက်ရှိန်ကလည်းမြင့် ရုတ်တရက် သစ်တင်ကားကိုရှောင်နိုင်ရန် တအားကုန်ဆွဲကွေ့ချသည်လည်းဖြစ်၊ လမ်းဘေးကလည်း မတ်စောက်စောက်ဖြစ်နေရာ ကင်တာက ဝုန်းဒိုင်းကျဲ၍ဆင်းသွားလေတော့သည်။

ကားဆရာ ဘရိတ်ကို အသားကုန်နင်းပါ၏။ မရတော့။

---

စိတ်ကူးသစ်စာပေ

ကားဦးခေါင်းက ကားလမ်းဘေး ဦးစိုက်ဆင်းရာမှ အရှိန်ဖြင့် ကျွမ်းပြန်လိမ့်ကျသည်။ တစ်ပါတ် နှစ်ပါတ်။ –

ကားပေါ်ပါသူများ အော်ရင်းဟစ်ရင်း ပြောင်းဆန်ကုန်သည်။ ကယ်ပါယူပါ အော်ဟစ်သံများ၊ နာကျင်ညည်းညူသံများ၊ ကြောက်လန့်တကြားအော်သံနက်ကြီးများ။

'ဒိုး' ရှေ့နားရှိ လူရွယ်မှာ 'ဒိုး'အပေါ်သို့ ထိုးကျလာပြီး 'ဒိုး' နှင့် လုံးထွေးကာ ကားလိမ့်ထွက်သမျှ ဒလိမ့်ကောက်ကွေးပါသွားကြသည်။ ဘယ်နှစ်ပါတ်မှန်းမသိနိုင်။ ဘာတွေနှင့် ထိမိခိုက်မိသည် မသိနိုင်။

နောက်ဆုံးအကြိမ်တွင်မူ . . . .

'ဒိုး' ၏ခေါင်းကို တစ်စုံတစ်ခုနှင့် ပြင်းစွာထိမိပြီး မျက်လုံးထဲတွင် မီးပွင့်မီးပွားများပွင့်ကာ အဆုံးသတ်တွင်မူ အမှောင်ပကတိကျသွားတော့သည်။

♛ ♛ ♛

□

မောလှသည်။

မောသည့်မှ ရင်သည် ဖားဖိုကြီးတစ်ခုပမာ။ နှုတ်ကလည်း ဟောဟဲလိုက်နေသည်။

'မလုပ်ပါနဲ့ . . . မဆွဲပါနဲ့ . . . မလိုက်ပါရစေနဲ့'

'ဒိုး' အသံကုန်ကြုံးအော်သည်။

မရ။

'ကျွန်တော့်ချစ်သူ ကျန်ခဲ့ပြီ၊ သူ့ဆီကျွန်တော်ပြန်သွားပါရစေ'

မရ၊ 'ဒိုး' အသံတွေသာပြာပြီး တိမ်ဝင်သွားသည်။

အသားနီနီ၊ ကတုံးပြောင်ပြောင်၊ ဗိုက်ရွဲရွဲနှင့် လက်တစ်ဖက်တွင် ရောမလှံကြီးတစ်ချောင်းကို ကိုင်ထားသောလူကြီးက 'ဒိုး' ၏လက်ကို ဆွဲကာ ရှေ့မှပြေးနေသည်။

လက်ကိုရုန်းသည်၊ မလွတ်။

သူ့ခြေလှမ်းကျဲကြီးတွေနှင့် သူ့ခြေလှမ်းမြန်မြန်ကြီးတွေကို မနည်းမီအောင်လိုက်နေသည့်အတွက် 'ဒိုး' မှာ မောပန်းနွမ်းနယ်လွန်းလှပြီး ခြေတွေမခိုင်ချင်တော့။ ရင်ထဲက နှလုံးသည်းပွတ်သည် ခံတွင်း မှနေ၍ အပြင်သို့ခုန်ထွက်သွားတော့မည့်နှယ်။

'ရပ်ပါတော့ . . . လွှတ်ပါတော့'

ရှိသမျှအသံနှင့် အားကုန်အော်၍တောင်းပန်သည်။

လူနီကြီးကား လုံးဝမရပ်၊ လုံးဝမလွှတ်။

ခလုတ်ကန်သင်းတွေ တိုက်ရဖန်များ၍ ခြေတွေနာကျင်လှပြီ။ ဆူးတွေ၊ ချောင့်တွေ စူးဖန်များ၍ အသည်းခိုက်လှပြီ။

'ဒိုး' ကို ဘယ်ကိုဆွဲခေါ်နေပါလိမ့်။

ဘေးမှာကား အမှောင်တိုက်ကြီးမို့ ဘာမှမမြင်ရသလို ရှေ့မှာကလည်း အမှောင်ထုကြီးသာ။

တစ်ခုတော့ရှိသည်။

မည်သည့်အရပ်ကမှန်းမသိသော နာကျင်မှုဖြင့် အော်ညည်းနေသံများကိုမူ ကြားနေ၏။

ထိုစဉ်

ရှေ့ဆီမှ ဝင်းခနဲတစ်ချက် အလင်းပြက်သွားသည်။

ဘာပါလိမ့်။

'ဟော့ . . . ရပ်လိုက်စမ်း'

အောင်မြင်ထည်ဝါသော အသံကြီးတစ်ခုက ဆီးတားသည်။ 'ဒိုး' အားတက်သွားသည်။ 'ဒိုး' ကို ကူညီမည့်သူပေပဲလား။

လူနီကြီး တုံ့ခနဲဖြစ်သွား၏။

'ဘာလို့ ရပ်ရမှာလဲ'

တန်ပြန်သော လူနီကြီးအသံ။

'မင်း ဒီသူငယ်ကို ခေါ်လာလို့မဖြစ်ဘူး'

မူလအသံရှင်၏စကား။ လူကိုမူမမြင်ရသေး။

'ခေါ်လာရမှာ ကျုပ်တာဝန်ပဲ'

'မခေါ်ရဘူး . . .'

သည်မှာပင် မမျှော်လင့်သောဖြစ်ရပ်က ဖြစ်လာသည်။

တိုက်ပွဲကလေးပေါ်လာခြင်းဖြစ်၏။ ဟန့်တားသူအသံရှင်ကား ဖြူ

ဖြူသဏ္ဍာန်ရိပ်ခနဲ မြင်လိုက်ရပြီး လူနီကြီး ဖုန်းခနဲလဲကျသွားသည်။ 'ဒိုး'ကိုဆွဲထားသောလက် လွတ်သွားသည်။

အခွင့်အရေးရပြီ။

အခွင့်အရေးရပြီဆိုသည်ကို သိသည်နှင့် 'ဒိုး' လာရာလမ်းကို ပြန်လှည့်ကာ ခြေကုန်သုတ်၍ပြေးခဲ့တော့၏။

အသံရှင် ဖြူဖြူကြီးနှင့် လူနီကြီးတို့၏ တိုက်ပွဲသံကို နောက်တွင်ထားရစ်ခဲ့သည်။

အမှောင်ထုထဲသို့။

သို့သော် ဟိုးရှေ့တွင် အလင်းစက်ကလေးတစ်စက်။

♛ ♛ ♛

□

ကားမှောက်ရာသို့ ကူညီမည့်သူများနှင့် ကားများရောက်ရှိနေကြ၏။

'ကားအောက်က လူတွေကိုဆွဲထုတ်ဟေ့၊ မြန်မြန်'

'မောင်းတဲ့လူနဲ့ ဒဏ်ရာရသူကို ခွဲကွ'

'သတိမေ့နေသူတွေကို ကားပေါ်အရင်တင်'

'ဟော ဒီမှာတစ်ယောက်ဗျို့'

အသံတွေ ဆူညံနေသည်။

အော်သံ၊ ဟစ်သံ၊ အကူအညီတောင်းသံ။

'ငါ့သားလေး . . . ဘယ်မှာလဲ'

'ဟဲ့ . . . မိလှ . . . မိလှ နင် . . . ဘယ်မှာလဲ' 'ကိုရေချမ်း. . . ကိုရေချမ်း' စသောအသံများ

ပျာယာခတ်လှုပ်ရှားနေကြသူများ။

'နှင်း'က ကူညီသူများကို အော်ဟစ်ခေါ်နေသည်။

'ဒီမှာ . . . လုပ်ကြပါဦး၊ 'ဒိုး . . . ဒိုး' သူ သတိလစ်နေတယ်။

'ဘယ်မှာလဲ . . . ဘယ်မှာလဲ'

'ဒီမှာ . . . ဒီမှာ'

'ဆွဲထုတ်မှ ရမယ်ဗျ'

'ဖြည်းဖြည်းလုပ်ပါရှင့်'

ကယ်တင်သူများက 'ဒိုး'ကို လဲကျနေသော ကားအောက်မှ ဆွဲထုတ်လိုက်ကြကာ ကားတစ်စီးပေါ် တင်လိုက်ကြသည်။

'အဲဒီကား လူပြည့်ပြီ၊ အရင်သွားတော့၊ ဆေးရုံကြီးကိုတန်းမောင်း'

အမိန့်ပေးသံတစ်ခု။

'နှင်း' ပါ ကားပေါ်တက်လိုက်သည်။

'ဒိုး' ကိုရင်မှာပွေ့ထားလိုက်သည်။ 'ဒိုး'၏ခေါင်းမှာ၊ မျက်နှာမှာ၊ လက်တွေမှာ၊ သွေးများချင်းချင်းနီနေ၏။

'နှင်း' သူ့ကိုယ်သူ သတိမထားနိုင်။ သူမဘယ်နေရာတွင် ဒဏ်ရာရနေသည်ကို မကြည့်နိုင်။ ခရီးဆောင်အိတ်များ ဘယ်မှာကျန်ခဲ့သည် မတွေးနိုင်။

'ဒိုး . . . ဒိုး'

မျက်ရည်တွေဖြင့် 'ဒိုး' ကိုလှုပ်၍ခေါ်သည်။

'ဒိုး' ကားမလှုပ်။

ကားလေးသည် အမြင့်ဆုံးစံချိန်ဖြင့် အမှောင်ကိုခွင်းလျက် ပြေးနေ၏။ အခင်းဖြစ်ရာနေရာက နောက်တွင် ကျန်ခဲ့ပြီ။

♛ ♛ ♛

❒

'ရေ . . . ရေ . . . ရေပေးပါ'

'ဒိုး' အော်ဟစ်တောင်းခံလိုက်သည်။ မှန်သည်လေ၊ ပြေးခဲ့ရလွန်းသဖြင့် မောပန်းကာ အာတွေခြောက်နေ၏။

'ဟော . . . သူ သတိရလာပြီ' ဟူသော အသံတစ်သံ။

နှုတ်ခမ်းပေါ် အထိအတွေ့တစ်ခုကျလာသည်။ နှုတ်ခမ်းကို ဟလိုက်သည်။ ပါးစပ်တွင်း ရေစက်များကျလာ၏။ ရေကိုအငမ်းမရစုပ်ယူလိုက်မှ အမောတွေ အနည်းငယ်ပြေသွားသည်။

မျက်လုံးတွေကို အားယူ၍ဖွင့်သည်။ အမှောင်ကပါးလျားသွားသည်၊ အလင်းဖျော့ဖျော့က တိုးဝင်လာ၏။ အားလုံးက ဝိုးတဝါး၊ နှင်းပုဝါထုကြီးရှေ့မှ ကာဆီးနေသလို . . .

စူးရှသောအလင်းရောင်တစ်ခုကို မခံနိုင်သဖြင့် မျက်ခွံကိုပြန် ပိတ်လိုက်ရ၏။ အသက်ကို အားပါးတရရှူကြည့်သည်။ အဆင်ပြေသည်။

မောလျှမှုတွေလျော့ပါးကာ အားအင်တွေပြန်ဝင်လာသလို ရှိ၏။

ဒုတိယအကြိမ် မျက်လုံးကိုပြန်ဖွင့်သည်။

မြင်ရပါပြီ။ သို့သော် 'ဒိုး' ၏အမြင်မှာ ပုံရိပ်တွေကဝေဝေဝါးဝါး။ စောစောကထက်ပို၍မူ ထင်သာမြင်သာရှိလာ၏။ အာရုံပိုမိုစိုက်လိုက်သည်။ မြင်ကွင်းတွေပို၍ ပီပြင်လာသည်။

လူနှစ်ယောက် . . . ဆိုရသော် မိန်းမနှစ်ယောက်၊ တစ်ယောက်က ဆရာဝန်မလေးဖြစ်၍ ကျန်တစ်ယောက်က ထဘီအနီဝတ် သူနာပြုဆရာမလေးဖြစ်သည်။ 'ဒိုး' ဆေးရုံရောက်နေကြောင်း သိလိုက်၏။

'သတိရလာပြီလား. . .'

ဆရာဝန်မလေး၏ ကြင်နာသောအသံကို ကြားရ၏။ ခေါင်းညိတ်အဖြေပေးလိုက်သည်။ နှုတ်မှ 'ဟုတ်ကဲ့' ဟုဖြေလိုက်သံမှာမူ မပီမသ၊ ဖျော့တော့တိုးတိမ်စွာ . . .။

ဆရာဝန်မလေးက နားကြပ်ဖြင့် 'ဒိုး' ၏ ရင်ဘတ်ကိုစမ်းသည်။ ပြီး ကျေနပ်ဟန်ဖြင့်

'နှလုံးခုန် ပုံမှန်ဖြစ်သွားပြီ. . .' ဟုဆိုသည်။

'ရှင် ဘာဖြစ်ခဲ့တာလဲ . . . မှတ်မိလား. . .'

ဆရာဝန်မလေး၏အမေး။

'ဒိုး' ပြန်စဉ်းစားသည်။ မှတ်မိပါသည်။ 'ဒိုး' နှင့် 'နှင်း' တို့ ပဲခူးသို့ကားဖြင့်သွားသည်။ လမ်းမှာကားမှောက်သည်။ ကားထဲမှ လူများ ကျွမ်းထိုးမှောက်ခုံဖြစ်ကုန်သည်။ သူ့ခေါင်းသည် တစ်ခုခုနှင့်ပြင်းထန်စွာ ထိမိသည်။

'မှတ်မိပါတယ် ကားမှောက်တာ. . .'

'ဒိုး' ဖြေလိုက်သည်။

'အိုကေ . . . ဒါဆို ရှင့်အတွက် ဘာမှပူစရာမလိုတော့ဘူး။

ခဏနားနေပါ၊ ခဏနေရင် ရှင့်ကိုအခန်းပြောင်းပေးမယ်. . .'

ဆရာဝန်မလေး၏စကား။

'နှင်း'

'ရှင်'

'ဒိုး' နှုတ်မှ ရုတ်တရက်ထွက်သွားသောခေါ်သံနှင့် ဆရာဝန်မလေး၏ အံ့အားတသင့်ထူးသံ။

နှင်း . . . နှင်း ဘယ်မှာလဲ၊ နှင်းဘယ်ရောက်နေလဲ၊ နှင်း . . . ဒဏ်ရာရသလား. . . နှင်း အသက်မှရှိသေးရဲ့လား၊ 'ဒိုး' စိုးရိမ်သွားသည်။ စိုးရိမ်စိတ်ဖြင့် နှုတ်မှ နှင်းနာမည်ထွက်သွားခြင်းဖြစ်၏။

'ရှင် . . . ကျွန်မနာမည်ကို ခေါ်လိုက်တာလား'

'ဗျာ. . .'

'ရှင် . . . ကျွန်မနာမည်ကို ခေါ်လိုက်တာလားလို့'

'ဟာ . . . မဟုတ်ပါဘူး၊ ကျွန်တော့် . . . နှင်းကိုခေါ်တာ'

'ကျွန်မ နာမည်က နှင်း. . . ရှင့်'

'မဟုတ်ဘူး၊ ကျွန်တော်ချစ်သူ နှင်းကိုခေါ်တာ၊ သူ . . . ကျွန်တော်နဲ့အတူ ကားထဲမှာပါလာတယ်'

ဆရာဝန်မလေး သဘောပေါက်သွားဟန်ဖြင့် ပြုံးသည်။

'ယောကျ်ားရော၊ မိန်းမရော လူနာတချို့တော့ရှိတယ်။ လောလောဆယ် အသေအပျောက်မရှိဘူး. . . ရှင် စိတ်မပူပါနဲ့၊ အခု . . . ရှင် အနားယူလိုက်ပါဦး. . . သိပ်လည်းမစဉ်းစားနဲ့၊ ရှင် ခေါင်းမူးနေမယ်. . .'

'ဟုတ်ကဲ့ . . . ခေါင်းတော့နည်းနည်းမူးနေတယ်'

'မူးမှာပေါ့၊ ရှင့် ခေါင်းမှာဒဏ်ရာရထားတယ်၊ ဆေးရုံရောက်လာတော့ ရှင်သတိလစ်နေတာ. . . ကျွန်မတို့က ရှင် သတိမှပြန်လည်လာဦးမလားတောင် စိုးရိမ်နေတာ. . .'

---

'ဩော်. . .'

ဆရာဝန်မလေးပြောမှ 'ဒိုး' ခေါင်းကိုစမ်းရင်း သတိရလိုက်၏။ လက်ကိုလှုပ်လိုက်မှ တစ်ကိုယ်လုံးနာကျင်နေသည်ကို သတိပြုမိသည်။

'အို . . . မလှုပ်နဲ့ဦးလေ . . . ရှင် ငြိမ်ငြိမ်လေးနေပါ။ အခုအချိန်မှာ ရှင် နားနေဖို့လိုသေးတယ်'

'ကောင်းပါပြီ. . .'

'သူ့ကို ဆေးတစ်လုံးထိုးပေးလိုက်ပါ. . .'

ဆရာဝန်မလေးက ဆေးအမည်ကို အင်္ဂလိပ်လိုပြောကာ အနားမှ လှည့်ထွက်သွားသည်။ သူနာပြုဆရာမလေးက အနားတွင်ပြင်ဆင်စရာရှိသည်များ ပြင်ဆင်ပြီး 'ဒိုး'ကို ဆေးတစ်လုံးထိုးပေးသည်။

ဆေးရှိန်ကြောင့်ထင့်။

'ဒိုး' ၏ အာရုံများထုံထိုင်းလာကာ မှေးငိုက်ပြီး မကြာမီပင် အိပ်ပျော်သွားခဲ့သည်။

အိပ်မပျော်မီထိ သူ့အာရုံထဲမှာ ရှိနေသည်က နှင်းဖြစ်၏။

နှင်း . . . ဘယ်ရောက်နေလဲ။

နှင်း . . . အသက်ရှင်လျက်မှ ရှိပါသေးရဲ့လား။

နှင်း . . . ဘာမှမဖြစ်ပါစေနဲ့။

နှင်း . . . ဘာ . . . မှ . . . မ . . . ဖြစ် . . .။

## (၂)

## မယုံကြည်နိုင်ဖွယ်ရာအဖြစ်ဆန်း

'ဒိုး' အိပ်ပျော်နေရာမှ ပြန်နိုးလာသည်။ မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ အရာရာသည် ပုံမှန်အတိုင်း ပီပီသသ ထင်ထင်ရှားရှား။ အားတွေကလည်း ပြည့်လာသလိုရှိကာ လူကလန်းဆန်းနေသည်။

ခန္ဓာကိုယ်ကို လှုပ်ရှားကြည့်လိုက်၏။

ကိုယ်လက်တွေ အနည်းငယ်နာကျင်နေသည်မှတစ်ပါး နေရထိုင်ရ အဆင်ပြေသည်ကို တွေ့ရသည်။ ခေါင်းကမူ အနည်းငယ်နာနေသည်။ လက်ဖြင့်စမ်းလိုက်တော့ ခေါင်းမှာပတ်တီးစည်းထားသည်ကိုတွေ့ရ၏။

'နှင်း. . .'

ရုတ်တရက် ခေါင်းထဲသို့အသိဝင်လာသည်။

နှင်း . . . ချစ်သောနှင်း၊ နှင်း ဘယ်မှာလဲ. . .။

'ဒိုး' ရင်ထဲမှာ စိုးရိမ်စိတ်ဖြင့် ပူလောင်လာ၏။ နှင်းကိုတွေ့ချင်

စိတ်က ကဲလာသည်။ သို့ဖြစ်၍ လဲ့နေရာမှ အသာအယာထ၍ ထိုင်လိုက်မိသည်။

သည်တော့မှ 'ဒိုး' သတိပြုမိသည်။

'ဒိုး'၏ခုတင်သည် ယခင်ခုတင်မဟုတ်တော့။ ယခင်အခန်းလည်းမဟုတ်တော့။ 'ဒိုး' အိပ်ပျော်နေစဉ် အခန်းပြောင်းခဲ့သည်ထင်၏။

ယခုကား ဆေးရုံအခန်းကျယ်ကြီးထဲမှာဖြစ်သည်။ ခုတင်တွေအများကြီးရှိနေသည်၊ ခုတင်တိုင်းမှာလည်း လူနာတွေနှင့်၊ ထိမိ ခိုက်မိဒဏ်ရာရသူများဖြစ်၏။ အချို့ခုတင်များတွင် လူနာနှင့်အတူ လူနာစောင့်များ၊ ဧည့်သည်များ ရှိနေသည်ကိုတွေ့ရသည်။

နှင်း . . . ဘယ်မှာလဲ။

'ဒိုး' သည် အခန်းတစ်ခုလုံးကို အသေအချာ ဝေ့ဝဲအကဲခတ်ကြည့်လိုက်၏။ နှင်းသည်လည်း သူ့လို ဒဏ်ရာတစ်ခုခုရနေလျှင် ဤအခန်းမှာရှိနိုင်သည် မဟုတ်ပါလား။

သို့သော် နှင်းကိုမတွေ့ရ။

သို့ဖြစ်လျှင် နှင်း အဘယ်ကိုရောက်နေသနည်း။

ထိုစဉ်

'ဒိုး'၏မြင်ကွင်းထဲသို့ မိန်းမတစ်ဦးဝင်လာသည်။ အနီရောင်ဝတ်စုံနှင့် ရုပ်ရည်ကြမ်းကြမ်း မိန်းမတစ်ဦးဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်ကြီးဖြစ်သည်။ မျက်နှာမှာ ပွပန်ရိပ်တွေနှင့် . . .

သူမသည် အခန်းကို ဝေ့ဝဲကြည့်နေရာမှ 'ဒိုး'ကိုမြင်သွားလျှင် မျက်နှာတွင် ဝမ်းလက်မှုများပေါ်သွားကာ 'ဒိုး' ရှိရာခုတင်သို့ အပြေးတစ်ပိုင်းရောက်လာသည်။

'အို . . . ကိုမိုးညို . . . ရှင် . . . ရှင့်ခေါင်းမှာ ဒဏ်ရာရထားတယ်၊ မသေကောင်း မပျောက်ကောင်းရှင် . . . တော်ပါသေးရဲ့၊ ကျွန်မက

ရှင့်ကို အသက်နဲ့ကိုယ်တွဲလျက်မှ ပြန်တွေ့ရပါတော့မလားလို့ . . . ဟင့် ဟင့် . . .'

အားပါးတရ ပြောရင်းငို၊ ငိုရင်းက 'ဒိုး'လက်ကိုဆွဲကိုင်လိုက်၏။ 'ဒိုး' ကြောင်သွားသည်။ ဘယ်လိုဖြစ်တာလဲ။ ဒီမိန်းမ လူမှားတာလား။ သူ့ယောကျ်ားက ငါနဲ့ရုပ်ချင်းတူလို့များလား. . ။

'ဒိုး' က သူမ၏လက်ထဲမှ သူ့လက်ကို ဆတ်ခနဲပြန်ရုတ်လိုက်သည်။

'ခင် . . . ခင်ဗျား . . . ဘယ်သူလဲ . . .'

'ဒိုး'အမေးကြောင့် သူမအံ့နည်းငယ် မျက်နှာပျက်သွားသည်။ နားမလည်စွာ 'ဒိုး'ကိုကြည့်သည်။

'အိုး . . . ကျွန်မကဘယ်သူရမှာလဲ . . . ရှင့်မိန်းမလေ . . . ရှင်သိပ်ချစ်တယ်ဆိုတဲ့ ရှင့်အသည်းလေးလေ . . . ဘရဏီလေ'

ဘုရား . . . ဘုရား ဘရဏီတဲ့၊ သူ့မိန်းမတဲ့၊ သူ့သိပ်ချစ်ရတဲ့ အသည်းလေးတဲ့။

မဖြစ်နိုင်တာ။

မျက်နှာပြားပြား၊ မျက်ပေါက်ကျဉ်းကျဉ်း။ ပါးစို့ ထွက်ထွက်၊ နှာခေါင်းလန်လန်၊ နှုတ်ခမ်းထူထူ၊ သူမက ဘရဏီတဲ့၊ ဘရဏီဟု နာမည်ပေးဖို့မသင့်။ မယ်ကာ၀ဏီဟု နာမည်ပေးရမည့် မိန်းမ

'ဟာ . . . ခင်ဗျားကဘရဏီ၊ ဘယ်က . . . ဘရဏီလဲ၊ ခင်ဗျားကို ကျွန်တော်မသိဘူး . . . ခင်ဗျား . . . လူမှားနေပြီ'

'ဒိုး' ပျာပျာသလဲငြင်းပစ်လိုက်သည်၊ ခေါင်းကိုလည်း ခါယမ်းပစ်လိုက်သည်။ ထိုနေရာမှ နောက်ကိုလည်းဆုတ်လိုက်သည်။

ဘရဏီမည်သော ထိုမိန်းမက ရှေ့တိုးလာကာ သူ့လက်ကို ထပ်မံ၍ ဆုပ်ကိုင်လိုက်သည်။ သူ့မျက်နှာကိုလည်း သေသေချာချာကြည့်ကာ . . .

'ကိုဒိုးညို . . . ရှင် ဘယ်လိုဖြစ်နေတာလဲ . . . ခေါင်းကိုထိသွားလို့

ရှင် ကျွန်မကိုမမှတ်မိတော့ဘူးလား . . . ရှင့်ခေါင်းတွေမူးနေလို့လား. . .'

စိုးရိမ်စွာမေးသည်။ သူမ မေးနေပြောနေပုံက အမှန်တကယ် သူ့ယောကျ်ားကို ပြောပုံမျိုးဖြစ်၏။ 'ဒိုး' ခေါင်းနောက်သွားသည်။ မိမိ၏ခေါင်းကဒဏ်ရာနှင့် သိပ်ချစ်သောနှင်းကို မတွေ့ရသည့်ကြားထဲ သည် မိန်းမကတစ်မျောင့်။

'ဒိုး' စိတ်တိုသွားသည်။

'ခေါင်းကမမူးဘူး . . . မှတ်ဉာဏ်မကောင်းတာလည်းမဟုတ်ဘူး ကောင်းတယ် . . . အားလုံးကောင်းတယ် . . . သေချာတယ် ကျွန်တော်ဟာ ခင်ဗျားယောကျ်ား မိုးညိုမဟုတ်ဘူး. . .'

အပြတ်ငြင်းလိုက်သည်။ ခိုင်ခိုင်မာမာငြင်းလိုက်သည်။

ဘရဏီ ခွဲခနဲရယ်သည်။ ဘာဖြစ်တာလဲ၊ သည်မိန်းမ စိတ်မှ ကောင်းရဲ့လား။

'ကျွန်မကလည်းမမှားဘူး . . . လုံးဝ . . . လုံးဝကိုမမှားဘူး ရှင်ဟာ ကိုမိုးညို အစစ်မှ စစ်စစ်စစ်စစ်ကို မည်နေတာ။ ဘယ့်နှယ့်ရှင် ရှင့်ဒီရုပ်ကြီးကို ခွေးချီသွားတောင် ကျွန်မ မှတ်မိတယ်'

ဗုဒ္ဓေါ။ ပြောလေကဲလေ၊ မန်းလေပြဲလေဖြစ်နေပါပြီကော။

'ကျွန်တော်ကလည်း လုံးဝမမှားဘူးဗျ. . . မိုးညိုလုံးဝမဟုတ်ဘူး'

'ကိုမိုးညို . . . ရှင် ကျွန်မကို အတည်ပေါက်နဲ့မနောက်နဲ့နော် ကျွန်မ အော်ငိုမှာ. . .'

'ဟာ . . . အော်တော့မငိုပါနဲ့ဗျာ . . . မဟုတ်လို့မဟုတ်ဘူး ပြောတာပါ'

'ဒီမှာ . . . ရှင် ကိုမိုးညိုဖြစ်ကြောင်း ကျွန်မသက်သေပြရမလား'

ဟော . . . ဟို ဘရဏီမိန်းမချော . . . အဲလေ . . . မိန်းမ ပေါက်ကြီးက အတည်ကြီးပြောချလိုက်ပြန်ပြီ . . . သည်လိုတော့ ဘယ်ရမလဲ။

'ကဲ . . . ဒါဖြင့် ပြ ဘာသက်သေပြမလဲ'

ဘရဏီက သူ့ရင်ဘတ်ကို လက်ညှိုးထိုးကာ

'ရှင့်ရင်ဘတ် ဘယ်ဘက်ရင်အုံကြွက်သားပေါ်မှာ အတိအကျပြော ရရင် နို့သီးခေါင်းလေးအောက်မှာ မှည့်တစ်လုံးရှိတယ်'

ဟုပြောသည်။ သွားပြီ၊ သည့်သက်သေကတော့ ဘရဏီအဖို့ အရှုံးကိုပြမည့်သက်သေ။ 'ဒိုး' ရင်ဘတ် ဘယ်ဘက်ရင်အုံမှာ မှည့်မှ မရှိတာဘဲ။

'ဒိုး'က အင်္ကျီကြယ်သီးကို ဆွဲဖြုတ်ကာ အင်္ကျီရင်ဘတ်ကို ဆွဲ ဖွင့်ပြလိုက်သည်။ ပြောသာပြော့ရတာ အင်္ကျီကိုကြယ်သီးဆွဲဖြုတ်တော့ မှ အင်္ကျီမှာ သူ့အင်္ကျီမဟုတ်ကြောင်း သူသိလိုက်ရ၏။ ဘယ်သူ့အင်္ကျီ သူ့ကိုယ်ပေါ်ရောက်နေပါလိမ့်။

'ဘယ်မှာလဲ . . . မှည့်'

'ဟောဒီမှာ . . .'

ဘရဏီလက်ညှိုးဖြင့်ထောက်ပြ၏။ မြတ်စွာဘုရား။ ဘရဏီပြော သလို မှည့်ကလေးက အထင်အရှား။ ဘယ်လိုဖြစ်တာပါလိမ့်။

'ထပ်ပြီးသက်သေပြရဦးမလား ကိုမိုးညို . . . ရှင့်မြီးညှောင့်ရိုး နားမှာဝက်ခြံဖုကြီးရှိတယ်၊ ခွဲစိတ်ဖို့တောင် ဆရာဝန်ကပြောထားတဲ့ ဖုကြီးလေ . . .'

'မဟုတ်တာ . . .'

'မဟုတ်ရင် ရှင်စမ်းကြည့်'

'ဒိုး' စမ်းလိုက်သည်။ ဟုတ်ပါ့၊ မြီးညှောင့်ရိုးမှာ ဖုကြီးနှင့်။ ဒုက္ခ ပါပဲ၊ ငါဘယ်လိုဖြစ်နေတာလဲ . . . တကယ်ပဲ ငါဟာသူပြောတဲ့ မိုးညို ဖြစ်နေသလား . . . ။မဖြစ်နိုင်တာ။ ငါက 'ဒိုး'ပဲ ဟု သူတွေးသည်။

ဘရဏီကမျက်နှာချို၍

'ကဲ . . . ဘယ်လိုလဲ၊ ကျွန်မထပ်ပြီးသက်သေပြမယ် ရှင့်ပုဆိုးကို ချွတ်ကြည့် . . .'

'ဗျာ. . .'

'ရှင့်ပေါင်ကြားမှာရှိတာ ကျွန်မပြောရဦးမလား'

'ဟာ . . . တော်ပြီ တော်ပြီ မပြောနဲ့တော့ . . . မပြောနဲ့တော့ ပုဆိုးလဲည်းချွတ်မကြည့်ပါရစေနဲ့'

'ဒါဆို ရှင် ကိုမိုးညိုဆိုတာ ဝန်ခံပြီလား'

'အဲဒါကတော့ ဟို . . . ဟို . . .'

ထိုအခိုက်မှာ သူနာပြုဆရာမလေးရောက်လာသဖြင့် စကားစက ပြတ်သွားသည်။

ဘရဏီက ဆရာမလေး၏လက်ကိုဆွဲ၍ ခုတင်နှင့်အတန်ငယ် ဝေးရာဆွဲခေါ်သွားသည်။ ပြီး တိုးတိုးတိုးတိုးနှင့် စကားတွေပြောနေသည်။ ဘရဏီပြောလိုက်၊ ဆရာမလေးက 'ဒိုး'ကိုလှမ်းကြည့်လိုက်နှင့် မိုးညိုပြဿနာကို ပြောနေခြင်းဖြစ်ကြောင်း 'ဒိုး'သိလိုက်သည်။

'အင်း . . . ဒါဆိုရင်တော့ ဒဏ်ရာကခေါင်းမှာရတာမို့ အတိတ်မေ့ သွားတာဖြစ်နိုင်တယ် . . .'

ဆရာမလေး၏ မှတ်ချက်ချသံကို သဲ့သဲ့ကြားရ၏။

အတိတ်မေ့သွားတာဆိုပါလား။ အမှန်ပဲလား။ အတိတ်မေ့သွား၍ မိုးညိုဖြစ်ကြောင်းမမှတ်မိတော့တာလား၊ မဖြစ်နိုင်ပါ။ 'ဒိုး'ဟု မိမိဘာသာ သိနေသည်ဟု သူထင်၏။

'မနက်ဖြန် ဆရာဝန်ကြီး Round လှည့်တဲ့အခါ အနာကိုစစ်ဆေး ပြီးလို့စိတ်ချရရင် ဆေးရုံကတောင် ဆင်းချင်ဆင်းလို့ရမှာပါ။ အတိတ် မေ့နေတယ်ဆိုရင်တော့ သူ အရင်ကရင်းနှီးခဲ့တဲ့လူတွေ၊ အရာဝတ္ထုတွေ နဲ့ ထိတွေ့ပေးလိုက်ရင် မကြာခင် သတိပြန်ရလာမှာပါ၊ မပူပါနဲ့'

ဆရာမလေး၏ ဒုတိယစကား။

စကားဆုံးလျှင် 'ဒိုး'အနီးသို့ ဆရာမလေးရောက်လာကာ ပြောသည်။

'ကဲ . . . ဆေးသောက်ရအောင် . . . ကိုမိုးညို' တဲ့

♛ ♛ ♛

□

ဘာရယ်ကြီးကျေးမွေးသမျှစား၊ ဘာရယ်ကြီးပြောသမျှ ဘာမှမသိဘဲ နားထောင်နေရကာ ဘာရယ်ကြီးပြုသမျှနုခဲ့ရသည့်ဘဝမှ ဘာရယ်ကြီးပြန်သွားခါမှ သာလျှင် ဟင်းချ၍ လွတ်လပ်ခွင့်ရရှိပါတော့သည်။

သည်တော့မှ သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်မိ၏။

ငါဟာ 'ဒိုး'ပဲ။ ငါ့ချစ်သူဟာ 'နှင်း'ပဲ။ ငါတို့ ပဲခူးကိုသွားကြတယ်၊ ကားမှောက်တယ်၊ ငါ့ခေါင်းမှာတစ်ခုခုနဲ့ဆောင့်မိတယ်၊ နောက်တော့ သတိပြန်ရလာတယ်၊ ဘာမှမမှားပါဘူး၊ 'ဒိုး'ဟာငါပဲ၊ ဒါပေမယ့် အခု

ဖြစ်နေတာကတစ်မျိုး။ ငါ့မှာမရှိတဲ့ မှည့်တွေ၊ အဖုတွေ ဘယ်ကပေါ်လာလဲ။ ပြီးတော့ ဘရဏီကသူ့ယောက်ျား ကိုမိုးညိုပါလို့ ငါ့ကို ဘာကြောင့်ပြောတာလဲ၊ သတိမေ့ပြီးပြန်ရလာတာနဲ့ ဘာကြောင့် 'ဒိုး'က 'မိုးညို' ဖြစ်သွားရတာလဲ၊ ပြီးတော့ 'နှင်း'က ဘယ်ရောက်နေတာလဲ။

ဟုတ်ပြီ . . . နှင်းကိုရှာရမယ်။

နှင်းကိုတွေ့လည်းတွေ့ချင်တယ်၊ ပြီးတော့ ငါဟာ'ဒိုး'ဖြစ်ကြောင်း 'နှင်း'က မုချမသွေသိမှာပဲ၊ အတည်ပြုနိုင်မှာပဲ။

အတွေးနှင့်အတူ 'ဒိုး'စိတ်တွေ ဝေ့ပါ့ပါးလန်းဆန်းသွားသည်။

လှဲနေရာမှ ထလိုက်သည်၊ ခုတင်မှဆင်းလိုက်သည်၊ ပြီးလျှင် အခန်း၏အရှေ့ကြောင်းလမ်းအတိုင်းလျှောက်ကာ ခုတင်ပေါ်မှလူနာများကို စေ့စပ်သေချာစွာကြည့်သည်။ စောစောက သူ၏ခုတင်မှကြည့်ခဲ့သည်မှာ အဝေးကြည့်ဖြစ်၍ မသေချာ။

ထို့ကြောင့် အနီးကပ်လိုက်ကြည့်ခြင်းဖြစ်သည်။

တစ်ခန်းလုံးကြည့်ပြီးသွားသည်၊ 'နှင်း'မရှိ၊ 'နှင်း'ကိုမတွေ့ရ။

သည်အခန်းမှာမရှိလျှင် တခြားအခန်းတစ်ခုခုမှာရှိနိုင်သည်။ နှင်းကိုယ်တိုင် အနာဒဏ်ရာရသူ ဝေဒနာသည်ဖြစ်နေလိမ့်မည်၊ အကယ်၍ 'နှင်း'ဘာမှမဖြစ်ခဲ့လျှင် သူ့ထံရောက်လာမည်မုချ။

အခန်းမှထွက်လိုက်သည်။

စင်္ကြံမှနေ၍ ဘေးဘယ်ညာမျှော်ကြည့်လိုက်သည်။ စင်္ကြံမှာ လူအသွားအလာ အနည်းငယ်ရှိနေ၏။ တစ်ဖက်သို့ 'ဒိုး'ထွက်လာခဲ့သည်၊

သည်မှာပင် . . .

စင်္ကြံ၏ထောင့်ချိုးအကွေ့မှ မိန်းကလေးတစ်ယောက်နှင့် သူနာပြုဆရာမလေးတစ်ဦး ဘွားခနဲပေါ်လာကာ သူ့ဘေးမှဖြတ်သွားသည်။

'သူ . . . ခုထိသတိမရသေးဘူး၊ သူဘယ်တော့မှ သတိပြန်ရလာမှာလဲဟင် . . .'

'စောင့်ကြည့်ရမှာပဲ . . . တစ်ရက်နှစ်ရက်အတွင်း သတိရလာနိုင်သလို တစ်လကိုးသီတင်းကြာချင်လည်းကြာနေမှာ . . .'

'အို . . . ဒုက္ခပါပဲ'

ထိုမိန်းကလေး၊ အနီမိန်းကလေးကား အခြားသူမဟုတ်၊ သူချစ်သော 'နှင်း'၊ 'ဒိုး'၏ချစ်သူ 'နှင်း'ပါတကား။

'နှင်း . . .'

အံ့အားတသင့်ရှိနေရာမှ သူလှမ်းခေါ်လိုက်သည်။

ထိုအချိန်တွင် 'နှင်း'နှင့် သူနာပြုဆရာမလေးသည် သူ့ကိုကျော်သွားပြီဖြစ်၏။ စကားပြောရင်းကျော်သွားသဖြင့် သူ့ကို အမှတ်မဲ့ဖြစ်သွားဟန်တူသည်ဟု 'ဒိုး'ထင်သည်၊ ထို့ကြောင့် သူလှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

'ဒိုး'၏ခေါ်သံကြောင့် လွန်သွားသော 'နှင်း'လှည့်ကြည့်သည်။ စကြံန်မှာ ယခုအချိန်၌ သူတစ်ယောက်တည်းရပ်နေရာ 'နှင်း'အကြည့်က သူ့ထံရောက်လာ၏။

'နှင်း' အံ့အားတသင့် မျက်ဝန်းတွေပိုင်း၊ နှုတ်ခမ်းတွေဟကာ ဝမ်းသာပျော်ရွှင်ခြင်းအရိပ်တွေ မျက်နှာပေါ်ပြေးတက်လာပြီး

'အို . . . 'ဒိုး'မဟုတ်လား ဒိုး . . . နိုး ရှာလိုက်ရတာ . . . ဒိုးရယ်' ဟု သူ့ထံပြေးလာလိမ့်မည်ဟု . . .

သူ ထင်မှတ်ထားခဲ့၏။

သူ မျှော်လင့်ထားခဲ့၏။

သို့သော် . . . မဟုတ်ပါ။ အထင်နှင့်အမြင်ကား လုံးဝဆန့်ကျင်များပွင်းခဲ့၏။

'နှင်း'သည် သူ့မျက်နှာကိုကြည့်ပြီးနောက် ဘေး ဘယ်ညာ ခေါင်း တလှည့်လှည့်ဖြင့် ကြောင်တောင်တောင်ကြည့်သည်။ ပြီးလျှင် ဘာမှ မဟုတ်သလိုပြန်လှည့်သွားကာ ဆရာမလေးနှင့် စကားပြန်ပြောသည်။ ခြေလှမ်းတွေ ပြန်စ လှမ်းသည်။

'ဒိုး' မနေနိုင်တော့။

ရပ်နေရာမှ 'ဒိုး' 'နှင်း'နောက်သို့ပြေးလိုက်သွားသည်။ ပြီးလျှင် 'နှင်း'ရှေ့မှပိတ်ရပ်လိုက်သည်။

'နှင်း. . .'

ရှေ့မှ ပိတ်ရပ်ထိုက်ခြင်းကြောင့်လည်းကောင်း၊ နာမည်ကိုခေါ် လိုက်သောကြောင့်လည်းကောင်း၊ 'နှင်း'ခြေလှမ်းတွေ တုံ့ခနဲရပ်ကာ အထိတ်တလန့် သူ့ကိုကြည့်သည်။ သို့သော်အကြည့်က အကြည့်စိမ်း။

'နှင်း. . .'

'ဒိုး'က အားရဝမ်းသာထပ်၍ခေါ်သည်။ စိတ်ထဲမှာလည်း 'နှင်း' ဘာတွေကြောင်အမ်းအမ်းဖြစ်နေတာလဲဟု သံသယဖြင့်တွေးသည်။

'နှင်း' က သူ့ကိုပြန်ကြည့်က

'ရှင်က နှင်းကိုသိလို့လား'

ပြန်မေးသည်။ စကားကလည်း စကားစိမ်း။

'ဟာဗျာ . . . နှင်းကနောက်ပြီ၊ ကိုယ်လေ . . . ကိုယ် . . . ဒိုး'

'ဘာ. . .'

'နှင်းချစ်သူ . . . ဒိုးလေ'

'ဘာရှင့်. . .'

'နှင်း'က ဒုတိယအကြိမ် မယုံနိုင်စွာ လွှတ်ခနဲအော်သည်။ ခေါသ ခိုပ်ကလေးပင် စွန်းထင်းလာသည်။

'နှင်း' ဘာဖြစ်နေတာလဲ'

သူက အားမလို အားမရဖြစ်ကာ 'နှင်း'လက်ကိုလှမ်းဆွဲသော အခါ 'နှင်း'က အလန့်တကြားနောက်ကိုဆုတ်သည်။

'ရှင် . . . ဘယ်သူလဲ၊ ရှင့်ကို ကျွန်မ . . . မသိဘူး'

တင်းမာပြတ်သားစွာပြောသည်။ သူ့ရင်ထဲ နင့်ခနဲခံစားလိုက်ရ၏။ တစ်ခုခုတော့မှားယွင်းနေပြန်ပြီ။

'နှင်း ဘာဖြစ်နေတာလဲ ခေါင်းတွေဘာတွေဒဏ်ရာရပြီး ကိုယ့်ကိုတောင် မမှတ်မိတော့တာလား'

ဘေးမှ ဆရာမလေးက နားမလည်နိုင်စွာ ငေးကြောင်ကြည့်နေ၏။

'ရှင် . . . ဘာတွေလျှောက်ပြောနေတာလဲ၊ ရှင့်ကို ကျွန်မမသိဘူး။ ဒီမှာ စိတ်ဆင်းရဲနေရတဲ့အထဲ ဘယ်လိုအူကြောင်ကြားနဲ့ လာတွေ့နေမှန်း မသိဘူး . . .'

'နှင်း'က မျက်နှာကလေးနီကာ စိတ်တိုတိုနှင့် သူ့ကိုဖြတ်၍ ဘောက် ဆတ်ဆတ်ထွက်သွားသည်။ ဆရာမလေးပါ ပါသွားသည်။

'နှင်း . . . နေပါဦး . . .'

သူ ရပ်နေရာမှ 'နှင်း'ဆီသို့ပြေးလိုက်ပါသေး၏။ သို့သော် ခြေကုန်သုတ်သွားသော 'နှင်း' က ပိတ်ထားသောမှန်တံခါးကို တွန်းဖွင့်ကာ အထဲသို့ ဆရာမလေးနှင့်အတူ ဝင်သွားသည်။ မမီလိုက်။

'ဒိုး' အနားရောက်သွားတော့ တံခါးကပြန်ပိတ်သွားသည်။

တံခါးဖွင့်ပြီး အထဲကိုဝင်လိုက်ရရင်ကောင်းမလား။

မဟုတ်သေးပါဘူး၊ 'နှင်း'ကဘာကြောင့် သူ့ကိုမမှတ်မိတာလဲ၊ သူ့ခေါင်းတွေနောက်လာသည်။ အဖြေကိုရှာမရ။

မှန်တံခါးကြီးနားသို့ သူကပ်လိုက်ကာ အထဲသို့ချောင်းကြည့်လိုက်သည်။ မှန်ကအကြည်မို့ အထဲကို အတိုင်းသားမြင်နေရ၏။ ထိုအခန်းကား အထူးကြပ်မတ်ကုသခန်းဖြစ်သည်။

ခုတင်တစ်လုံး။

ထိုခုတင်ဘေးမှာ 'နှင်း' နှင့် သူနာပြုဆရာမလေးရပ်ကာ ခုတင်ပေါ်မှလူနာကို ငုံ့ကြည့်နေကြသည်။

လူနာကို သူလှမ်းကြည့်လိုက်သည်။

ပက်လက်အနေအထားဖြင့် ရှိနေသောလူနာမှာ ပိုက်များတန်းလန်းနှင့်။ နာခေါင်းမှာလည်း အောက်စီဂျင်ပေးထားသော အဖုံးစွပ်လျက်နှင့် ဘယ်သူပါလိမ့်။

'ဒိုး' အသေအချာကြည့်လိုက်သောအခါ . . .

'မြတ်စွာဘုရား . . .'

'ဒိုး'တစ်ကိုယ်လုံး လျှပ်စစ်လေတော်လဲသလို တုန်လှုပ်ချောက်ချားသွားသည်။ ကြည့်နေသော မှန်တံခါးမှပင် အလန့်တကြားမျက်နှာကို ခွာလိုက်မိသည်။

မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး။ ဒါ ဘယ်လိုမှမဖြစ်နိုင်ဘူး။

သူ စိတ်ထဲကငြင်းသည်။

သေချာအောင် 'ဒိုး'က မှန်ပြတင်းမှာ ပြန်ကပ်ကာ ကြည့်ပြန်၏။

မမှားနိုင် . . . အမြင်မမှားနိုင်။

ခုတင်ပေါ်မှလူနာမှာ အခြားသူမဟုတ် 'ဒိုး' 'ဒိုး' 'ဒိုး'

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ နားမလည်နိုင်ခြင်းတို့ဖြင့် သူသည် အယောင်ယောင်အမှားမှား တံခါးကိုဆွဲဖွင့်လိုက်၏။ ပွင့်သွားသောတံခါးမှ အထဲသို့ သူထပ်မံကြည့်လိုက်သည်။

အတိအကျအသေအချာပါပဲ၊ 'ဒိုး' မှ'ဒိုး' အစစ်။

ဒါ . . . ဘယ်လိုဖြစ်တာလဲ၊ ငါက 'ဒိုး' ပဲ၊ အဲဒီကောင်က ဘယ်သူလဲ၊ ဘာကြောင့် သူကငါနဲ့တူနေတာလဲ'။

သူနာပြုဆရာမလေးက လှည့်ကြည့်သဖြင့် ကယောင်ချောက်ချား

ဖြစ်နေသောသူသည် တံခါးကိုပြန်ဆွဲပိတ်ကာ တံခါးကိုကျောမှီပြီး အသ မတာန်ခုန်နေသောရင်ကို ငြိမ်စေရန်ကြိုးစားနေလိုက်၏။

ထိုသို့အမောဖြေ နှလုံးငြိမ်အောင် စိတ်ကိုလျှော့ချပြီး ဖြစ်နေသော ပဟေဠိကို အဖြေညှိကြည့်နေစဉ်

သူ့အကြည့်က ရှေ့တူရူမှ အခန်းတစ်ခန်း၏မှန်တံခါးဆီသို့ ရောက်သွားသည်။ ထိုမှန်တံခါးအတွင်းမှ လိုက်ကာအပြာရောင်တပ်ဆင် ထားပြီး ချထားသည်ဖြစ်ရာ ပြအိုးသုတ်ထားသော မှန်တစ်ချပ်လိုဖြစ်နေ သဖြင့် ထိုမှန်ထဲတွင် သူ့အရိပ်ကို သူပြန်မြင်လိုက်ရ၏။

'အမလေး . . . ဘုရား . . . ဘုရား'

သည်တစ်ခါ ဘုရားတရခြင်းကားအထွဋ်အထိပ်ဖြစ်ပေတော့၏။ အကြောင်းမူ မှန်ထဲတွင်သူမြင်နေရသော **အရိပ်များ** သူမဟုတ်။ 'ဒိုး' မဟုတ်။

ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းမွှေးနှင့် မျက်နှာပြားပြား၊ နှာခေါင်းကြီး ကြီးနှင့် မျက်ပေါက်ကျဉ်းကျဉ်းဖြင့်။

'ဟာ. . .'

သူကား ပဲခူးသွားကားပေါ်မှာတုန်းက သူတို့ရှေ့အလယ်ခုံတန်း တွင်ထိုင်ကာ 'နှင်း'ကို ခိုးခိုးကြည့်နေသောလူ။

ဘယ်လိုဖြစ်ကုန်တာလဲ။

ဘယ်လိုဖြစ်ကုန်တာလဲ။

ငါ ရူးသွားပြီလား။ ငါ 'ဒိုး'မဟုတ်တော့ဘူးလား၊ ဟိုမိန်းမပြော သလို မိုးညှို့ပဲလား။

ဘယ်လိုဖြစ်ကုန်တာလဲ . . .။

ဘယ်လိုဖြစ်ကုန်တာလဲ . . .။

❐

အသက်ရှိသည်ဟု မထင်ရလောက်အောင် ငြိမ်သက်နေသော 'ဒိုး' ကိုကြည့်နေရင်း 'နှင်း'၏မျက်ဝန်း၌ ပေတေရုပ်ဆိုးလူ၏မျက်နှာကို ချက်ခနဲမြင်ယောင်လိုက်သည်။

အဲဒီလူက ဘယ်သူလဲ။

'နှင်း' တဲ့။

သူခေါ်လိုက်တာ၊ သူခေါ်လိုက်တာက ငါ့နာမည်ပဲ၊ ပြီးတော့ သူက ရင်းရင်းနှီးနှီးပုံစံနဲ့ ပြေးလိုက်လာပြီး ငါ့လက်တောင်ဆွဲမယ့်ပုံ နောက်ပြီးတော့ သူကပြောသေး

'ကိုယ်လေ . . . ကိုယ် . . . ဒိုး' တဲ့

'နှင်းချစ်သူ . . . ဒိုးလေ' တဲ့။

'နှင်းဘာဖြစ်နေတာလဲ . . .' ဟုပင် သူကပြန်မေးသေးသည်။

'ခေါင်းတွေဘာတွေဒဏ်ရာရလို့ ကိုယ့်ကိုတောင် မမှတ်မိတော့ ဘာလား' ဟုလည်း သူကမေးခွန်းထုတ်သည်။

သူ့ကိုယ်သူ 'နှင်း' ချစ်သူ 'ဒိုး' ပုံစံမျိုး။

ဘယ်လိုဖြစ်နိုင်မှာလဲ။

'ဒိုး'က ခုတင်ပေါ်မှာ၊ ခုထိ သတိတောင်မရသေးဘူး။

ကားမှောက်သည့်နေရာမှ 'ဒိုး'ကို 'နှင်း'ကိုယ်တိုင် ဗိုင်းဝန်းပွေ

တင်ပြီး ခေါးရုံအရောက်လိုက်လာခဲ့တာ၊ မျက်ခြည်မပြတ် 'နှင်း' စောင့်ကြည့်နေခဲ့တာ။

ဘာကြောင့်သူက သူ့ကိုယ်သူ 'ဒိုး'ဟု လာပြောပါလိမ့်။

စိတ်မကောင်းသူမို့လား။

မဟုတ်သေးဘူး။ သူ့ခေါင်းမှာလည်း ပတ်တီးနှင့်။ သူသည်လည်း ကားမှောက်၍ ဒဏ်ရာရလာသူဖြစ်မည်ထင်သည်။

မျက်နှာကို မြင်ဖူးသလိုတော့ရှိသား။

သူ . . . ဘယ်သူလဲ။

'ဒိုးရယ် . . . မြန်မြန်သတိရပါတော့ကွယ်'

မျက်ရည်များ ပါးပြင်ပေါ်စီးကျလာပြန်သည်။

♛ ♛ ♛

(၃)

# ကြမ္မာငင်ဆန်းလေသမျှ

ဆရာဝန်ကြီးက ဆေးရုံမှဆင်းခွင့်ပြုသည်။ အနာကို ဆေးရုံပြန်လာရန် ရက်ချိန်းပေးသည်။

'ကဲ ကိုမိုးညို သွားကြ . . .'

ဆရာဝန်ကြီးထွက်သွားသည်နှင့် ဘရဏီပြောသည်။ ဆွဲခြင်းကို တစ်ဖက်ကဆွဲရင်း ကျန်လက်တစ်ဖက်က 'ဒိုး' လက်ကို လာတွဲသည်။ လက်ကလက်ကြမ်းကြီးမို့ ရှန်းမည့်ကြံသော်လည်းမရ ဘရဏီက တင်း တင်းဆွဲထားသည်။

'လာလေ . . . ဘာငိုင်နေတာလဲ . . .'

ဘရဏီ စိတ်မရှည်သလို ထပ်ပြောသည်။

သူ့ ခုတင်မှဆင်းလိုက်ရ၏။

သည်အရုပ်ဆိုးဆိုးမိန်းမကို မိုးညိုဘာကြောင့်ကြိုက်ပါလိမ့်။ ငါဆို

လှည့်တောင်မကြည့်ဘူးဟု သူတွေးသည်။ ဒါပေမယ့် မေတ္တာတရားဆို တာ ဘာပြောလို့ရမှာလဲ။ ကိုယ်ကချစ်လျှင် သူက နတ်သမီးလေးဖြစ် နေမှာပေါ့။

ယခုတော့ ဇိုးအရဏီ ရုပ်ဆိုးမကြီးနောက် 'ဒိုး'လိုက်သွားပြီ။ ဇကြံနီမှနေ၍ ခပ်ဖြည်းဖြည်းလျှောက်လာရင်း မနေ့က 'နှင်း' ကိုတွေ့လိုက်သော အထူးကြပ်မတ်ကုသခန်းရောက်တော့ စိတ်ကိုထိန်း မရ။

ခပ်ဟဟပွင့်နေသော တံခါးမှ အတွင်းသို့ လှမ်းကြည့်လိုက်သည်။ ခြေလှမ်းတွေတန့်သွား၏။

ဒိုးကား မနေ့ကအခြေအနေပင် ပိုက်တန်းလန်းနှင့် အောက်ဆီ ဂျင်ပေးထားရဆဲ။

ခုတင်ပေါ်ရှိ 'ဒိုး'ဘေးမှာ 'ဒိုး'လက်ကိုကိုင်၍ 'နှင်း'ကထိုင်ကာ 'ဒိုး'မျက်နှာကို စိုက်ကြည့်နေသည်။ သူ့စိတ်ထဲမှာ အမည်မသိဝေဒနာ တွေ လွန့်လူးပြေးလွှားသွား၏။ တကယ်တော့ ငါ့ဘေးမှာ 'နှင်း' က အဲဒီလိုနေပြီး ငါ့လက်ကိုဆုပ်ထားရမှာ၊ ငါ့မျက်နှာကို ကြည့်နေရမှာ၊ ခုတော့ . . .။

'နှင်း'ဘေးမှာ လူတစ်ယောက်ရပ်နေသည်။ မိန်းမကြီးဖြစ်၏။ အသက်ငါးဆယ်ကျော် ဆံပင်ဖြူစရွယ်။ မျက်နှာပုံပန်းက 'ဒိုး'နှင့် ဆင် ဆင်တူ၏။

'အမေ . . .'

သူ့နှုတ်မှ လွှတ်ခနဲအသံထွက်သွားသည်။ မျက်ရည်က ဝဲခနဲ ဖြစ်လာသည်။ အမေ့ကိုသွား၍ တွေ့မည်စိတ်ကူးသော်လည်း အမေက သူ့ကိုသိမည်မထင်။

'ကိုမိုးညို ဘာလဲ . . .၊ ရှင် ကျွန်မကိုခေါ်လိုက်တာလား'

---

ဘရဏီက အသံကို ဗလုံးဗထွေးကြားလိုက်ပုံရ၏။ မေးသည်။

'ဟာ ... ခင်ဗျားကို ကျွန်တော်က ဘာကြောင့် အမေလို့ ခေါ်ရမှာလဲ ...'

'မသိဘူးလေ၊ ရှင်ပဲခေါ်တာကို'

'ခင်ဗျားကိုခေါ်တာမဟုတ်ဘူး။ ဟိုမှာ ... ကျွန်တော့်အမေ'

ဘရဏီ ခစ်ခနဲရယ်သည်။ ရယ်ပြန်တော့မျက်လုံးတွေပိတ်ပြီး ခေါ်သောသွားတွေက ပြူးခနဲပေါ်လာသည်။

'အဲဒါ ရှင့်အမေမှမဟုတ်တာ၊ ရှင့်အမေက ရှင်ငယ်ငယ်ကတည်းက ဆုံးသွားတာ ...'

'ဘာ ...'

'ကဲ ... လာပါ ... သွားကြမယ်၊ အိမ်ကျမှ အေးအေးဆေး ဆေးအနားယူလိုက်ပါ။ စိတ်ထဲမှာ ဟိုတွေးဒီတွေးလျှောက်မတွေးနဲ့၊ စောစောက ဆရာဝန်ကြီးက ပြောသွားတယ်မဟုတ်လား ...၊ ခင်ဗျား ဒီနေ့ ကောင်းကောင်းပြုစုလိုက်ရင် ခင်ဗျား အမြန်ဆုံးပျောက်သွားမှာတဲ့ ဟုတ်တယ်မဟုတ်လား ... အဟီ ...'

သူ့စိတ်ထဲ ချဉ်ပြုံးပြုံးဖြစ်သွားသည်။ ဒီမိန်းမက ရုပ်ဆိုးရုံမက ပေါ်လည်းပေါ်သေးတယ်။ ကျုပ်မှုပြည့်ရဲ့လားမသိ၊ ငါတော့ ဒီမိန်းမနဲ့ ဘယ်လိုရှေ့ဆက်သွားရမလဲ မသိဘူး။ တောက် ... ပြန်သတိမရလာဘဲ တစ်ခါတည်းသေသွားတာကမှ ကောင်းဦးမယ် ... ဟုအတွေးတွေ ဝင်သည်။

ယခုမှ ဒုက္ခပဲဖြစ်၏။ ချစ်သူနှင့်ဝေးရသောဒုက္ခ၊ မချစ်သူနှင့် နေရသောဒုက္ခ၊ ခေါင်းကအနာကဒုက္ခ၊ မိုးညိုဖြစ်ရတာဒုက္ခ၊ လောက ကြီး၏ ဒုက္ခတွေချည်းပါတကား ...

'ကိုနီညို ... လာ ငေးမနေနဲ့ ... သွားမယ် ...'

ဘရဏီဆွဲခေါ်ရာသို့ သူပါသွားရသည်။ အမေနှင့် 'နှင်း'က သူ့မြင်ကွင်းမှပျောက်ကွယ်သွားသည်။

'လှေကားကို ဖြည်းဖြည်းဆင်း . . . ချော်ကျမယ်၊ ကျွန်မလက်ကိုပြန်ကိုင်ထားလေ၊ ဖက်ချင်ရင်လဲဖက်ထား . . .'

မရွှေဘရဏီက သိပ်ပြီး ကြင်နာနေပြန်သည်။

♛ ♛ ♛

❐

အငှားကားကလေးက ရပ်ကွက်တွင်းဝင်လာကာ ခနီမိုး၊ ထရံကာ၊ သုံးပင်အိမ်ကလေးတစ်လုံးရှေ့မှာရပ်သည်။ ဘရဏီက ကားခရှင်းပေးသည်။

'ဟဲ့ ကိုဗိုးညို အိမ်ရောက်ပြီ၊ ဖြည်းဖြည်းဆင်း . . .'

မဆင်းဘဲ ငေးကြောင်ကြည့်နေသော 'ဗိုး'ကို ဘရဏီကပင်တွဲ၍ ကားပေါ်မှချသည်။ သူ ဘယ်ရောက်နေပါလိမ့်၊ ဒါ သူ့အိမ်ဆိုပါလား၊ ပြဿနာပဲ။

ကားပြန်ထွက်သွားသည်။

'လာ . . . ဖြည်းဖြည်းလျှောက် ကိုမိုးညို၊ ခလုတ်တိုက်လဲလို့ ထပ်ပြီး သတိမေ့သွားဦးမယ် . . .'

'မေ့သွားတော့လည်းကောင်းတာပဲ၊ တစ်ခါတည်းအသက်ထွက်သွားရင် ပိုတောင်ကောင်းသေး . . .'

သူအငေါ်တူးပြောလိုက်သည်။

'အို ရှင် . . . ဘယ်လိုပြောလိုက်တာလဲ၊ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ ရှင်အခုလိုဖြစ်တာတောင် ကျွန်မရင်ထဲမှာ မီးပုံကြီးမြှိုထားရသလိုဖြစ်နေတာ၊ ရှင်ပြောသလိုသာဖြစ်သွားရင် ကျွန်မရင်ကွဲနာကျသေမလား မသိဘူး . . .'

အားပါး ကောင်းလိုက်တဲ့စကားတွေ။ သူသာ မိုးညိုအစစ်အမှန်ဆိုလျှင် 'ဟတ်ထိ' သွားနိုင်သည်။ ယခု သူပင်လျှင် ဘရဏီကို နည်းနည်းတော့နားလည်မှုရှိသွားသည်။ ဒီမိန်းမက အရုပ်ဆိုးပေမယ့် သူ့ယောကျ်ားကိုတော့ အတော်ချစ်ရှာသားပဲ။

ထိုအခိုက်မှာပဲ ဖြစ်သည်။

'ဒိုး' ၏တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်သွားသည်။ အနားမှာ တစ်စုံတစ်ယောက်ဖြတ်သွားသလို ခံစားလိုက်ရသည်။ လေးတိုးသွားသည်။ ကြက်သီးမွေးညင်းတွေ ဖြန်းခနဲထသွားသည်။

ဘာဖြစ်တာလဲ။

သစ်ပင်တွေငြိမ်လျှက်သား။ လေလည်းမတိုက်၊ ပြီးတော့ နေက ပူနေသည်။ ဘယ်လိုလုပ် စိမ့်ခနဲဖြစ်ရတာလဲ။

'ဝုတ် . . . ဝုတ် . . . ဝုတ် . . .'

'အူ . . . ဝူး . . . ဝူး . . .'

အရေးထဲမှာ ခြံထဲကခွေးပိန်မတစ်ကောင် ပြေးထွက်လာကာ

သူ့တို့ရှိရာကိုပျောင်သည်။ ပျောင်ရုံမက ဆွဲဆွဲငင်ငင်အူလိုက်သေး သည်။ ခွေးပိန်မ၏ ဟောင်သံ အူသံကြောင့် အခြားသောအိမ်များမှ ခွေးများထွက်လာကာ တဝုတ်ဝုတ်ဟောင်၊ တဝူးဝူးပိုင်းအူကြရာ တစ် လမ်းလုံး ခွေးဟောင်သံ၊ အူသံများဖြင့် ဆူညံသွားသည်။

'ဟဲ့ . . . မက်ဒေါနား ဘာဖြစ်နေတာလဲ၊ တိတ်စမ်း . . . တစ်မိုး မဟုတ်အချိန်နဲ့ လျှောက်ဟောင်နေတယ်၊ ဒါ နင့်အဖေဟဲ့ . . .'

ဘရဏီက ခွေးပိန်မကိုလှမ်း၍ မောင်းသည်။ ခွေးပိန်မနာမည်က မက်ဒေါနားဆိုပါလား။ ပြီးတော့ ပြောလိုက်ပုံက သူကမက်ဒေါနားအဖေ တဲ့၊ လုပ်လိုက်ဘရဏီရေ။

'လာ . . . ကိုမိုးညို'

ဘရဏီက သူ့ကိုတွဲပြီး ခြံထဲခေါ်သွားသည်။

ခွေးပိန်မ မက်ဒေါနား သူတို့နောက်ပါမလာဘဲ စောစောကနေရာ မှာပင်ရပ်ကာ စောစောက သူတို့ရပ်နေသောနေရာကိုပင် ကြည့်၍ ထိုး ဟောင်ဆဲ။

'ဝုတ် . . . ဝုတ် . . . ဝုတ်'

မက်ဒေါနားဘော်ဒါတွေကလည်း မက်ဒေါနားနှင့်သံပြိုင်လိုက်၍ ဟောင်နေဆဲ။

'မက်ဒေါနား ဘာဖြစ်နေမှန်းမသိဘူး ဆန်းတယ်'

အိမ်တံခါးကိုသော့ဖွင့်ရင်း ဘရဏီမှတ်ချက်ပြုသည်။

မှန်သည်။ ခွေးဆိုသည်မှာ သခင်ကိုသိသည်၊ ဟောင်လေ့မရှိ ပြီးတော့ ယခု သူတို့အိမ်ထဲရောက်သည့်တိုင် မက်ဒေါနားက ခြံပြင်မှာ ဟောင်၍ကောင်းဆဲ။ မက်ဒေါနားဘာကိုဟောင်နေပါလိမ့်၊ ဘရဏီပြော သလို ဆန်းတော့ဆန်းနေသည်ဟု 'ဒိုး' တွေးမိ၏။

'ဟာ . . .' မိုးညို၏ဝိညာဉ်များ လိုက်ပါလာလေသလား။ ဒါ

သူ့အိမ် သူ့အိမ်မို့ မိုးညိုပြန်ရောက်လာလေသလား။

'ဒိုး'၏ခေါင်းထဲသို့ အတွေးတစ်ခု ဖျတ်ခနဲဝင်သည်။

အို ဒါလည်းဟုတ်ချင်မှဟုတ်မှာပါ။ ငါ့အတွေးတွေကြောင်နေတာပဲ ဖြစ်မှာပါ ဟု 'ဒိုး'စိတ်ကိုလျှော့ကာ သက်ပြင်းချသည်။

မက်ဒေါ်နားအဟောင်မရပ်သေး။ တစ်လမ်းလုံးခွေးအူသံတွေ ညံနေဆဲ။

'ကိုမိုးညို အဲဒီကုလားထိုင်မှာထိုင်ဦး။ ပြီးရင် ကျွန်မအိပ်ယာပြင်ပေးမယ် . . .

ဘရဏီက သူ့ကိုပက်လက်ကုလားထိုင်တစ်ခုပေါ်မှာ အသာအယာထိုင်စေသည်။ ချေးထူလပျစ်နှင့် အနည်းငယ်စုတ်နေသော ကုလားထိုင်ဖျင်ကိုကြည့်ပြီး သူစိတ်ညစ်သွားသည်။ လူကစိတ်ပန်း ကိုယ်ပန်းဖြစ်နေ၍ မငြင်းမဆန်ထိုင်ချလိုက်မိတော့၏။

ပြီးလျှင် တစ်အိမ်လုံးဝေ့ဝဲအကဲခတ်လိုက်သည်။

ဘုရားစင်က ခနော်ခနဲ့၊ ဆင်းတုတော်ပင်မရှိ။ ဘုရားရုပ်ပုံကားချပ်တစ်ခုပဲရှိသည်။ ပန်းအိုးတွေကလည်း အညှိုးညှိုးအချောက်ချောက်။

အိမ်တွင်းနန်းဘောင်တစ်ခုကိုလည်းတွေ့သည်။ အိမ်တွင်းပန်းအိုးရှိ သပြေပန်းတွေကလည်း ချောက်လျှက်။

ပြီးတော့ ခေါင်းရင်းခုံတစ်ခုပေါ်မှာ တီဗွီတစ်လုံးရှိနေ၏။ ခုံအောက်မှာ မဂ္ဂဇင်းဟောင်းအချို့ တင်ထားသည်ကိုတွေ့ရ၏။ အိမ်ရှေ့ခန်း၏အဆင်အပြင်မှာ ဤမျှသာ။

'တယ် . . . ဒီခွေးမဟာ . . .

အိမ်ရှေ့မှအသံတစ်သံကြားရ၏၊ အော်ငေါက်သံဖြစ်၏။ တစ်ဆက်တည်းမှာပင်

'ကိန် . . . ကိန် . . .

ခွေးပိန်မ မက်ဒေါ်နား၏ နာကျင်စွာအော်သံကိုပါ ကြားရသည်။ အသံရှင်သည် ခွေးပိန်မကို ခဲနှင့်ထုလိုက်လေသလား၊ တုတ်နှင့်ရိုက်လိုက်လေသလား တစ်ခုခုပါပဲ။ ခွေးပိန်မ အဝေးသို့ပြေးသွားဟန်တူ၏။ အသံပျောက်သွား၏။ ခဏကြာမှ ခွေးပိန်မဟောင်သံ ခပ်ဝေးဝေးမှ ပြန်ပေါ် လာပြန်သည်။

'ဘရဏီ ... မိုးညိုပြန်ရောက်ပြီလား'

အသံနှင့်အတူ ခြံထဲသို့ဝင်လာသောလူတစ်ယောက်။ မက်ဒေါ်နားကို မောင်းထုတ်ခဲ့သောသူ ဖြစ်မည်ဟုထင်ရသည်။

'ရောက်ပြီ ... ကိုချစ်တီးရေ'

အိမ်ထဲမှ ပြန်အော်ပြောလိုက်သော ဘရဏီအသံ။

အသံရှင် ကိုချစ်တီး အိမ်ပေါ်တက်လာသည်။

ထို ကိုချစ်တီးကို 'ဒိုး' မသိ။ ဘယ်သိမလဲ၊ ဒိုးက မိုးညိုမှမဟုတ်ပေဘဲ။ မိုက်ရွှဲရွှဲ၊ ပုပု၊ နှာခေါင်းချွန်ချွန်၊ နဖူးပြောင်ပြောင်၊ အသားမည်းမည်းနှင့်မို့ ချစ်တီးနာမည်နှင့်တော့ လိုက်ဖက်လှသည်။

'နေကောင်းသွားပြီလား ... မိုးညို'

ကိုချစ်တီးက သူ့ထက်အသက်ကြီးပုံရ၏။ မိုးညိုဟုခေါ်၍ ရင်းရင်းနှီးနှီးစကားဆိုသည်။ သူထိုင်နေရာ ပက်လက်ကုလားထိုင်၏ဘေးကြမ်းပြင်မှာ ဖုန်းခနဲဝင်ထိုင်သည်။

'ဟုတ်ကဲ့ ...'

ငြီးငြီးရော အေးပြီးရောသဘောဖြင့် သူဖြေလိုက်သည်။

'တော်သေးတာပေါ့ကွာ၊ ခေါင်းမှာဒဏ်ရာရရုံပဲမို့၊ ကားတွေစီးရတာ အဲသလိုပဲကွ၊ အသက်ကိုအပေါင်ပေးစီးရသလိုပါပဲ၊ ရမ်းသလားကြမ်းသလားမမေးနဲ့၊ ဒါကြောင့် ဖြစ်လိုက်ရင် အသည်းအသန်ပဲ ...'

ကိုချစ်တီးစကား။ သူဘာမှပြန်ပြောစရာမလို၍ ငြိမ်နေလိုက်သည်။

'မင်းသွားတဲ့ညက . . . အဲ . . . မင်းကားမှောက်တဲ့ညက ငါလဲ ထူးဆန်းတယ်လို့တော့ထင်သားကွ . . .'

'ဒိုး' နည်းနည်းစိတ်ဝင်စားသွားသည်။

'ဘာထူးဆန်းတာလဲ . . .'

'ည ကိုးနာရီကျော် ဆယ်နာရီလောက်မှာ မက်ဒေါ်နားကထပြီး ဗူးစူးဝါးဝါးကိုဟောင်တာ၊ ဟောင်လည်းဟောင် . . . အူလည်းအူပေါ့ကွာ၊ ငါထကြည့်တော့ ခြံဝကိုကြည့်ပြီးဟောင်တာကွ၊ ဘရဏီကလည်းမောင်း ငါလည်းလေးခွနဲ့ပစ်ပေါ့ကွာ၊ မက်ဒေါ်နားက ငြိမ်သွားလိုက်၊ ပြန်ဟောင် လိုက်နဲ့ တစ်လမ်းလုံးခွေးတွေကလည်း လိုက်ပြီးဟောင် လိုက်ပြီးအူကြ တာပေါ့ကွာ။ တစ်ညလုံးလိုလိုပါပဲ၊ ငါတို့ကောင်းကောင်းအိပ်လို့မရဘူး၊ ငါ့အထင်တော့ မင်းတို့ကားမှောက်ပြီး မင်းသတိမေ့နေတုန်း မင်းဝိညာဉ် က ဒီအိမ်ကိုပြန်ရောက်လာတာလားမသိဘူး . . .'

ဖြစ်နိုင်သည်ဟု 'ဒိုး'တွေးလိုက်မိသည်။ 'ဒိုး'သည်လည်း သတိ မေ့သွားချိန်တွင် အိပ်မက်လိုလို ဘာလိုလိုနှင့် ထူးထူးဆန်းဆန်းတွေ တွေ့ကြုံခဲ့ရသည်ပဲ၏။ မိုးညိုသည်လည်း ခေါင်းကိုထိခိုက်မိပြီး သတိမေ့ သွားခဲ့ကာ ဝိညာဉ်လျှောက်သွားနေခြင်းဖြစ်နိုင်ရာ၏။

'လူ့စိတ်ဆိုတာ အစွဲအလန်းကြီးတယ်ကွ၊ မင်းက ခရီးထွက်ရင် မင်းမိန်းမကိုသိပ်စိတ်ချတာမဟုတ်ဘူး မဟုတ်လား၊ မင်းဝိညာဉ်က အိမ်ကို ပြန်ရောက်လာတာဖြစ်နိုင်တယ် . . .'

'ဒါဆိုရင် . . . အခု ခွေးပိန်မဟောင်တာကရော . . .'

'အေး . . . အဲဒါတော့ မပြောတတ်ဘူးကွ'

ကိုချစ်တီးက ပြောင်သောသူ့နဖူးကိုပွတ်နေရင်း စဉ်းစားနေပုံရ သည်။ 'ဒိုး' စိတ်ထဲမှာမူ . . .

ကိုချစ်တီးစကားက ဖြစ်နိုင်ချေရှိတယ်၊ ဟိုညကလာတာကလည်း

မိုးညှိဝိညာဉ်ဖြစ်မှာ၊ ငါဟာ သူ့ဝိညာဉ်ထဲရောက်နေပြီး သူက သူ့ကိုယ်ထဲပြန်ဝင်မရဖြစ်နေပုံရတယ်၊ ဒါကြောင့် သူ ဒီနားမှာဝဲလည်နေတာပဲဖြစ်မှာ . . . ဟုတွေးသည်။ သူ့အတွေးမှန်မမှန်တော့ သူမသိ၊ သူ့အတွေးနှင့်သူကတော့ ယုတ္တိတန်နေသည်ထင်၏။

ဘရဏီ အိမ်ထဲမှပြန်ထွက်လာကာ

'ကိုမိုးညှို . . . ရှင် သူ့ကိုသိတယ်မဟုတ်လား'

'ဒိုး' အနားမှာဝင်ထိုင်၍မေးသည်။

'မသိဘူး . . .'

ဘရဏီ ကိုချစ်တီးကိုလှမ်းကြည့်ပြီး

'တွေ့လား ကျွန်မပြောတာဟုတ်တယ်မဟုတ်လား၊ ဆရာဝန်ကြီးကတော့ ခေါင်းကိုထိမိလို့ အတိတ်မေ့သွားတဲ့သဘောရှိတယ်တဲ့၊ တဖြည်းဖြည်းတော့ ပြန်သတိရလာမှာတဲ့' ဟုပြောသည်။

'မိုးညှို . . . မင်း ငါ့ကိုတကယ်မသိဘူးလား'

ကိုချစ်တီးအမေး။

'မသိဘူး . . .'

'ဒါဆို သူ့ကိုကော . . .'

ကိုချစ်တီးက ဘရဏီကို လက်ညှိုးထိုးပြသည်။

'သူ့ကိုလည်းမသိဘူး . . .'

'အဲဒါ မင်းမိန်းမကွ . . .'

'သူကလည်း အဲဒီလိုပြောတာပဲ . . .'

'ဘရဏီတောင် မင်းမမှတ်မိဘူးလားကွာ၊ မင်းသိပ်ချစ်လို့ ဘရဏီလို့ နာမည်ပြောင်းပေးထားတာ . . .'

'မဖြစ်နိုင်ဘူး၊ ဒီရုပ်ကြီးလား ကျွန်တော်ကကြိုက်မှာ'

ဘရဏီမဲ့သွားသည်၊ မျက်ရည်လည်းဝဲသွားသည်။

---

စိတ်ကူးသစ်စာပေ

'ကိုမိုးညို ... ဘရဏီ'

အိမ်ပေါ်သို့ အသားမည်းမည်း၊ မျက်လုံးပြူးပြူးနှင့် ငါးကျည်းခြောက်ကြပ်တင်ထားသောကိုယ်ခန္ဓာနှင့် မိန်းမတစ်ယောက်တက်လာသည်။ ဘရဏီနှင့် ရွယ်တူဖြစ်သည်။

'မိုးညို မင်း သူ့ကိုရောသိလား ...'

'ဟင့်အင်း ...'

'ဖြူဖွေးမလေကွာ ... မင်းက အွန့်စောလို့နာမည်ပေးထားတာ'

'ဖွတ် ...'

ကိုရိုးယားမင်းသမီးအွန့်စောကြားလျှင် အဆိပ်မသောက်ရဘဲ ချက်ချင်း ဗိုင်းခနဲလဲသေသွားနိုင်သည်။

'ရှင် ... ဘာမှမမှတ်မိဘူးလား ကိုမိုးညို'

ဖြူဖွေးမက မေးသည်။

'အိုး' မဖြေတော့။

ဘရဏီဝင်၍ခေါင်းရမ်းပြရင်း

'ကဲ ... ကိုမိုးညို ရှင်ပင်ပန်းလာတယ် ထ ... အိပ်ယာထဲမှာလှဲနေလိုက်၊ အိပ်ချင်ရင်အိပ်လိုက်၊ အိပ်ယာကနိုးသွားရင် ရှင့်ဦးနှောက်တွေလန်းဆန်းလာပြီး အားလုံးကိုမှတ်မိသွားမှာပါ'

ဟုပြောသည်။ ပြောရင်းသူ့ကို ကုလားထိုင်မှ ဆွဲထူသည်။ မလိုက်လိုသော်လည်း ဟိုလူတွေ၊ ဟိုမိန်းမတွေ၏မေးခွန်းများကို ထပ်မံရင်မဆိုင်လို၍ အလိုက်သင့်ထလိုက်ရသည်။

ထရံဖြင့်အခန်းဖွဲ့ထားသော အိပ်ယာထဲသို့ဘရဏီက သူ့ကိုတွဲခေါ်လာ၏။ ဖျာတစ်ချပ်၊ ဖျာပေါ်မှာမွေ့ယာဝေး၍ အိပ်ယာခင်းပင်မရှိ၊ ခေါင်းအုံးကလည်း မည်းညစ်နေ၏။

ထိုအိပ်ယာပေါ်သို့ ဘရဏီက ယုယကြင်နာစွာ သူ့ကိုလှဲချ၍

ကလေးအိပ်ယာလိုပြင်ဆင်ပေးသည်။

'ကိုမိုးညို အိပ်လိုက် အိပ်လိုက်၊ ရှင်နိုးလာရင်စားဖို့ ကျွန်မ ရှင်ကြိုက်တဲ့ဟင်းတွေချက်ထားမယ်'

'ရှတ် . . .'

အမလေး . . . ဘုရား‌ကြီးက စကားပြောပြီး မထမိမှာ နဖူးကိုရှတ်ခနဲနမ်းသွားသည်။ ဘုရားကြီးထံမှ ကိုယ်သင်းနံ့မဟုတ်သော ချွေးနံ့က နှာခေါင်းထဲတိုးဝင်လာခြင်းနှင့်အတူ လူက ဖိန်းတိန်းရှိန်းတိန်းဖြစ်သွားသည်။

တော်က် . . . သတိပြန်မရလာရင် အကောင်းသား

♛ ♛ ♛

❐

'ဒိုး' အမေမှာလည်း မျက်ရည်တွေနှင့်။ ညက 'ဒိုး'ကိုအမေ 'နှင်း'နှင့် အတူစောင့်အိပ်သည်။ 'နှင်း'ကို အိမ်ပြန်နားရန်ပြောသော်လည်း 'နှင်း'အိမ်မပြန်ခဲ့။ 'ဒိုး'ကို စိတ်ပူလှသည်။ ပြီးတော့ 'ဒိုး'သတိရလာလျှင် 'နှင်း'ကို ဦးဆုံးတွေ့ချင်ရှာပေလိမ့်မည်၊ မေးလိမ့်မည်၊ မတွေ့လျှင် စိတ်ပူပန်သောကရောက်လိမ့်မည်။

မဖြစ်။

သို့နှင့် 'နှင်း'သည် အမေနှင့်အတူ ဆေးရုံမှာပင် ဒုတိယညကို ကုန်လွန်ခဲ့ရ၏။ ကားမှောက်သည့်ညပါနှင့်ဆိုလျှင် နှစ်ညရှိပြီ။ 'နှင်း' မအိပ်ခဲ့ရ။

'သမီးလေး သိပ်ပင်ပန်းနေပြီ . . . အိမ်ပြန်နားပါဦးကွယ်'

အမေက အားနာစွာပြော၏။

'ရပါတယ် အမေရယ်၊ သမီးကလူငယ်ပဲ . . . ခံနိုင်ရည်ရှိပါတယ်၊ အမေသာဒီည ပြန်အိပ်ပါ'

'သမီး . . . '

ထိုအခိုက်မှာ 'နှင်း' မေမေနှင့် ဦးဝက္ကရောက်လာသည်၊ ဦးစက္ကက မေမေ၏နောက်အိမ်ထောင်ဖြစ်၏။ သို့သော် 'နှင်း'ကိုတော့ သမီးလိုပင် ချစ်ရှာသူ။

'ဒိုး အခြေအနေ . . .'

'ခုထိ လုံးဝမထူးခြားဘူးမေမေ၊ နလုံးငွေ့ငွေ့လေးခုန်နေတာက လွဲရင် ဘာမှတိုးတက်မလာဘူး၊ ဆေးရုံမှာပို့လို့ပဲ၊ အိမ်မှာသာဆိုရင် သေပြီလို့တောင် ယူဆမှာပဲ . . .'

'နှင်း'ကရှင်းပြလိုက်၏။

'သတိမေ့နေတာ ဘယ်လောက်တောင်ကြာတတ်တယ်လို့ ဆရာဝန်တွေကပြောလဲ . . .'

ဦးစက္ကကဝင်မေးသည်။

'တစ်ပါတ်ဆယ်ရက် ကြာချင်ကြာမယ်၊ တစ်လကိုးသီတင်းကြာ ချင်ကြာမယ်၊ သေချာမပြောနိုင်ဘူးတဲ့ . . .'

'သူ့လိပ်ပြာလွင့်နေတာပဲဖြစ်မှာပေါ့၊ သမီးက ဘုရားစာတွေ ဘာတွေရွတ်ပေး၊ ပြန်လာဖို့လည်း မေတ္တာပို့ပြီးခေါ် . . .'

'နှင်း'မေမေက အကြံပြုသည်။

'ဟုတ်ကဲ့ . . . သမီးလုပ်ပါတယ်'

'ဒိုးလေးက သမီးအသွားအတွက်စိတ်ပူပြီး ပဲခူးကိုလွှတ်လိုက်မိ လို့ ခုလိုဖြစ်ရတာ၊ ဦးလေးအပြစ်မကင်းဘူးလို့ စိတ်မကောင်းဖြစ်နေ မိတယ်'

ဦးစက္ကစကား၊ မျက်နှာကလည်း ညှိုးလျှက်

'ဒီလိုမထင်ပါနဲ့ရှင်၊ ဖြစ်ချိန်တန်ဖြစ်ရမယ်၊ ပျက်ချိန်တန်ပျက် ရမှာပဲ၊ သူ့ကံကကြံက ပါလာလို့ပါ . . .'

'ဒိုး'အမေက တရားသဘောနှင့်ဝင်ပြောသည်။

'အင်း . . . ကြုံလို့တစ်ခုတော့ သမီးပြောချင်တယ်'

'နှင်း'စကားကြောင့် အားလုံး၏အာရုံက 'နှင်း'ထံကျရောက်လာ သည်။

'ဟိုနေ့က လူတစ်ယောက်ကလေ သူ့ကိုယ်သူ 'ဒိုး'ပါဆိုပြီး 'နှင်း'

ကိုလာနှုတ်ဆက်တယ်၊ ကြည့်လိုက်တော့လည်း အရုပ်ဆိုးဆိုးကြီး။ သူကတော့ သမီးကိုအပီပဲလာစကားပြောတာ . . .'

'အသိတစ်ယောက်ယောက်ဖြစ်မှာပေါ့ကွယ် . . .'

အားလုံးတွေသွားကြပြီးမှ 'ဒိုး'၏အမေက မှတ်ချက်ပြုသည်။

'ဖေဖေတို့လည်း ခုပဲ ဘုရားမှာယတြာသွားချေပြီးပြန်လာကြတာ၊ 'ဒိုး'က ဘုရားတရားမြဲတဲ့လူပါ၊ လက်လွှတ်စပယ်ဖြစ်မသွားနိုင်ပါဘူး'

'နှင်း'ဖေဖေ၏စကား။

'သမီး ဒီညအိမ်ပြန်အိပ်မှာလား . . .'

ဦးစက္က၏မေးခွန်းဖြစ်သည်။ 'နှင်း' ခေါင်းခါပြလိုက်သည်။

'ဒီမှာပဲအိပ်မှာ . . .'

♛ ♛ ♛

(၄)

## ကာမေသုမဖြစ်လိုက်တဲ့ည

'ကဲ ကိုမိုးညို့ စား . . . ဝအောင်စား . . .'

ထမင်းဝိုင်းကို အသင့်ပြင်ပေးပြီး ဘရဏီက 'ဒိုး'ကိုထိုင်စေကာ ဘေးမှာလက်ဆေးရေကို ချပေးသည်။

ဗိုက်ကတော့ ဆာနေပြီဖြစ်၏။

သို့သော် ထမင်းပွဲကိုမြင်တော့ စားချင်စိတ်မရှိ၊ ထမင်းကကြမ်းကြမ်း၊ ဟင်းတစ်ခွက်နှင့် ငါးပိတို့စရာ၊ ပဲဟင်းတစ်ခွက်၊ ဘရဏီကတော့ သေသေချာချာပြင်ထားပုံပါပဲ။

သူငြိမ်နေ၍

'စားလေ ကိုမိုးညို့၊ ရှင်ကြိုက်တဲ့အမဲသားချက်ထားတယ်'

ဘရဏီကပြောပြောဆိုဆို ဟင်းကိုဇွန်းဖြင့်ခပ်ကာ သူ့ပန်းကန်

ထဲသို့ထည့်သည်။

'ဟာ . . . မထည့်နဲ့ မထည့်နဲ့ . . .'

သူလက်ဖြင့် အတင်းကာလိုက်သောကြောင့် ဘရဏီ၏ ဟင်းခပ်ဇွန်းသက် တန့်သွားသည်။ သူ့ကိုလည်းကြောင်ကြည့်သည်။

'ကိုမိုးညို ဘာ . . . ဘာဖြစ်လို့လဲ'

'ကျွန်တော်မှ အမဲသားမစားတာ . . .'

'မဟုတ်ပါဘူး ကိုမိုးညိုရယ်၊ ရှင်က အသားထဲမှာ အမဲသားကို အကြိုက်ဆုံးပဲဟာ ကဲပါ . . . စားလိုက်ပါ၊ . . .'

ဇွတ်အတင်းထည့်ဖို့ ဟန်ပြင်သဖြင့် သူက ဘရဏီ့ဇွန်းကို ခပ်ကြမ်းကြမ်းတွန်းဖယ်ပစ်လိုက်သည်။

'မစားပါဘူးဆိုမှဗျာ . . .'

ဘရဏီသက်ပြင်းချသည်ကို သူတွေ့ရ၏။ ပြီးမှတစ်စုံတစ်ခု သတိရဟန်ဖြင့်

'အမလေး . . . ဟုတ်ပါ့တော် ကျွန်မမေ့နေတာ . . .'

ဘရဏီထိုင်ရာမှထသည်။

ဘာများလဲဟူသောအတွေးဖြင့် သူ ဘရဏီကိုလှမ်းကြည့်၏။ ဘရဏီက အိမ်နောက်ဘက်ဝင်သွားသည်။ ခဏကြာတော့ပြန်ထွက်လာသည်။ ဘရဏီလက်မှာ ပုလင်းတစ်လုံးနှင့်ခွက်တစ်ခု။

ထမင်းဝိုင်းမှာ ဘရဏီပြန်ထိုင်ရင်း ခွက်ကိုထမင်းစားပွဲပေါ်သို့ချကာ ပုလင်းထဲက အရည်များကိုငှဲ့ထည့်သည်။ အနံ့ဆိုးဆိုးတစ်ခုက သူ့နှာခေါင်းတွင်းတိုးဝင်လာ၏။ အရက်တွေပဲ . . .

'ဟိုနေ့က ရှင်သောက်ပြီးပိုလို့ ကျွန်မသိမ်းထားတာလေ၊ ကဲ သောက် ထမင်းမစားခင် အရည်ကလေးသောက်တတ်တာ ကျွန်မက မေ့နေတယ်၊ ဟင်းဟင်း ကျွန်မလည်းခေါင်းကိုမထိဘဲနဲ့ မေ့နေတတ်ပြီ

ရှင်နဲ့ပေါင်းလို့ပဲ ကိုမိုးညို. . .'

ခွက်ကိုလည်းထိုးပေးသည်။ သူအနံ့မခံနိုင်။

'ဟာ . . . ဘာလို့သောက်ရမှာလဲ. . .'

'ဟန်ဆောင်မနေပါနဲ့ ကိုမိုးညိုရယ်၊ ရှင်အရက်ကြိုက်တာ တစ်ရပ်ကွက်လုံးသိပါတယ်၊ ရှင်ပဲပြောတာလေ လောကမှာ ငါအကြိုက်ဆုံးက အရက်၊ ဒုတိယအကြိုက်ဆုံးက မင်းပဲဆိုတာလေ . . . အဲဒါကော သတိမရဘူးလား. . .'

'ဟူး . . . မဟုတ်တာတွေ ကျွန်တော်ဘယ်မှာပြောဖူးလို့လဲ'

'ရှင်ကတော့လေ အားလုံးကိုမေ့နေတော့တာပဲ၊ ကျွန်မကိုပါ မေ့နေဦးမလားမသိဘူး. . .'

'သေချာတာပေါ့ဗျာ. . .'

'ကဲပါ . . . မသောက်ချင်ရင်လည်းမသောက်နဲ့၊ အမဲသားမစားချင်ရင်လည်းမစားနဲ့၊ ပဲဟင်းနဲ့စား ဟုတ်ပြီလား. . .'

ဘရဏီက အလျှော့ပေးသွားဟန်ဖြင့်ပြောသည်။ ပဲဟင်းကိုခပ်ကာ သူ့ပန်းကန်ထဲသို့ ထည့်ပေးသည်။

'ပဲဟင်းကတော့ရှယ်ပဲ၊ ဆွေမျိုးမေ့သွားမယ်၊ အိုအခုလည်း ရှင်က မေ့နေတဲ့ဥစ္စာ၊ ပဲဟင်းစားလိုက်ရင် . . . သတိပြန်ရချင်ရလာမှာ စားစား ကိုမိုးညို ကျွန်မခွံ့ပေးရမလားဟင်. . .'

'ဟာ . . . မခွံ့နဲ့ မခွံ့နဲ့ ရတယ် . . . ကျွန်တော့်ဘာသာစားမယ်'

'ခုထိ ကျွန်တော် ကျွန်တော်နဲ့ပြောနေတယ်။ အရင်ကလို မင်းနဲ့ငါနဲ့ပြောစမ်းပါရှင်၊ အရင်ကရှင့်ပုံစံတွေ ဘယ်ရောက်နေလဲ၊ ခုမှ သိမ်မွေ့ယဉ်ကျေးနေလိုက်တာ၊ တရားပွဲကပြန်လာတာကျနေတာပဲ. . .'

'တရားပွဲက ပြန်လာတာမဟုတ်ဘူးဗျ၊ သေရွာကပြန်လာတာ. . .'

'ဒါဆို နောက်ဆိုရှင်က ရပ်ကွက်ထဲမှာ နာမည်တစ်လုံးတိုးပြန်

ပြီပေါ့၊ သေရှာပြန်မိုးညိုလို့၊ မဆိုးဘူး အရင်ကသူများတွေခေါ်တဲ့ မလည်ရှုပ်မိုးညိုတို့ . . . ကြွေးထူမိုးညိုတို့ထက်စာရင်တော့ ကောင်းတာအမှန်ပဲ၊ ဂုဏ်လည်းရှိတယ် . . . ဂမ္ဘီရခေတ်ကြီးမှာ ရှင်ခေတ်မီသွားပြီ'

အတော်စကားများသည့်မိန်းမ၊ ပြောစကားတွေကလည်း သူ့အဆင့်ကို ဖော်ပြနေသည်ဟုထင်သည်၊ သို့ဖြစ်လျှင် မိမိကရော ဘယ်အဆင့်ထဲရောက်နေတာလဲ . . .ဘာကြောင့် သည့်လိုဖြစ်လာတာလဲ ဝင်္ကြွေးပဲလား. . .။

စားရသည့် ထမင်းက မြိုမကျချင်။

♛ ♛ ♛

❐

'ကိုမိုးညို . . . ရှင်ဘာရှာနေတာလဲ'

'စိပ်ပုတီး. . .'

'အို . . . ထန်းပလပ်ရုပ် ဖိုးဝရုပ် . . . ကိုမိုးညို ရှင်ဘာပြောသိုက်တယ်'

'စိပ်ပုတီးလို့ပြောတာ . . . ဘုရားရှိခိုးမလို့ . . . ပုတီးစိတ်မလို့'

'အရှင်ကြီးများ ကယ်တော်မူပါ. . .'

'ဟာ . . . ခင်ဗျား ဘာဖြစ်နေတာလဲ. . .'

'ရှင် ဘုရားရှိခိုး၊ ပုတီးစိပ်မယ်ပြောလို့လေ၊ ကျားသားမိုးကြိုး ရှင် မဟုတ်တာတွေပြောပြန်ပြီ. . .'

'ဘုရားရှိခိုး ပုတီးစိပ်မယ်ပြောတာကို ဘာမဟုတ်တာပြောပြန် ပြီလဲ၊ ခင်ဗျားတို့ ဘုရားမေ့ တရားမေ့နေလို့ ဒီလိုဖြစ်နေတာ. . .'

'အဲ . . . ဒေါသတော့သိပ်မကြီးပါနဲ့ရှင်၊ ရှင်ကတစ်ခါမှ ဘုရားရှိခိုး ပုတီးစိပ်တဲ့သူမှမဟုတ်တာ၊ ကျွန်မကအံ့သြလို့ပါ ကိုမိုးညို့ရဲ့. . .'

'စိပ်ပုတီးရော. . .'

အဖြေမရ။

'မရှိရင်လည်းနေ၊ ဘုရားရှိခိုးပြီး တရားပဲထိုင်မယ်. . .'

'ဒိုး' စိတ်တိုတိုနှင့်ပြောလိုက်သည်။ ဘရဏီဘာမျှပြန်မပြော၊ ခပ်လှမ်းလှမ်းမှငေးကြောင်ပြီး ရပ်ကြည့်နေသည်။

ဘုရားသောက်တော်ရေလဲမည်ကြံပြန်တော့ သောက်တော်ရေအိုး ကမရှိ၊ သောက်တော်ရေခွက်ကမရှိ။ ဆီမီးထွန်းမည်ကြံတော့ ဖယောင်း တိုင်ကမရှိ၊ အမွှေးတိုင်ထွန်းမည်ကြံပြန်တော့လည်း အမွှေးတိုင်ကမရှိ။

'မနက်ဖြန်ကျရင် ဘုရားပန်းတွေလဲ၊ သောက်တော်ရေခွက်တွေ လည်းဝယ်လာခဲ့၊ ဖယောင်းတိုင်နဲ့ အမွှေးတိုင်လည်းဝယ်လာခဲ့. . .'

'ဒိုး'ကလှည့်ပြောသောအခါ ဘရဏီက မျက်နှာငယ်ကလေးနှင့် ကြည့်ပြီး။

'ဟုတ် ဟုတ်ကဲ့ ကိုမိုးညို့. . .'ဟုပြောသည်။ အသံတွေတုန်နေ တာက ကြောက်တာလား၊ ဝမ်းသာနေတာလား ဘာကြောင့်မှန်းလည်း မသိနိုင်။

ညဆိုပြုမြဲအတိုင်း 'ဒိုး'ဘုရားရှိခိုးသည်၊ ဘုရားရှိခိုးပြီးတော့

တင်ပလ္လင်ခွေ၊ လက်နှစ်ဖက်ကိုယှက်၊ မျက်စိကိုမှိတ်ပြီး ဝင်သက်ထွက်သက်ကိုမှတ်သည်။ အာရုံတွေက တစ်ခဏမှာမငြိမ်၊ အတော်ကလေးကြာလာမှ တဖြည်းဖြည်းငြိမ်လာသည်။

တရား၏ အရသာကို တွေ့လာသည်။ ဝင်လာသမျှ အတွေးတွေ၊ အလင်းတွေ၊ ပုံရိပ်တွေကိုဖျောက်သည်။ 'ဖြစ်' ပေါ်နေသည့်နေရာကို မြင်အောင်ရှုသည်၊ 'ပျက်'ပေါ်နေသည့်နေရာကို မြင်အောင်ရှုသည်။

အချိန်မည်မျှကြာသွားသည်မသိ။

တရားမှတ်ခြင်းကိုဖြုတ်ပြီး အမျှပေးဝေမေတ္တာပို့ပြီး၍ ထိုင်ရာမှ ထလိုက်သောအခါ အိမ်ပေါ်မှာ လူစုအဝေးတစ်ခုကို တွေ့လိုက်ရ၏။ လူကြီးတွေရော၊ လူငယ်တွေပါ ပါသည်။ အားလုံး၏မျက်နှာမှာ အံ့သြခြင်းများနှင့်။

ဘရဏီက

'ကိုမိုးညို ဘုရားရှိခိုးတာပြီးပြီလား. . .'

ဦးစွာမေးသည်

'ပြီးပြီ. . .'

'ဒါဆို ထိုင် . . . ရေနွေးကြမ်းသောက်ဦး။ ဒီမှာ ရှင့်ကိုသတင်းမေးဖို့ လူတွေရောက်နေကြတယ်'

'ဒိုး' ဘာမှပြန် မပြောသာ။ ဘရဏီဖြန့်ခင်းပေးထားသော ဖျာပေါ်မှာထိုင်လိုက်ရ၏။ ညှိသည့်တွေကလည်း ဟိုနေရာတစ်ယောက်၊ သည်နေရာတစ်ယောက် ထိုင်လျက်ရှိနေကြ၏။ ထိုသူတို့၏အာရုံမှာ သူ့ထံ၌ ကျရောက်နေသည်ကို 'ဒိုး'သိသည်။

'အင်း . . . မောင်မိုးညို ခုလိုပြောင်းလဲသွားတာ ဘကြီးတို့ဝမ်းသာပါတယ်၊ ဘကြီးကြည့်နေတာ မောင်မိုးညိုတရားထိုင်ပုံက အတော့်ကိုသမာဓိကျနေပုံပဲ၊ တစ်နာရီနီးပါးရှိတယ်၊ လုံး၀ . . . တစ်ချက်မှ

မလွှပ်ဘူး. . .'

အသက်ခုနစ်ဆယ်ခန့်ရှိ လူကြီးတစ်ဦး၊ ဘယ်သူမှန်းတော့သူ မသိ။

'ကိုမိုးညို . . . ဘကြီးဖေကို မှတ်မိတယ်မဟုတ်လား၊ ရှင်မူးပြီး ရမ်းရင် လာလာပြီး ဆွဲရလွဲရ ဆုံးမရတဲ့ ဘကြီးဖေလေ. . .'

ဘရဏီကဝင်၍မိတ်ဆက်ပေးသည်။

သူခေါင်းခါလိုက်၏။ ယခုသူတို့ပြောစကားအရဆိုလျှင် မိုးညိုသည် ငမူး၊ ငပေတစ်ယောက်ဖြစ်ပေလိမ့်မည်။

ကွမ်းတဝါးဝါးနှင့် ဘကြီးဖေက သူ့ကိုငေးကြည့်နေစဉ် ကိုချစ်တီး ကဝင်၍

'မိုးညို . . . မင်း သတိမေ့နေတုန်းက ဘာတွေဖြစ်ခဲ့လဲ၊ မှတ်မိ လား. . .။

မေးသည်။ သည်အမေးကိုတော့ ဖြေချင်စိတ်ပေါ်လာသည်။

'လူနီကြီးတစ်ယောက်က ကျွန်တော့်လက်ကို ဆွဲခေါ်သွားတယ်ဗျာ။ တစ်နေရာရောက်တော့ အလင်းရောင်တစ်ချက်တွေ့ရတယ်၊ လူတစ် ယောက်ပေါ်လာပြီးတားတယ်၊ နောက်တော့ လူနီကြီးနဲ့ အဲဒီအလင်း ရောင်ရှင်နဲ့ ချကြတော့တာပဲ၊ ကျွန်တော်လည်း လူနီကြီးလက်ကလွတ် ပြီး ပြန်ပြေးလာတာ . . . သတိပြန်ရလာတာပဲ'

သူစိတ်လိုလက်ရဖြေလိုက်သည်။

'ဟော . . . အတော်ဆန်းတယ်ကွ. . .'

'ကျွန်တော်တို့ဖတ်ဖူးတဲ့ သေရွာပြန်ဇာတ်လမ်းတွေလိုပဲ'

'အဲဒီအလင်းရောင်ရှင်က ဝင်မကာယ်ရင် ရှင် သေချင်သေမှာနော်'

တစ်ယောက်တစ်ပေါက် ဝေဖန်သံများ။

'ဒါကြောင့် မောင်မိုးညိုက တရားဘာဝနာဖက်ဖို့ သတိရလာ တာပဲပေါ့. . . ကောင်းတယ် ကောင်းတယ် . . . ဆက်လုပ် မောင်မိုးညို၊

အဲဒီလို လိမ်လိမ်မာမာလေးနဲ့ နေသွားပါကွာ၊ ကဲ . . . ဘကြီး ပြန်ဦးမယ် . . .'

ဘကြီးဖေက စကားဆုံးတော့ ထပြန်သွားသည်။

အွန်စော ခေါ် ဖြူဖွေးမ ခေါ် မမည်းတူဝါးခြမ်းပြားက။

'ကျွန်မတို့ကတော့ မျက်လှည့်ကြည့်နေရသလိုပါပဲတော်၊ ကိုမိုးညို ရှင်က လူသာဘာမှမပြောင်းလဲတာ၊ စိတ်ကလုံးဝကို ပြောင်းလဲသွားတာပဲနော်၊ ဒါဆိုရင်တော့ ဘရဏီတို့ ဇေပိဖြစ်သွားပြီ။ မူးပြီးရမ်းတာလဲ မခံရတော့ဘူး၊ အဲ . . . နေဦး ရှင် အခု ဘရဏီကို ရိုက်ချင်နှက်ချင်စိတ်မရှိဘူးလား'

ပြောသည်။ မေးသည်။

'ဟာ . . . ဘာလို့ရိုက်ရမှာလဲ၊ သူက ရန်သူမှမဟုတ်တာ . . .'

'အမလေး . . . ဝမ်းသာလိုက်တာတော်၊ ကိုမိုးညို . . . ရှင်တကယ် ကျွန်မကိုမရိုက်တော့ဘူးနော် . . . နော် . . .'

ဘရဏီက တရရဝင်မေးနေပြန်၏။

'ဟုတ်ကဲ့ . . .'

ကိုချစ်တီးက

'ဟဲ . . . ဟဲ ငါလည်းမေးကြည့်ချင်တယ် မိုးညို၊ မင်း ဘရဏီကိုမူးပြီးရိုက် ရိုက်ပြီးပြန်ချော့ . . . အဲသလိုရော ချစ်တာလေးတွေ မှတ်မိသေးရဲ့လား၊ ချော့ပုံလေးတွေ . . . ချစ်ပုံလေးတွေ . . .'

ကတ်သီးကတ်သတ်အမေး။

အနည်းငယ် သူပြုံးမိမလိုဖြစ်သွား၏။

'အိုတော် . . . ကိုချစ်တီး ရှင် . . . လူတွေကြားထဲမှာ ဘာတွေလျှောက်မေးနေတာလဲ'

ဘရဏီ၏ ရှက်ဟန်ကြီးက ကဗျာမဆန်စွာ

သည်မှာပင် 'ဒိုး'က 'နှင်း'ကိုသတိရသွားသည်။ 'နှင်း' ဆေးရုံမှာပဲလား။ ဟိုလူကိုစောင့်နေတုန်းလား။

'ဟဲ့ . . . ငါကသိချင်လို့မေးတာပဲ၊ နင်ဘာရက်စရာရှိလဲ'

'ဒါက ကျုပ်တို့နှစ်ကိုယ်ချင်းကိစ္စ၊ ရှင် ဘာမေးစရာလိုလို့လဲ'

'ဟဲ့ . . . သေရွာပြန်ချစ်ဇာတ်လမ်းလေး ကြားချင်ကြည့်ချင်လို့ပါ ဟာ၊ အခုမပြောရင် ညကျလာချောင်းမှာပဲ ဟား . . . ဟား'

သူ့တစ်ကိုယ်လုံး ထူပူရှိန်းဖိန်းသွားသည်။ သူ့မျက်နှာတွေနီရဲသွားမှာသေချာသည်။ သူတို့အားလုံးနှင့် မျက်နှာချင်းမဆိုင်ရဲဘဲ မျက်နှာလွှဲလိုက်ရသည်။

'တွေ့လား . . . ကျုပ်ယောက်ျားရက်သွားပြီ၊ တော်တော့ . . . ရှင်တို့ပြန်ကြတော့ ပြန် . . . ပြန် . . .'

ဘရဏီက မောင်းထုတ်သည်။

'ဟဲဟဲ . . . သွားပါမယ် ဘရဏီရာ၊ ဒီလောက်ပေါ်တင်ကြီးမောင်းထုတ်စရာမလိုပါဘူး။ အလိုက်သိပါတယ်၊ ကဲကဲ အွန်စောတို့၊ ဒါရိုက်တာရင်တို့၊ ဆန်းမီတို့၊ လီရောင်ဂျေးတို့ ပြန်ကြမယ်ဟေ့၊ သူတို့နှစ်ယောက်လွတ်လွတ်လပ်လပ်နေကြပါစေ၊ ဘရဏီပြောတဲ့ နှစ်ကိုယ်ကြားကိစ္စလေးတွေ . . . ရှိဦးမှာ၊ မိုးညို . . . ပြန်ပြီဟေ့၊ ငါပြောတာလေးတွေမှတ်မိရဲ့လား၊ မင်းမိန်းမအကြိုက်လေးတွေ . . .'

'အို . . . ကိုချစ်တီးနော် . . .'

တဝါးဝါးတဟားဟားဖြင့် ကိုချစ်တီးတို့ထပြန်သွားကြသည်။ ကိုချစ်တီးနှင့်အတူ ကိုရီးယားဇာတ်လမ်းတွဲက မင်းသားမင်းသမီးတွေအားလုံးပါသွားကြ၏။ အိမ်ပေါ်မှာ ဘရဏီနှင့် သူပဲကျန်ရစ်သည်။

ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းပြောတတ်ကြသော ကိုချစ်တီးတို့တစ်တွေနှင့်နေရစဉ်က ပျော်သလိုလိုရှိခဲ့သည့်စိတ်သည် ဘရဏီနှင့်

နှစ်ယောက်တည်းကျန်ခဲ့သောအခါ အနေရကျဉ်းကျပ်သလိုဖြစ်သွားၧ။

'ကိုမိုးညို . . . ရှင် ခေါင်းမူးနေသေးလား . . .'

ဘရဏီကကြင်နာစွာမေးသည်။

'မမူးပါဘူး . . .'

'ကောင်းတယ် ကောင်းတယ် ဒါမှ . . .'

'ဘာဒါမှလဲဗျ . . .'

'ဩော် . . . ပါတ်တီးမြန်မြန်ပြန်ဖြည်ရမယ်လို့ပြောတာ၊ အဟင်းဟင်း . . . ဒါနဲ့ ကိုမိုးညို ရှင်အိပ်ချင်ပြီလား။ ကျွန်မတော့ ညကဆေးရုံမှာ ရှင့်ကိုစိတ်ပူလို့ အိပ်မရတာနဲ့ ဝါး . . .'

အား . . . ပြဿနာ . . . ပြဿနာက အခုမှ . . . စလေပြီ။

❒

ခြင်ထောင်သာဆိုရသည်။ အပေါက်အပြဲတွေကများသဖြင့် ခြင်ကမလုံ၊ ပြီးတော့ မူလရှိရင်းအဖြူဆိုသည်ကို မည်သို့သက်သေပြရမှန်း မသိလောက်အောင် လျှော်ဖွပ်သန့်စင်ပုံမရခဲ့သည့် ညစ်ထေးထေး အရောင်အဆင်းနှင့် အောက်သိုးသိုးအနံ့ကဆိုးလှသည်။

ဖျာပေါ်မှာ ကျောချပြီး သူ မျက်လုံးကြောင်နေသည်။

'နှင်း' ကိုသတိရနေသည်။

'နှင်း' ဘယ်လိုနေလဲ၊ သူ့အတွက် 'နှင်း' သောကတွေဗျာပွေနေမည်မှာအသေအချာ။ ယခုအချိန်ဆို ဆေးရုံပေါ်မှာ သူကမလှုပ်မယှက်ဘေးမှာ 'နှင်း'က အိပ်မပျော်ဖြစ်နေမှာပဲ၊ အမေသည်လည်း ပူဆွေးဝမ်းနည်းနေမှာပဲ. . .

အဖြစ်တွေက ယုံပင်မယုံချင်စရာ။

ဝဋ်ကြွေးရှိခဲ့လျှင် မြန်မြန်ကျေပါစေတော့။

ထိုအခိုက်မှာ အလင်းရောင်က ဖြုတ်ခနဲငြိမ်းသွားသည်။ အမှောင်က ရုတ်ချည်းစိုးမိုးသွားသည်။ ဘရဏီ မီးပိတ်လိုက်ခြင်းဖြစ်၏။

မရှေးမနှောင်းမှာပင် ခြင်ထောင်ထဲသို့ ဘရဏီဝင်လာသံကို ကြားရသည်။ တစ်ဆက်တည်းမှာပင် သူ့ဘေးကို သစ်တုံးကြီးတစ်တုံးပစ်ချလိုက်သလို ဘရဏီကိုယ်လုံးကြီးကျလာသည်ကို သူသိလိုက်၏။

တစ်ဖက်ကို သူနည်းနည်းရွှေ့လိုက်သည်။

'ကိုမိုးညို. . .'

တိုးတိုးညင်သာခေါ်သည့် ဘရဏီအသံ၊ သူအသံမပြုဘဲနေလိုက်သည်။

'အိပ်ပျော်သွားပြီလား'

ထပ်မေးသည်။ အမေးစကားသံနှင့်အတူ ဘရဏီ၏လှုပ်ရှားသံ၊ ပြီးတော့ သူ့ရင်ဘတ်ပေါ်သို့တင်လိုက်သောလက်တစ်ဖက်၊ သူတွန့်သွားသည်၊ တုန်သွားသည်၊ မဖြစ် မဖြစ်။

'ဘရဏီ. . .'

'ရှင်. . .'

'ခင်ဗျား . . . ကျွန်တော်နဲ့အတူ လာအိပ်လို့မဖြစ်ဘူးဗျ. . .'

'ဘာဖြစ်လို့လဲရှင့်. . .'

'ကာမေသုမိစ္ဆာစာရ ဖြစ်သွားလိမ့်မယ်လေဗျာ၊ သူတစ်ပါး သားမယားကိုပြစ်မှားတဲ့ကံ ကျူးလွန်မိတာဖြစ်သွားမယ်. . .'

ဘရဏီထံမှ တခိခိရယ်သံကြားရ၏။

'ရှင် အတော်ဟာသတွေပြောတတ်တာပဲ၊ ကိုယ့်မယားနဲ့ကိုယ် အတူအိပ်တာ ဘာသူတစ်ပါးသားမယား ပြစ်မှားတာဖြစ်ရမှာလဲ. . .'

ရယ်ရင်းကပြောသည်။ ပြောရင်းက ဘရဏီလက်တွေက တရွရွလှုပ်၏။ သူက ဘရဏီကိုတွန်းဖယ်ရင်း. . .

'ခင်ဗျားနဲ့ ကျွန်တော်က လင်မယားမှမဟုတ်တာ. . .'

ဘရဏီရယ်ပြန်ပါလေ၏။

'ရှင် . . . လူဆိုးလုပ်မစားနဲ့တော့၊ ဗီဒီယိုထဲမှာ ဟာသမင်းသား လုပ်စားလို့ရပြီ။ ရှင်နဲ့ကျွန်မ ယူထားတာ ရပ်သီရှာသီ၊ မင်္ဂလာဆောင်တုန်းက ဓမ္မာရုံမှာ အုန်းနို့ခေါက်ဆွဲကျွေးတယ်လေ၊ ရှင် မမှတ်မိဘူးလား'

'မဟုတ်ပါဘူး . . . ကျွန်တော် ခင်ဗျားနဲ့လက်မထပ်ပါဘူး. . .'

'တော်ပါရှင်၊ ပေါက်ကရတွေလျှောက်ပြောမနေနဲ့၊ ညဉ့်နက် ပြီ'

လက်တစ်ဖက်က သူ့ကိုလာဖက်ပြန်၏။ ချွေးနံ့ချဉ်စုပ်စုပ်က သူ့နှာခေါင်းတွင်း တိုးဝင်လာကာ ဖွဲ့အိတ်ကြီးတစ်ခုက သူ့ဘေးကို ပစ်ချလိုက်သလို ခံစားလိုက်ရ၏။ ဒုက္ခာ။

'ဟာ . . . မဖြစ်ဘူး မဖြစ်ဘူး. . .'

သူ ဘရဏီကိုမပြစ်မှားသင့်၊ ဘရဏီကအမှန်ကိုမသိပေမယ့် သူကအမှန်ကိုသိသည့်သူ . . .မမှားစေရ၊

သူ လူးလဲထလိုက်တော့

'အို . . . ရှင်ဘာဖြစ်တာလဲ'

ဘရဏီ၏နားမလည်သောအမေး။

'ကျုပ်က မီးဖွင့်ပြီးမှ အိပ်တတ်တယ်ဗျ. . .'

'လုပ်ပြန်ပြီ ရှင်ဟာလေ အရင်ကနဲ့ဆိုပြောင်းပြန်ချည်းပဲ၊ ရှင်ပဲ အမှောင်ကြိုက်တယ်ဆို . . .'

'အခုမကြိုက်ဘူးဗျ. . .'

'ကဲ . . . ကဲ ဒါဆိုလည်း ကျွန်မမီးပြန်ဖွင့်ပေးမယ်၊ တကထဲ. . .'

ဘရဏီက လှဲနေရာမှထကာ မီးကိုဖွင့်သည်။ မီးအလင်းရောင်ကြောင့် သူ့စိတ်အနည်းငယ် နေသာထိုင်သာရှိသွားသည်။ ပင့်သက်ကို မှုတ်ထုတ်ကာ အိပ်ယာပေါ်ပြန်လှဲချလိုက်၏။

ဘရဏီ ခြင်ထောင်ထဲ ပြန်ဝင်လာကာ သူ့ဘေးမှာလာ၍ လှဲ၏။ သူက တစ်ဖက်ကိုစောင်းမည်ပြု ဘရဏီက သူ့မဘက်သို့ ဆွဲလှည့်သည်။

'ကိုမိုးညို'

တုန်တုန်တိုးတိုးကလေးခေါ်သံ၊ လေးလုံးခြောက်ဖက် ခန္ဓာကိုယ်ကြီးဆီမှထွက်လာသည့် ခရာတာတာ ညောင်နာနာအသံ။

ဘရဏီ၏ မျက်လုံးရဲရဲကလေးတွေကို မြင်ရ၏။

ပြဿနာ အကြပ်အတည်းကို သူသိလိုက်သည်။ ထွက်ပေါက်

ရှာရတော့မည်။ မဖြစ် မဖြစ်။

ထိုအနိုက်မှာပဲဖြစ်ပါ၏။

'ဖြန်း . . . ဖြန်း . . . ဖြန်း. . .'

အိမ်ခေါင်းရင်းထရံကို လက်နှင့်ပုတ်လိုက်သို တဖြန်းဖြန်းမြည်သံက တိတ်ဆိတ်နေသောဝန်းကျင်ကို လှုပ်နှိုးလိုက်သည်။ သူ့ခေါင်းမှဆံပင်များ ထောင်ထသွားသည်ဟုထင်ရသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထသွားသည်။

'ဟာ . . . ဘာလဲ . . . ဘာသံလဲ. . .'

သူလူးလဲထလိုက်သလို ဘရဏီလည်း အလန့်တကြားထထိုင်သည်။

'ဗျို . . . ဗျို . . . ဗျို. . .'

ထရံကိုလက်နှင့်ကုတ်ခြစ်သွားသလို အသံရှည်ကြီးထပ်မံပေါ်လာ၏။

'ကို ကိုမိုးညို . . . ကြောက်တယ်. . .'

ဘရဏီက အထိတ်တလန့် သူ့ရင်ခွင်ထဲအတင်းတိုးဝင်သည်။ သူကိုတအားဖက်သည်။

'ဟာ . . . နေစမ်းပါဦးဗျာ၊ မကြောက်ပါနဲ့ ဟိုဒင်း . . . ဟိုဒင်းဖြစ်မှာပါ . . . ကိုချစ်တီးပြောသွားတယ်မဟုတ်လား ညကျရင်လာချောက်မယ် ပြောတာ. . .'

သူကခေါင်းထဲ ဖျတ်ခနဲဝင်လာသော အတွေးတစ်ချက်ဖြင့် အကြောင်းပြကာ ဘရဏီကို တွန်းခွာသည်။

'အို . . . လာချောက်မယ် ပြောတာမဟုတ်ဘူးရှင့်၊ လာချောင်းမယ်ပြောတာ. . .'

အရေးထဲမှာ ဘရဏီက စကားကို အမှားပြင်နေပြန်တော့သည်။ ဖက်ထားသောလက်ကိုလည်း မလွှတ်၊ သူမ၏လက်တွေကလည်း သန်

မာလိုက်တာ၊ ပြုတ်တူကြီးဖြင့် ညှပ်ထားသလို. . .။

'ဝုတ် . . . ဝုတ် . . . ဝုတ်. . .'

'အူ . . . ဝူ . . . ဝူး. . .'

အိမ်အောက်ဆီမှ ခွေးပိန်မ မက်ဒေါနား၏ ထိုးဟောင်လိုက်သံနှင့် ဆွဲဆွဲငင်ငင်အူလိုက်သံက ထပ်ပေါ်လာ၏။

'ဟော . . . ခွေးဟောင်သံကြားတယ်၊ ထကြည့်စမ်းမယ်. . .'

'မက်ဒေါနားက ဒီလိုပဲ၊ လူရိပ်တွေ့လို့ဟောင်တတ်တယ်'

'အင်းလေ . . . ဒါကြောင့်ထကြည့်မယ်ပြောတာ၊ ဖယ်စမ်းပါဦး. . .'

'ဝုတ် . . . ဝုတ် . . . ဝုတ်. . .'

'အူ . . . ဝူ . . . ဝူ. . .'

မက်ဒေါနားဟောင်သံက အဆက်မပြတ်ဖြစ်လာပြီး အူသံရှည်များလာသည်။ မက်ဒေါနားအသံကြောင့် လမ်းထဲက မက်ဒေါနား၏ ဘော်ဒါများကလည်း သံပြိုင်လိုက်၍ ဟစ်ကြွေးကြလေတော့၏။

'ဝုတ် . . . ဝုတ် . . . ဝုတ်. . .'

'အူ . . . ဝူ . . . ဝူ. . .'

'ဟဲ့ခွေး . . . ဟဲ့ခွေး. . .'

'မက်ဒေါနား တိတ်စမ်း'

အော်သာအော်၏။ မောင်းသာမောင်း၏။ မက်ဒေါနားက သူ၏ အပြင်းစားတေးသံကိုမလျှော့၊ ရပ်ကွက်ထဲကအဆိုတော်တွေကလည်း မရပ်။

'ကျွန်တော်ထွက်ကြည့်စမ်းမယ်၊ အိမ်ကိုသူခိုးများကပ်သလား မသိဘူး. . .'

သူက ခွာမရအောင်ကပ်နေသော ဘရဏီ ဖားပျံကြီးကို အတင်း

တွန်းခွာကာ ခြင်ထောင်ထဲမှထွက်သည်။ ခြေရင်းမှာချထားသော လက်နှိပ်ဓါတ်မီးကို ဆွဲယူသည်။

'ဖြန်း . . . ဖြန်း . . . ဖြန်း . . .'

'ဘုတ် . . . ဘုတ် . . . ဘုတ် . . .'

ထရံပုတ်သံကပေါ်လာ၏။

'အမေ့ . . . ကိုမိုးညို'

ဘရဏီက အလန့်တကြားထပ်အော်ကာ ကြောက်ကြောက်နှင့် သူ့ကိုလှမ်းဖက်သည်။ သူက ထိုနေရာမှအထမို့ သူ့ကိုမဖက်မိဘဲ ပုဆိုးကိုဆွဲမိကာ ပုဆိုးက ဆွဲချွတ်လိုက်သလို ကွင်းလုံးကျွတ်၍ကျ၏။

'ဟာ . . . ဘယ်လိုလုပ်လိုက်တာလဲ . . .'

သူက ကမျာကယာပုဆိုးကို ပြန်ကောက်ရင်း ပြန်ဝတ်ရ၏။

'ခစ် ခစ် ခစ်'

အကြောက်ထဲကနေ ဘရဏီကရယ်သည်။ သည်မိန်းမကြီးက ကြောက်လျှင်လည်း သူ့အပြင်မရှိ၊ ရယ်ချင်လျှင်လည်း သူ့အပြင်မရှိ။

ဘရဏီကို တွန်းထားပစ်ခဲ့ကာ သူ အိမ်ရှေ့သို့ထွက်လာသည်။ တံခါးကိုဆွဲဖွင့်သည်။ အိမ်ရှေ့လှေကားကိုဆင်းသည်။

'ဝုတ် . . . ဝုတ် . . . ဝုတ် . . .'

'အူ . . . ဝူ . . . ဝူး . . .'

မက်ဒေါ်နား သံကုန်ဟောင်နေဆဲ။

သူက လက်နှိပ်ဓါတ်မီးဖြင့် အိမ်ခေါင်းရင်းကိုထိုးကြည့်၏။ အိမ်အောက်သို့ထိုးကြည့်၏။ ဘာမှမတွေ့ရ၊ ဘယ်သူ့ကိုမှမတွေ့ရ။ မက်ဒေါ်နားကသာ အိမ်အောက်ဝင်လာလိုက်၊ ပြန်ထွက်လိုက်နှင့် ခေါင်းရင်းဘက်ကို ထိုးထိုးဟောင်နေသည်။

'မိုးညိုရေ . . . မက်ဒေါ်နားက ဟောင်လှချေလားကွာ . . .'

ခြေရင်းအိပ်မှ ကိုချစ်တီးအသံပေါ်လာသည်။

'ဟုတ်တယ် . . . ကိုချစ်တီးရေ ဒါကြောင့် မီးနဲ့ထိုးကြည့်နေတာ'

'ဘာတွေ့လဲ လူတွေ့လား. . .'

'မတွေ့ဘူးဗျ . . . ဘယ်သူမှမရှိဘူး. . .'

'ဟိုညကလည်း အဲဒီလိုပဲကွ'

ဟိုညကဆိုသည်မှာ သူတို့ကားမှောက်သည့်ညကို ဆိုလိုကြောင်း သူသိလိုက်သည်။ ဒါဆိုတစ်ခုခုပဲ၊ မိုးညိုဓါတ်ဝိညာဉ်များလာလေလို့လာ

'ကျွန်မတို့အိပ်မလို့လုပ်နေတုန်း ခေါင်းရင်းထရံကို တဖြန်းဖြန်း လာပုတ်တဲ့ အသံကြားရတယ်တော့. . .'

ဘရဏီကပါ အိမ်ရှေ့သို့ထွက်လာကာ ကိုချစ်တီးကိုလှမ်းပြော သည်။

'ဟေ . . . နင်တို့အိပ်မလို့လုပ်တုန်းလား. . .'

'ဟုတ်တယ် . . . ဟာ . . . ကိုချစ်တီးကလည်း အရေး နောက်ပြန်ပြီ'

'ငါက ဘာနောက်လို့လဲဟ၊ နင်ပြောတဲ့စကားအတိုင်းပြောတာ ဟာ. . . ဒါဆို မဟုတ်မှလွဲရော ငါတောင်လာမချောင်းရသေးဘူး၊ ငါ့ထက် ဘယ်သူကဦးပြီး လာချောင်းသလဲမသိဘူး. . .'

'တော်တော့ ကိုချစ်တီး၊ ရှင်ဟာ ပြောလေကဲလေဖြစ်နေပြီ'

'ဟား . . . ဟား . . . ဟား ငါကအလိုက်သိပါတယ်ဟ၊ လာမချောင်းပါဘူး၊ ဒါကတစ္ဆေတစ်ကောင်ကောင် လာချောင်းတာ နေမှာပါ'

'တစ္ဆေ. . .'

'ဟုတ်တယ်လေ လူလည်းမတွေ့ရဘူးဆို၊ ထရံလည်းတဖြန်းဖြန်း ပုတ်တယ်ဆို၊ ဒါဆိုသေချာပြီ၊ တစ္ဆေပဲ. . .'

'အမလေး တစ္ဆေတဲ့၊ ကိုမိုးညို လာ . . . အိမ်ထဲပြန်ဝင်တော့ တစ္ဆေဆိုရင်ကြောက်တယ် . . .'

ဘရဏီက လက်နှိပ်ဓါတ်မီးဖြင့် ခြံဝင်းအတွင်းထိုးကြည့်နေသော သူ့ကို အိမ်ပေါ်သို့အတင်းပြန်ဆွဲခေါ်သည်။

'ဝုတ် . . . ဝုတ် . . . ဝုတ် . . .

'အူ . . . ဝူ . . . ဝူ . . .'

မက်ဒေါ်နားကား မရပ်သေး၊ ဟောင်မြဲ၊ အူမြဲ။

'တံခါးပိတ်ပြီးသာအိပ်ပါဟာ၊ သူနိုးမဟုတ်ပါဘူး'

ကိုချစ်တီးက ရယ်သံနှင့်လှမ်းပြော၏။

တံခါးပိတ်ပြီး၊ အိပ်ယာထဲပြန်ရောက်တော့ ကြောက်သည်ဟုဆိုကာ ဘရဏီကသူ့ကို တအားဖက်ထားသည်။ ဖယ်ထုတ်၍ပင်မရ။

'ဘုတ် . . . ဘုတ် . . . ဘုတ် . . .'

'ဖြန်း . . . ဖြန်း . . . ဖြန်း . . .'

'ဟော . . . ထပ်ပြီးတော့ ထရံကိုပုတ်ပြန်ပြီ၊ ကိုမိုးညို ကျွန်မ ကြောက်တယ်၊ ကျွန်မကြောက်တယ် . . .'

ဘရဏီကကြောက်လေ တိုး၍ဖက်လေ၊ သူ့တစ်ကိုယ်လုံး ကြိုးနှင့် အတုပ်ခံရသလို လှုပ်မရဖြစ်လေ။

'ခဏဖယ်ဦး ဘရဏီ၊ ကျွန်တော် ဘုရားစာရွတ်မယ်၊ မကြောက်နဲ့ . . .'

သူက အခွင့်အရေးရှာလိုက်သည်။ ဘရဏီ၏လက်များကိုလည်း အတင်းဆွဲဖယ်သည်။

'ဘုရားစာရွတ်တာပဲရှင်၊ ကျွန်မဖက်ထားလည်း ဘာဖြစ်လဲ'

ဘရဏီက ဆင်ခြေတက်နေသေး၏။

'မရဘူးဗျ၊ ဘုရားစာဆိုချိန်မှာ . . . ဘုရားကိုအာရုံပြုထားရတာ၊

တခြားဟာတွေ ပါလို့မရဘူး. . .'

'ဒါဆိုလည်း . . . ရွတ် ရွတ် . . . မြန်မြန်ရွတ်'

ဘရဏီလက်လျှော့သွား၏။ ဖက်ထားသောလက်ကို ရုတ်လိုက်၏။

သူက မြတ်စွာဘုရားရှင်ကို အာရုံတွင်မှန်းဆကာ ဂုဏ်တော်ကို ကိုးခေါက်ရွတ်သည်။ သံဗုဒ္ဓေဂါထာတော်ကြီးကို ကိုးခေါက်ရွတ်သည်။ ပဋ္ဌာန်း ( ၂၄ ) ပစ္စည်းကို ကိုးခေါက်ရွတ်သည်။ မေတ္တာပို့သည်။

'ဝုတ် . . . ဝုတ် . . . ဝုတ်. . .'

မက်ဒေါ်နားဟောင်သံက အိမ်အောက်မှမဟုတ်တော့၊ အိမ်ရှေ့ ဘက်ရောက်သွားသည်။ ပြီး လမ်းမပေါ်ရောက်သွားသည်။ ဟောင်သံ ဝေးသွားသည်။ လမ်းထဲမှ ခွေးများ၏အူသံက ပိုညံလာသည်။ အူသံ ဟောင်သံတွေက တဖြည်းဖြည်းပိုဝေးသွားသည်။

'တွေ့လား . . . ဘုရားစာရွတ်လိုက်တာ ဘယ်လောက် အစွမ်း ထက်လဲ. . .'

'ဟုတ်တယ်နော် . . . ရှင် တော်လိုက်တာ ရှင့်ကိုတော့ ကျွန်မပိုချစ် သွားပြီ. . .'

'အန်. . .'

ဘရဏီက ပြောပြောဆိုဆို ပြန်၍ဖက်ပြန်လေသည်။

'ဟာ . . . ဘုရားစာရွတ်နေတုန်းပဲလေ ဖယ်ပါ. . .'

'မပြီးသေးဘူးလားတော့. . .'

'မပြီးသေးဘူး။ ရပ်လိုက်ရင် ဟိုကောင်ပြန်လာမှာစိုးလို့'

'တခွေလား'

'အင်း. . .'

'အို ဒုက္ခပဲ . . . ကျွန်မတို့တစ်ညလုံး အိပ်လို့ရပါ့မလားမသိဘူး'

'မအိပ်ရလည်း ကောင်းတာပဲဗျာ. . .'

---

စိတ်ကူးသစ်စာပေ

'ကိုမိုးညို. . .'

'ဘာလဲ. . .'

'ရှင် အဲဒီဘုရားစာတွေ ဘယ်တုန်းကတတ်လာလဲဟင်. . .'

'အရင်ကတည်းက တတ်တာပေါ့ဗျ. . .'

ဘရဏီခေါင်းယမ်းသည်။

'အရင်က ရှင် ဘာမှမတတ်ပါဘူး၊ ကျွန်မသိပါတယ်၊ ခုမှတတ်လာတာ . . . ဒါဆို ရှင် ကိုမိုးညိုမှဟုတ်ရဲ့လားဟင်. . .'

သူရယ်ချင်သွားသည်။ မျက်လုံးဝိုင်းဝိုင်းကြီးနှင့် သူ့ကိုကြည့်နေသော ဘရဏီပုံစံက အမှန်ပင်ရယ်ချင်စရာ၊ ဘရဏီကို သူနောက်ပြောင်ချင်စိတ်ပေါ်လာ၏။

'ခင်ဗျားပဲပြောတာပဲ၊ ကိုမိုးညိုအစစ်ပါဆို၊ ရင်ဘတ်ကိုဖွင့်ပြရဦးမလား။ မှည့်ရှိတယ်၊ ဖင်ကုန်းပြရဦးမလား ဖုကြီးရှိတယ်၊ ပုဆိုးချွတ်ပြရဦးမလား၊ ပေါင်ကြားမှာ . . .'

'အို . . . မဟုတ်တာ'

'ခင်ဗျားပြတဲ့သက်သေတွေပဲလေ'

'အဲဒါတော့ဟုတ်ပါတယ်၊ ဒါပေမယ့် နည်းနည်းဆန်းနေတာတွေ တွေ့ရလို့ပါ၊ ရှင့်ကိုအပယ်များမှီလာသလားလို့. . .'

'ဗျာ. . .'

'ဩော် . . . ရှင့်ကို သရဲတစ္ဆေတစ်ကောင်ကောင်ကများ ကပ်လာသလားလို့ပါ၊ ကဲ ကဲ လာပါ၊ ပြန်အိပ်ကြရအောင်. . .'

'ကျွန်တော်က ဘုရားစာဆိုနေဦးမှာနော်. . .'

'အင်းပါ . . . ကျွန်မ မဖက်တော့ပါဘူး. . .'

ပြဿနာက မထင်မှတ်ဘဲနှင့်ပြေလည်သွားသည်။ ဘရဏီ သူ့ဆီးမှာ ခပ်ခွာခွာအနေအထားဖြင့် တခူးခူးတခေါခေါဟောက်ကာ အိပ်

ပျော်သွားသည်။

အပြင်မှာ ချွေးဟောင်းသံလည်းငြိမ်သွားသည်။

သူကား အိပ်မပျော်၊ အတွေးတွေက ရှည်လျားစွာ. . .

ထရံကိုပုတ်တာဘာယ်သူလဲ။

ချွေးက ဘာကြောင့် ဟောင်တာလဲ။

မိုးညို့ဂါဝိညာဉ်များလား။

♛ ♛ ♛

(၇)

## ထူးဆန်းသောရသေ့ကြီးနှင့်တွေ့ဆုံခြင်း

ဆေးရုံ၏ လှေကားထစ်များအတိုင်း တက်လာရင်း သူ့ရင်တွေခုန်နေသည်။ 'နှင်း'ကိုတွေ့ချင်သည်။ 'နှင်း'နှင့်စကားပြောချင်သည်။ အမေနှင့်တွေ့ချင်သည်။ အမေနှင့် စကားပြောချင်သည်။ တွေ့ခွင့်ပြောခွင့်ရပါ့မလား။

ပြီးတော့ ဟိုတစ်ယောက် . . .

ဟိုတစ်ယောက်ဆိုသည်မှာ 'ဒိုး'ကိုဆိုလိုခြင်းဖြစ်၏။ သူ၏ခန္ဓာဟု ယုံမှတ်ထားသော 'ဒိုး'၏ခန္ဓာ သတိပြန်ရသွားပြီလား. . .။

'ဒိုး'သာလျှင် မေ့မျောနေရာမှ သတိပြန်ရသွားသည်ဆိုလျှင် မိမိက မိမိကိုယ်ကို 'ဒိုး'ဟု ထင်မြင်နေသည်မှာ မှားသွားပြီဖြစ်၏။ ထင်ယောင်ထင်မှား ဖြစ်မိနေခြင်းသာ ဖြစ်လိမ့်မည်။

ထိုအကြောင်းကိုသိချင်လှ၏။ ထိုသိချင်စိတ်ဖြင့်ပင် သူဆေးရုံသို့ရောက်လာခြင်းဖြစ်သည်။ ခေါင်းမှပတ်တီးကို မဖြည်ရသေး။

စင်္ကြံသို့ရောက်ပြီး ချိုးကွေ့လာချိန်၌ သူ့ရင်ပို၍လှုပ်ရှားလာ၏။

စာမေးပွဲအောင်စာရင်းကြည့်ရမည့် ကျောင်းသားတစ်ယောက်ပမာ။

အထူးကြပ်မတ်ကာသခန်း။

'ဒိုး'၏ခန္ဓာကိုယ်ရှိနေသောအခန်း၊ 'နှင်း'ရှိနေသောအခန်း။

တံခါးပေါက်နားသို့ကပ်ဖို့ သူ့ခြေလှမ်းတွေအလွန်လေးလံနေသည်။

စိတ်ကိုတင်းရ၏။ ဘာစိုးရိမ်စရာရှိသလဲ၊ မိမိက တခြားမှာရှိနေသည်ပဲ။ 'ဒိုး' သတိပြန်ရဦးမည်မဟုတ်၊ သို့သော် တခြားတစ်ဦးဦးက 'ဒိုး'ခန္ဓာထဲဝင်သွားလျှင် . . . မည်သို့လုပ်ရပါ့

မိုးညိုများ သူ့ခန္ဓာထဲဝင်သွားလျှင် . . .

ဘုရား . . . ဘုရား မိုးညိုလို မှူး၊ ငပေ၊ ငတေက 'ဒိုး'၏ခန္ဓာကိုယ်ကိုများ လုပ်ရှားသွားစေမည်ဆိုလျှင် ပြဿနာ၊ 'နှင်း' ကိုယ်ကျိုးနည်းရချည့်။

'ဒီမှာ . . . ဘာလုပ်နေတာလဲ ခဏဖယ်ပေးပါ . . .'

အသံတစ်သံ။

သူနာပြုဆရာမလေးတစ်ဦးဖြစ်၏။

သူက ဖယ်ပေးလိုက်သည်။

သူနာပြုဆရာမလေးက တံခါးကိုတွန်းဖွင့်ကာ အထဲသို့ဝင်သွား၏။

တံခါးကိုပြန်ပိတ်မသွားခဲ့၊ ထို့ကြောင့် ဟနေသောတံခါးမှနေ၍ အတွင်းသို့ သူလှမ်းကြည့်လိုက်သည်။

'မြတ်စွာဘုရား . . .'

သူ့တစ်ကိုယ်လုံး လျှင်တော်လဲသံလို လှုပ်ခါသွားသည်။ ရင်ဝကို အပုလုံးတစ်ခု ဒိန်းခနဲလာဆောင့်သည်။ လူက နောက်ကိုယိုင်သွားသည်။

ဘယ်လိုဖြစ်ကုန်ပြီလဲ။

'ဒိုး'ရှိနေသောခုတင်မှာ ဟာလာဟင်းလင်းဖြစ်နေ၏။ 'ဒိုး' မရှိ

တော့၊ ဘေးမှာလည်း 'နှင်း' မရှိတော့၊ အမေလည်းမရှိတော့။

'ဒိုး' သတိပြန်ရသွားပြီလား၊ 'ဒိုး' ဘယ်လိုသတိပြန်ရတာလဲ၊ ဘယ်သူ 'ဒိုး'ခန္ဓာထဲဝင်သွားတာလဲ။

သို့မဟုတ် 'ဒိုး'သေသွားပြီလား၊ 'ဒိုး'သေသွားပြီဆိုလျှင် မိမိ ဘယ်လိုလုပ်ရမလဲ၊ မိမိဘယ်ကိုသွားရမလဲ၊ သည်မိုးညို၏ ခန္ဓာကိုယ် ထဲမှာပဲ မိမိနေရတော့မည်လား။

ခေါင်းတွေထူပူသွားကာ မူးနောက်နောက်ဖြစ်လာ၏။

'ရှင် ဘာရယ်လုပ်နေတာလဲ၊ ရှင် ဘယ်အခန်းကလဲ. . . ရှင့်အခန်း ကိုပြန်သွားလေ. . . ရှင့်ခေါင်းမှာပတ်တီးကြီးနဲ့. . . ရှင်ဘာကြောင့် လျှောက်သွားနေတာလဲ. . . ရှင့်မျက်နှာကသွေးမရှိသလိုပဲ လဲပြို နေဦးမယ်. . .'

စောစောကဝင်သွားသော ဆရာမလေးပြန်ထွက်လာကာ သူ့ကို တွေ့သွားသဖြင့် ဂရုတစိုက် ကြင်ကြင်နာနာမေးရှာသည်။

'ကျွန်တော် . . . ကျွန်တော်က ဆေးရုံကဆင်းသွားပြီးပါပြီ'

သူ . . . အထစ်ထစ်အငေါ့ငေါ့ဖြေမိ၏။

'ဒါဆိုဆေးရုံကို ဘာလာလုပ်တာလဲ၊ ရက်ချိန်းပြန်လာပြတာလား'

'မဟုတ်ဘူးခင်ဗျ . . . မဟုတ်ဘူး'

'မဟုတ်ရင် ဒီမှာဘာရယ်လုပ်နေတာလဲ. . .'

'ဒီအခန်းက ကျွန်တော့်မိတ်ဆွေဆီကိုလာတာပါ. . .'

'ဘယ်သူလဲ. . .'

'ဒိုး . . . ဒိုးပါ'

သည်နာမည်ကိုပြောရသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ မိမိက မိမိကိုပြန်မေး ပြန်ဖြေနေရသည့်အဖြစ်။

'စိတ်မကောင်းပါဘူး. . .'

'ခင်ဗျာ. . .'

သူနာပြုဆရာမလေး၏စကားက သူ့ရင်ကို ဓါးနှင့်ခွဲလိုက်သည့်ပမာ။ စိတ်မကောင်းပါဘူးတဲ့၊ ဒါဆိုရင် ဒါ . . . ဆိုရင်။

'သူ . . . သူ . . . သေသွားပြီလား. . .'

အလောတကြီးမေးခွန်းတစ်ခု ခုန်ထွက်သွား၏။

'အို မဟုတ်တာ ဘာလို့သေရမှာလဲ. . .'

'ဒါနဲ့ ဆရာမပြောတော့. . .'

'ဟုတ်တယ်လေ . . . သူ့အခြေအနေက အရမ်းထူးခြားတယ်၊ ခုထိအသိပြန်လည်မလာဘူး၊ နှလုံးခုန်နှုန်းလျော့ကျတော့ စိုးရိမ်စရာရှိတာနဲ့ သူ့ကိုတခြားအခန်းပြောင်းထားတယ်၊ အပြင်လူ ဘယ်သူမှ ဝင်ခွင့်မပေးဘူး။ ဒါကြောင့် ရှင် သူနဲ့မတွေ့နိုင်ဘူး၊ အဲဒါကိုပြောတာ. . .'

'ဟူး . . . တော်ပါသေးရဲ့'

ဆရာမလေးက သူ့ကိုတစ်ချက်ကြည့်ပြီး လှည့်ထွက်မည်ပြုစဉ် သူက ကမျာကယာဖမ်းထားကာ မေးခွန်းတစ်ခုမေးရသည်။

'ဒါဖြင့် သူဘယ်အခန်းမှာလဲ၊ အဲဒါတော့ပြောပြပါ'

သူနာပြုဆရာမလေးက 'ဟိုဘက်တစ်ခန်းကျော်က အခန်းရှင် အခန်းနံပါတ် ၂၀၇ . . .'ဟုပြောပြီး ဆက်ထွက်သွားသည်။

သူသက်ပြင်းချလိုက်နိုင်၏။

သည်လိုဆို အခြေအနေမဆိုးသေး၊ ရင်ဝတွင်ဆို့နေသော အပူလုံးကြီးတစ်ခု ယခုမှကျသွားသည်။

အခန်း ၂၀၇ ဘက်ကို သူခြေဦးလှည့်လိုက်သည်။

အခန်းတံခါးကပိတ်ထားသည်။ ချောင်းကြည့်တော့လည်းမမြင်ရ၊ 'နှင်း'ကောဘယ်ရောက်နေပါသနည်း။

သည်နေရာမှာဆက်စောင့်နေလျှင် ကောင်းမလား၊ ပြန်ရလျှင်

ကောင်းမလား သူဝေခွဲမရ။

'ကျွီ. . .'

တံခါးကပွင့်လာ၏။ ပြီးအထဲမှ 'နှင်း'နှင့် အမေထွက်လာသည်ကို တွေ့ရသည်။ သူ့ရင်တွေခုန်သွားပြန်ပါပြီ။

'အမေ ဒီညတော့မလာပါနဲ့တော့၊ အိမ်မှာပဲအိပ်လိုက်ပါ။ သမီးရှိနေပြီပဲ၊ မပူပါနဲ့၊ သူ သတိရလာရင် ချက်ချင်းအကြောင်းကြားပါ့မယ်'

'နှင်း'က အမေ့ကိုပြောရင်း ထွက်လာခြင်းဖြစ်၏။ အမေက ဆွဲခြင်းကလေးတစ်ခုကိုဆွဲထားသည်။ အိမ်ပြန်မည့်ပုံ။

သူ ရှေ့သို့တစ်လှမ်းတိုးလိုက်သည်။

'နှင်း'ကိုစကားပြောရန် အမေ့ကိုနှုတ်ဆက်ရန်ဖြစ်၏။

သို့သော် 'နှင်း'ကသူ့ကို မြင်သွားသည်။ အကြည့်တစ်ချက်ရောက်လာပြီး ချက်ချင်းမျက်နှာကိုလွှဲပစ်လိုက်ကာ အမေ့လက်မောင်းကိုဆွဲလျက် သူ့ဘေးမှဖြတ်ထွက်သွား၏။

စကားပြောရန်ပြင်လိုက်သော သူ့နှုတ်ခမ်းများ အာစေးမိသလိုဖြစ်သွားသည်။

'နှင်း'နှင့်အမေက သူ့ကိုကျောပေးကာ စကြ်န်အတိုင်းလျှောက်သွား၏။ သူ့ခြေတွေမရွေ့မိသေး၊ စကြ်န်မှနေ၍ လှေကားကိုကွေ့ ဆင်းတွင် 'နှင်း'၏အကြည့်များ သူ့ထံသို့တစ်ချက်ဝေ့လာ၏။ တစ်ခဏပါပဲ၊ ပြီးလျှင် လှေကားမှဆင်းသွားသည်။

'ငါ . . . ဘာလုပ်ရမလဲ'

'နှင်း'ကိုဆက်စောင့်ပြီး စကားပြောရမလား။

စကားပြောလျှင်ကော 'နှင်း'ကလက်ခံပါ့မလား။

သူပြောသည်ကိုရော ယုံကြည့်ပါ့မလား။

သူ့စကားကြောင့် 'နှင်း' စိတ်တွေပိုမိုရှုပ်ထွေးကာ သောကဝေဒနာများ ပိုသွားလေမလား။

'နှင်း' ကိုအတင်းလိုက်၍ သူပြောချင်သည်ကိုပြောခြင်းသည် ကောင်းကျိုးဆိုးကျိုးက များဖို့ရာမှ သေချာနေသည်ဟု တွေးမိသည်နှင့် နေရာမှ သူ လှည့်ထွက်လာခဲ့မိတော့သည်။

♛ ♛ ♛

□

ဆံတော်ရှင် ကျိုက္ကဆံစေတီတော်မြတ်၏ တောင်ဘက်မုခ်မှ တက်လာကာ ရင်ပြင်ရောက်လျှင် ဘယ်ဘက်ကိုချိုးကွေ့လိုက်သည်။ စနေထောင့်မှာ သူရပ်ပြီး နေခြည်တွင် ရွှေရောင်တဝင်းဝင်းဖြစ်နေသော စေတီတော်မြတ်ကြီးကို မော်၍ဖူးမိ၏။

ပြီးမှ . . . စနေထောင့်တွင် ဘုရားကိုရေသပ္ပါယ်သည်။ ဆီမီးတိုင်၊ အမွှေးတိုင်ကပ်လှူသည်။ ထို့နောက် ဘုရားရှိခိုးသည်။ စောစောက ဆီမီးတိုင်၊ အမွှေးတိုင်ဝယ်ရင်း တစ်ခါတည်းဝယ်လာသော စိပ်ပုတီးကိုထုတ်ကာစိပ်သည်။

ဂုဏ်တော်တစ်ထောင်ပြည့်သည်ထိ သူစိပ်ခြင်းဖြစ်၏။

အမျှဝေ၊ မေတ္တာပို့ပြီးနောက် ထိုင်ရာမှအထတွင် သူ့ကိုစူးစိုက်ကြည့်နေသော ရသေ့ကြီးတစ်ပါးကို တွေ့လိုက်ရသည်။ အညိုရောင်အဆင်းအရောင်ဖြင့် ကြည်ညိုဖွယ်ကောင်းလှ၏။ သူ့တွင်ပါလာသော ငွေအချို့ကိုထုတ်ကာ ရသေ့ကြီးကိုလှူလိုက်သည်။

ရသေ့ကြီးက သာဓုခေါ်ပြီးနောက်

'လူကလေး . . . ကံဆိုတာယုံလား. . .'ဟုမေးသည်။ ရသေ့ကြီး၏အသံမှာ သြဇာပြည့်ဝလှ၏။

'မှန်ပါ့ . . . ယုံပါတယ်ဘုရား. . .'

'အတိတ်ကံကို ပစ္စုပ္ပန်ဘဝမှာခံစားရတယ်၊ ပစ္စုပ္ပန်ဘဝမှာပြုတဲ့ကံက နောင်ဘဝအတွက်ဖြစ်တယ်၊ ခုဘဝပြုတဲ့ ကံအကျိုးက ခုဘဝမှာလည်းခံစားရမှာဖြစ်တယ်။ အတိတ်ဘဝက စင်ကြယ်ခဲ့တဲ့ ကံကြောင့်တစ်ခုခုကြောင့် ဒီဘဝမှာ ဒကာလေးတစ်စုံတစ်ခုသော အကျိုးကို ခံစားနေရတယ်၊ ဘုရားတရားကိုမမေ့ပါနဲ့. . .'

'မှန်ပါ့ဘုရား. . .'

ရသေ့ကြီးက သူ၏အဖြစ်ကိုသိ၍ မိန့်နေပုံမျိုးဖြစ်၏။

'မကြာခင်မှာ ဒကာလေးဟာဘဝအမှန်ကို ပြန်ရမှာပါ၊ ဒုက္ခသစ္စာကိုဆင်ခြင်ပါ. . .'

ရသေ့ကြီးက သူ့ခေါင်းကိုလက်နှင့်သပ်၍ တစ်စုံတစ်ခုရွတ်ဆိုပြီးနောက် ရသေ့ကြီးထွက်ခွာသွားသည်။

ရသေ့ကြီးကို လက်အုပ်ချီပြီး သူကျန်ရစ်သည်။

'ကိုမိုးညို . . . ကိုမိုးညို. . .'

အနားသို့ ဘရဏီနှင့် ကိုချစ်တီးရောက်လာ၏။

'ဟင် . . . ဘရဏီတို့ပါလား၊ ဘာလို့လိုက်လာတာလဲ. . .'

'ဘာလို့လိုက်လာရမှာလဲတော့၊ မနက်က ကျွန်မဈေးသွားတုန်း ရှင် ပျောက်သွားတာလေ၊ ဈေးကလည်းပြန်ရောက်ရော စိတ်ပူပြီး လိုက်ရှာလိုက်ရတာ၊ ရှင် တစ်မနက်လုံးဘယ်သွားနေတာလဲ. . .'

ဘရဏီအမေး။

'ဆေးရုံကိုခဏသွားတာပါဗျာ၊ ဆေးရုံကအပြန် ဘုရားကိုဝင်တာ'

'ဒါများ . . . ကိုချစ်တီးတို့ကိုမှာသွားပါတော့လား၊ ကျွန်မဖြင့် ရှင် စိတ်ပေါက်ပြီးထွက်သွားတာလားလို့ ပူလိုက်ရတာ၊ လူလည်းဒေါင်ချာစိုင်းနေတာပဲ. . .'

ဘရဏီက ငိုကြီးချက်မနှင့်ပြောသည်။ သဲသဲလှုပ်ဖြစ်နေသော ဘရဏီကိုကြည့်ပြီး သူသနားသွားသည်။ သည်လူကြမ်း၊ နှုတ်ကြမ်း၊ ရုပ်ကြမ်းကြီးနှင့်မိန်းမဟာ သူ့ယောကျ်ားကိုတော့ချစ်လိုက်တာ၊ နှလုံးသားကနုလိုက်တာ။

'အေးကွာ . . . ဘရဏီကငိုယိုပြီး ဟိုပြေးဒီပြေးဖြစ်နေတော့ ငါတို့လည်းမနေနိုင်တော့ဘူးပေါ့ကွာ၊ ဟိုမှာလည်း အွန်စောတို့တတွေ ရှာနေကြတုန်းရှိမှာပဲ၊ ငါတို့က ဒီဘက်လာရင်း ရပ်ကွက်ထဲက ချာတိတ်တစ်ယောက်က မင်း ဘုရားဘက်သွားတာတွေ့လိုက်တယ်လို့ သတင်းပေးတာနဲ့ လိုက်လာကြတာပဲ'

'တောင်းပန်ပါတယ်ဗျာ၊ မပြောမိခဲ့တာကျွန်တော့်အပြစ်ပါ . . . ကျွန်တော်လည်း စိတ်ထဲမှာသိပ်မကြည်လင်တာနဲ့ ဘုရားရှိခိုး၊ ပုတီးစိပ်နေတာပါ။ ဘုရားရှိခိုးပြီးအထမှာ ရသေ့ကြီးတစ်ပါးနဲ့တွေ့လို့ စကားပြောတယ်၊ ရသေ့ကြီးက ဆုံးမစကားနည်းနည်းပြောပြီး ခုပဲထွက်သွားတာ၊ အဲဒီတုန်း ခင်ဗျားတို့ရောက်လာတာပဲ. . .'

ဘရဏီနှင့် ကိုချစ်တီးက သူ့ကို တအံ့တသြကြည့်သည်။ ပြီးတော့ သူကို နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြန်သည်။

---

'ဘယ်လို ကိုမိုးညို ... ဘုရားရှိခိုးပြီး ရသေ့ကြီးနဲ့စကားပြောတယ်ဟုတ်လား၊ ဘယ်မှာပြောတာလဲ...'

ဘရဏီကမေးသည်။

'ဒီမှာပဲလေ ... ဒီမှာပဲရပ်စကားပြောတာ၊ ကျွန်တော့်ခေါင်းကိုတောင် လက်နဲ့သပ်ပြီး ဂါထာတွေရွတ်ပေးသွားသေးတယ်'

'ဟုတ်ရဲ့လားကွာ'

ကိုချစ်တီးကဝင်၍ မယုံသလိုပြောသည်။ သူစိတ်တိုသွားသည်။

'ကျွန်တော်က ခင်ဗျားတို့ကိုလိမ်စရာဘာရှိလဲဗျ၊ ရသေ့ကြီးအခုလေးတင် ထွက်သွားတာ ... ဟောဟို တောင်ဘက်မုခ်ဖက်ကိုကြွသွားတာ...'

သူက တောင်ဘက်မုခ်ကိုညွှန်ပြရင်း ခပ်ဆတ်ဆတ်ပြောလိုက်သည်။ ဘရဏီတို့ရောက်လာသည်က အနောက်ဘက်မုခ်ကဖြစ်၍ ရသေ့ကြီးကို မတွေ့လိုက်ခြင်းဖြစ်မည်ဟု သူထင်သည်။

ဘရဏီက မျက်လုံးပြူးနှင့်ကြည့်ကာ

'ကိုမိုးညို ... ရှင် မရူးပါဘူးနော်...'

ပြောသည်။

'ဘာ ... ဘာဖြစ်လို့ ကျွန်တော်ကရူးရမှာလဲ'

'မသိဘူးလေ ... ရှင့်ခေါင်းကိုထိထားလို့ ရူးများသွားသလားလို့'

'အဓိပ္ပါယ်မရှိတာ...'

ကိုချစ်တီးက ကြားဝင်ပြီး

'ဒီလိုကွ မိုးညိုရ... ငါတို့ ဒီဘုရားရင်ပြင်ပေါ်ရောက်နေတာဖြင့်ကြာပြီ၊ မင်းကို ဘုရားရှိခိုး၊ ပုတီးစိပ်နေတာတွေ့လို့ ဟိုနားမှာရပ်ပြီးစောင့်နေကြတာ၊ ပုတီးစိပ်ပြီး မင်းထတာနဲ့ ငါတို့လည်း မင်းဆီကိုလာတာပဲ၊ မင်း ဘယ်သူနဲ့မှ စကားမပြောပါဘူး။ ခဏလေးပဲ ရပ်နေ

တာတွေ့ရတယ် . . .'

ဟုပြောသည်။

သူ ဇဝေဇဝါဖြစ်သွားသည်။

'ခင်ဗျားတို့ ရသေ့ကြီးကို မတွေ့လိုက်ဘူးလား'

'ဟင့်အင်း . . .'

'တကယ်ပြောတာလား . . .'

'တကယ်ပါကွာ'

'ဟုတ်တယ် ကိုမိုးညို၊ ရှင်ပြောတဲ့ရသေ့ကြီးကို ကျွန်မတို့မတွေ့လိုက်ရတာအမှန်ပဲ . . .'

ဘယ်လိုဖြစ်တာပါလိမ့်၊ သူ ဘုရားရှိခိုးပြီးအထတွင် ရသေ့ကြီးကို တွေ့ရသည်။ အိတ်ထဲပါလာသော ဝတ္ထုငွေအချို့လှူသည်။ ရသေ့ကြီး မိန့်ကြားဆုံးမသမျှကို ခံယူသည်။ ပြီး ရသေ့ကြီးကြွသွားသည်၊ သူတို့က မမြင်ဘူးတဲ့၊ ဒါ သူတို့ဘုန်းကံနိမ့်လို့ပဲလား၊ ဒါမှမဟုတ် ရသေ့ကြီးကပဲ ထူးခြားသော ရသေ့ကြီးပေမို့လား။

သူ တွေပြီးကြောင်ရပ်နေသဖြင့်

'ကဲ . . . လာပါကွာ ပြန်ကြရအောင်'

ကိုချစ်တီးက ဆွဲခေါ်သည်။

'ဟုတ်ပါတယ် ကိုမိုးညို . . . ပြန်ကြရအောင်၊ ခေါင်းကအနာ မပျောက်သေးဘဲ ခုလို လှစ်ခနဲ လှစ်ခနဲမထွက်သွားနဲ့တော်၊ ကျွန်မတို့ စိတ်ပူရတယ် . . .'

ဘုရားဇနီက တောင်းပန်စကားဆိုရှာ၏။

ဘရားဇနီနှင့် ကိုချစ်တီးဆွဲခေါ်ရာသို့ သူပါခဲ့ရလေပြီ။ ခေါင်းထဲတွင်ကား ရသေ့ကြီး၏ရုပ်သွင်လက္ခဏာက မပျောက်။

♛ ♛ ♛

□

'ခဏနေကျရင် ဆရာကြီးတစ်ယောက်လာလိမ့်မယ်၊ ရှင့်ကိုဆေးကုပေးလိမ့်မယ်၊ ရှင် ကိုးယိုးကားယားတွေ မလုပ်ပါနဲ့နော်. . .'

နေ့လယ် ထမင်းစားအပြီး ထိုင်နေခိုက်မှာ ဘရဏီက ထူးထူးဆန်းဆန်းစကားဆိုသည်။ သူ စိတ်တိုစွာ ဘရဏီကိုကြည့်လိုက်မိ၏။

'ဘာဆရာကြီးလဲ၊ ကျွန်တော်က ဘာဖြစ်လို့ သူကဆေးကုပေးမှာလဲ. . .'

ဒေါသတကြီးဖြင့်လည်း သူပြောလိုက်မိ၏။

'ကိုမိုးညိုကလည်း ဒေါသချည်းပဲ၊ ကျွန်မတို့က ရှင်ကောင်းဖို့ စီစဉ်ရတာပါ. . .'

'ဘာ. . .'

'ရှင်က အရင် ကိုမိုးညိုနဲ့မှမတူတာ. . . မတူတာကမှ လုံးဝပဲ၊ ပြောင်းပြန်ပဲ၊ ပြီးတော့ ညကခွေးအူတာတို့၊ ထရံကိုလက်နဲ့ပုတ်တဲ့အသံတို့ကလည်း ထူးခြားတယ်၊ ဒါကြောင့် ရှင့်ကိုယ်ကို မကောင်းတဲ့အကောင်တစ်ကောင်ကောင် ပူးကပ်နေတာဖြစ်မယ်လို့ ကျွန်မနဲ့ ကိုချစ်တီးထင်တယ် . . . ဒါကြောင့်. . .'

'ဟား . . . ဟား . . . ဟား. . .'

သူ ထရယ်လိုက်သဖြင့် ဘရဏီကြောင်သွား၏။ ကြောက်လည်း

ကြောက်သွားပုံရ၏။ နောက်ကိုပင် အနည်းငယ်ဆုတ်သွားသည်။

'ရှင် . . . ဘာရယ်တာလဲ'

'ခင်ဗျားတို့က ရယ်ရတာကိုး . . .'

'ကျွန်မတို့က . . .'

'ဟုတ်တယ်လေ . . ။ မိုးညိုကို မကောင်းတဲ့အကောင် တစ်ကော
ကောင် ပူးကပ်တယ်ဟုတ်လား . . . မကောင်းတဲ့အကောင်က အရေ
မသောက်ဘဲ၊ ပုတီးစိပ်မတဲ့လား . . .'

'အဲဒါကိုက ရှင် ကိုမိုးညိုမစစ်တာ . . .

သူ ပြန်တည်သွားသည်။ ကြည့်ရတာ သူတို့တတွေက သူ့
ယုံကြည်ပုံမရ၊ မိုးညိုအစစ်ဟု လက်ခံချင်ပုံမရ . . .

'ပြီးတော့ ညကလည်း . . .'

'ညက . . . ဘာဖြစ်လဲ . . .'

'ဟို ကျွန်မမပြောချင်ဘူး . . . ကိုမိုးညိုသာဆိုရင် အဲဒီ
မဟုတ်ဘူး၊ ရှင်က ကျွန်မအနားကိုမကပ်ဘူး . . .'

'ဟာ . . . အဲဒါ . . .'

'ကိုမိုးညို နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံတွေနဲ့ လုံးဝမတူဘူး၊ ဒါ
ဘကြီးဖေလည်းသိတယ်၊ ကိုချစ်တီးလည်းသိတယ်၊ အွန်စောလည
သိတယ်၊ မက်ဒေါ်နားတောင်သိတယ်၊ ဒါကြောင့် ကိုချစ်တီးနဲ့ကျွ
တိုင်ပင်ပြီး ဆရာသွားပင့်ထားတာ . . .'

ပြဿနာ . . . အဲဒါမှပြဿနာ၊ ဆရာက ဘယ်လိုဆရာ
အထက်လမ်းဆရာလား၊ အောက်လမ်းဆရာလား၊ ဆရာစစ်လာ
ဆရာတုလား၊ ဘယ်လိုငါ့ကိုကုမှာလဲ။ မဟုတ်တရုတ်လုပ်ရင်တေ
ငါနဲ့တွေ့မယ် . . . ။

နေပါဦး . . . သူတို့ပြောသလိုများ ငါ . . . တစ်ခုခုပူးကပ်

ဘာလား၊ ငါ မိုးညိုလား . . . ဒိုးလား . . . ဘခြားဘယ်သူလဲ

ဒုက္ခပဲ ဒုက္ခတော့ရောက်ကုန်ကြတော့မည်။

'အဲဒီဆရာနဲ့မတွေ့ချင်ဘူးဗျာ. . .'

သူ လွှတ်ခနဲပြောလိုက်သည်။

'ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ ကိုမိုးညို ရှင့်စိတ်ကိုထိန်းပါ၊ သတိထားပါ၊ ရှင့်ကိုဒုက္ခရောက်အောင်လုပ်မှာမဟုတ်ဘူး။ ကုသပေးမှာပါ၊ ဆရာကြီးက အစွမ်းထက်တော့. . .'

'ဆရာတု ဆရာယောင်ပဲနေမှာပါကွာ . . . ဘရဏီ ခင်ဗျားတို့မှားနေပြီ၊ ကျွန်တော်ကို ဘာကောင်မှမကပ်ဘူး. . .'

'ဘာကောင်မှမကပ်ရင် ရှင်ဘာကြောင့် ခုလိုဖြစ်နေတာလဲ. . .'

'ကျွန်တော် ဘာဖြစ်နေလို့လဲ'

'ရှင် အရက်မသောက်ဘူး၊ အမဲသားမစားဘူး၊ ပြီးတော့ ကျွန်မနဲ့ ဟို အဲ. . .'

'အဲဒါနဲ့ မိုးညိုမဟုတ်တော့ဘူးလားဗျ. . .'

'အဲ ကိုမိုးညိုက ကျွန်မကို မင်းနဲ့ငါနဲ့ပဲပြောတယ်၊ ခင်ဗျား ကျွန်တော်မပြောဘူး၊ ပြီးတော့ ရှင်ဟာ ဘယ်သူ့ကိုမှမမှတ်မိဘူး. . .'

'အဲဒါက ဆရာဝန်ကြီးက ပြောလိုက်တယ်လေ၊ ခေါင်းကိုထိမိလို့ အတိတ်မေ့နေတာဖြစ်မယ်. . . တဲ့'

'အိုရှင် အတိတ်မေ့နေလည်း ဆရာကြီးကုပေးလိုက်ရင် ကောင်းသွားမှာပါ၊ ရှင် ဘာမှမကြောက်နဲ့၊ ကျွန်မတို့အားလုံးရှိပါတယ်. . .'

သူ သက်ပြင်းချလိုက်သည်။ အခြေအနေက ရှင်း၍ရမည်မဟုတ်သော အရှုပ်တစ်ထုပ်ဖြစ်၍ နေပေပြီ။

မတတ်နိုင်၊ သူတို့ပင့်ထားသောဆရာကြီးကို မီးစင်ကြည့်ကရတော့မှာပဲ။ သူကကြမ်းလျှင် ကိုယ်ကကြမ်းရုံပေါ့၊ သူကနုလျှင်လည်း

ကိုယ့်ကသိမ်သိမ်မွေ့မွေ့နေလိုက်ရုံပေါ့ . . .။

ကျားနှင့်ဆင် . . . လယ်ပြင် . . . အဲလေ . . . ဘရဏီအိမ်မှာ တွေ့ကြတော့မည်။

♛ ♛ ♛

☐

'ဒိုး'၏အခြေအနေကား စိုးစဉ်းမျှတိုးတက်မလာခြင်းအတွက် 'နှင်း' ပို၍စိတ်ပူနေရ၏။ သူ့အမေကလည်း 'သားလေးသေပြီနဲ့တူပါတယ်' ဟု တငိုငိုတရယ်ရယ်။

ခန္ဓာကိုယ်၏ ပူနွေးမှုကလေး ရှိနေခြင်းနှင့်အတူ ဖျော့တော့လှသော နှလုံးခုန်မှုကလေး ရှိနေခြင်းကြောင့်သာ သူ့ကိုမသေဟူ၍ သတ်မှတ်ထား ကြခြင်းဖြစ်၏။ လူကားမလှုပ်၊ အသက်မဲ့နေသည့်ပမာ။

ယနေ့ဆိုလျှင် နှစ်ညကျော်၍ သုံးရက်မြောက်နေပြီ။

သည့်ရက်အတွင်းမှာ 'နှင်း' အိမ်ကိုတစ်ခေါက်မှမပြန်ဖြစ်ခဲ့၊ ဖေဖေ နှင့်မေမေကလည်း အလိုက်သိစွာခွင့်ပြုထားခဲ့ကြသည်။ ခွင့်ပြုသည် ဆိုခြင်းမှာလည်း မကြာခင်လက်ထပ်ကြရန် သဘောတူထားပြီးဖြစ်ခြင်း ကြောင့်ပါ။

'ဒိုး' ရယ် သတိပြန်ရပါတော့၊ 'ဒိုး' ဒီအတိုင်းချည်းနေရင် 'နှင်း' ရင်ကွဲရချည့်၊ တကယ်တော့ အဲဒီနေ့က 'နှင်း'နဲ့သာမလိုက်ခဲ့ရင် 'ဒိုး' ဒီလိုဖြစ်ချင်မှဖြစ်မှာ၊ 'နှင်း'အပြစ်တွေပါပဲ 'ဒိုး' ရယ်၊ 'နှင်း'ကလည်း 'ဒိုး'နဲ့ခရီးသွားချင်တဲ့ဆန္ဒတွေကြောင့် 'ဒိုး'ကိုအတင်းခေါ်ခဲ့တာကိုး. . .'

'ဒိုး' လက်ကလေးကိုဆုပ်ကိုင်ရင်း 'နှင်း' စိတ်ထဲကပြောနေမိ၏။ 'ဒိုး'မျက်နှာကလေးကတော့ အိပ်မောကျနေသည့်ကလေးငယ်လို . . .

သည့်မှာပင်

မနက်က အခန်းထဲကအထွက်တွင် တွေ့လိုက်ရသော ရုပ်ကြမ်းကြမ်းကြီးနှင့်လူကို 'နှင်း' ဖျတ်ခနဲမြင်ယောင်လိုက်မိသည်။

သူ့ပုံက အခန်းရှေ့မှာရပ်ပြီး အထဲကိုကြည့်နေသည့်ပုံ။

ယခင်တစ်ခါ 'နှင်း'ကိုလိုက်ခေါ်ပြီး သူ့ကိုယ်သူ 'ဒိုး'ပါဟုပြောခဲ့သော သူ၊ သူ . . . ဘယ်သူလဲ၊ သူ ဘာကြောင့်လာပြန်တာလဲ။

သူ့ရုပ်ကကြမ်းနေသော်လည်း သူ့မျက်လုံးတွေက ခံစားမှုတစ်ခုခု ရှိနေဟန်ပါပဲ၊ သူကရော ဘာတွေခံစားနေရပါလိမ့်။

'ဒိုး'မေမေကိုလိုက်ပို့ဖို့ လှေကားကအဆင်းမှာ လှည့်ကြည့်သော ထိုလူကား 'ဒိုး'အခန်းရှေ့မှာရပ်နေဆဲ။

တစ်ခုခုတော့ တစ်ခုခုပဲ။

ဘာတစ်ခုခုလဲသာ 'နှင်း'မသိတာ။

လောကကြီးက မသိနိုင်ခြင်းတွေနှင့် ပြည့်နေပါတကား. . .။ ။

♛ ♛ ♛

(၆)

## ဘိုးတော်ယောင်နှင့်အားပြိုင်ပွဲ

ဆရာကြီးဆိုပေမယ့် အဘိုးကြီးအရွယ်မဟုတ်၊ ရှိလှလျှင် ငါးဆယ် စွန်းစွန်းပေါ့။ ဆံပင်ရှည်ကြီးတွေ၊ မုတ်ဆိတ်မွေးရှည်ကြီးတွေ၊ နှုတ်ခမ်းမွေးရှည်ကြီးတွေနှင့်မို့ အသက်ကြီးပုံပေါ်နေခြင်းဖြစ်၏။

အင်္ကျီက ကော်လံမပါ၊ ချစ်တီးများဝတ်သော စွပ်ကျယ်လို ပိတ်အင်္ကျီမျိုးဖြစ်ပြီး အောက်ကဝတ်ထားသည်မှာ ယောဂီရောင်ပြောင်လုံချည်ဖြစ်သည်။

ရောမကြီးသော စိပ်ပုတီးကြီးတစ်ကုံးကို လည်ပင်းတွင်ဆွဲထား၏။ လက်မောင်း လက်ဖျံတွေမှာ အင်းကွက်တွေ အရုပ်တွေနှင့်။

ထိုဆရာကြီးက ကြိမ်လုံးတစ်ချောင်းကိုကိုင်ကာ အိမ်ခေါင်းရင်း ဘုရားစင်ရှေ့တွင် တင်ပလ္လင်ခွေထိုင်လျှက် သူ့ကိုစိုက်ကြည့်နေ၏။

မျက်လုံးတွေက တန်ခိုးသြဇာမပါသလို မေတ္တာဖြင့်အေးမြခြင်းကို လည်းမဆောင်။ အကြည့်က ရန်သူတစ်ယောက်ကိုကြည့်နေပုံမျိုး။

မျက်နှာကို ဟန်ပါပါတင်းထားသည်က ဟိတ်ဟန်တစ်ခုဟုသာ သူကယူဆသည်။

သူက ဆရာကြီးရှေ့မှာ အေးအေးသက်သာထိုင်ရင်း ဆရာကြီးကို တည်တည်ပြန်ကြည့်နေသည်။ အကြည့်တွေက အေးအေးဆေးဆေးပါပဲ။

သူနှင့် သူ့ကိုကုမည့်ဆရာကြီးဆိုသူကို ဘရဏီ၊ ကိုချစ်တီး၊ ဒွန်စောတို့နှင့်တကွ ဘေးအိမ်နားနီးချင်းတချို့က ခြေရင်းဖက်ထရံကို ကျောပြုကာ စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

ဆရာကြီး၏

'ဘာဟိန်ဒရို ညာဟိန်ဒရို မိုးပေါ်မှာသိကြား၊ မြေအောက်မှာ နဂါး ပြိုင်ဘက်ရှား ငါကားဆရာ ပေါက်ဆရာပေါက်. . .' ဟူသော ကျွမ်းဝါးသံကြီးနှင့် ဗလုံးဗထွေးရေရွတ်သံက အိမ်ကလေးထဲမှ ဟိန်းထွက် လာ၏။ မီးကိုရေနှင့်သတ်သလို ဝိုင်းကြည့်နေသူတွေ ငြိမ်သက် တုပ်ဟုပ် မှုမလှုပ်။

ဆရာကဆက်၍ . . . ပါဠိလိုလည်းမဟုတ်၊ ဂါထာမန္တန်တွေလည်း မဟုတ်သော တရုတ်လိုလို၊ ကုလားလိုလို လူနားမလည်သောအသံများ ဖြင့်ဆက်၍ ရွတ်ဖတ်နေသည်ကို သူကမမှိတ်မသုန်ကြည့်နေသည်။

ပြီးနောက်

လက်တွင်ကိုင်ထားသော ကြိမ်လုံးဖြင့် ကြမ်းပြင်ကိုရိုက်ချလိုက်၏။

'ဖြန်း. . .'

အားလုံးတုန်သွား၏၊ သူကတော့ခပ်တည်တည်ပင်။

'ဒီမှာ ငါ့ကိုကြည့်စမ်း. . .'

ဆရာပေါက်ကြီးက အမိန့်ပေး၏။

'ကြည့်နေတာပဲ. . .'

သူက ခပ်တိုတို ခပ်မာမာပြန်ဖြေ၏။

'အံမာ . . . အသံကမာလှချေလား၊ မင်း ငါ့အကြောင်းမသိဘူး ထင်တယ်၊ ဆရာပေါက်တဲ့ကွ. . . ကျောကော့သွားမယ်၊ ကောင်းကောင်း ပြောစမ်း၊ မင်း ဘယ်သူလဲ. . .'

'သူတို့က မိုးညိုလို့ပြောတာပဲ. . .'

'မိုးညိုကိုမေးတာမဟုတ်ဘူး၊ မင်းကိုမေးတာ'

'ကျုပ်ကမိုးညို. . .'

'မဟုတ်ဘူး၊ မိုးညိုက ငါ့သား . . . မင်းကမိုးညိုကိုကပ်နေတာ၊ ပြော မင်းဘယ်ကလဲ၊ ဘာကောင်လဲ၊ ဘာလိုချင်လို့ကပ်နေတာလဲ'

'ကြီးကြီးစည်ရာဗျာ . . . ကျုပ်က မိုးညိုကိုမကပ်ပါဘူး၊ ဘာမှလည်း မသွားချင်ပါဘူး. . .'

ဆရာပေါက် ဒေါပွ ပုံရ၏။ သူ့ကို တစ်ခွန်းအတင်မခံ ပြန်ပြောနေသဖြင့် ရှက်သွားပုံလည်းရ၏။ ထိုရှက်သွားပုံမျက်နှာ နီစပ်စပ်ကိုကြည့်ပြီး ကျက်သရေယုတ်သွားသည်ဟု သူကထင်လိုက်သည်။

သည်ဆရာပေါက်ကား ဘာမှ မယ်မယ်ရရ စရဏမရှိ၊ ပညာမရှိသော လူငိမ်တစ်ဦးမှန်း သူရိပ်မိနေ၍ ဘယ်လိုပညာပြန်ပေးရလျှင် ရမလဲဟုတွေးနေမိ၏။ ဆရာပေါက်၏ပုံစံက ကြည့်ညိုစရာနတ္ထိ၊ ပုဂံခေတ်က အရည်းကြီးများ၏စတိုင်လ်။

'မင်းက ငါ့ကိုအာခံနေတာလား၊ ပြော . . . အမဲသား စားချင်လို့လား'

'အမဲသားက ဟိုနေ့က ဘရဏီချက်ကျွေးတာတောင် ကျုပ်မစားဘူး'

'ဒါဖြင့် ဘရဏီကိုနှောင့်ယှက်ချင်လို့ကပ်နေတာလား'

---

'ဟိဟိ . . . ကျုပ်ကမကစ်ပါဘူး။ ကပ်နေတာကို ခွာချနေတာ. . .'

'တယ် . . . မေးတာကောင်းကောင်းမဖြေဘူး၊ ဆေးကြိမ်လုံးနဲ့ တွေ့သွားချင်လား. . .'

'အဲဒါက ဆေးကြိမ်လုံးလား၊ မသိပါဘူးဗျာ၊ မူလတန်းကျောင်းက ဆရာမလေးဆီက ခိုးလာတယ်မှတ်နေတာ. . .'

ဝိုင်းကြည့်နေသူများထံမှ တခွိခွိကြိတ်ရယ်သံထွက်လာသည်။ ဆရာပေါက်မျက်နှာက အမဲသားလိုနီမြန်းလာ၏။

'မင်းကတော်ရုံနဲ့ရမယ့်ကောင်မဟုတ်ဘူး . . . ပြောစမ်း မင်း တို့ရပ်ကွက်ထိပ်က ထိန်ပင်ကြီးမှာနေတဲ့ကောင်လား. . .'

'ဟာ . . . ခင်ဗျားမှားနေပြီ၊ ကျုပ်ကလူ . . . ဘာကြောင့် သစ်ပင်မှာနေရမှာလဲ၊ ဒီအိမ်ဟာကျုပ်အိမ်၊ ကျုပ်အိမ်မှာကျုပ်နေတာ ခင်ဗျား လျှောက်မဖြီးနဲ့. . .'

'အို ကိုမိုးညို' ဟူသော ဘရဏီ၏စိုးရိမ်မှုနှင့် တုန်ခါနေသော လှမ်း၍သတိပေးသံကို သူကြားရ၏။ သူက ဘရဏီဘက်သို့လှည့်ကာ မျက်စိမှိတ်ပြလိုက်သည်။ 'အသာနေ' ဟူ၍လည်း အမူအယာလုပ်ပြ လိုက်သည်။

ဆရာပေါက်က ရေခွက်တစ်ခုကိုယူကာ ဘာတွေမှန်းမသိ မန်း မှုတ်နေ၏။

ပြီးလျှင် သူ့ထံသို့ထိုးပေးကာ

'ရော့ သောက်စမ်း. . .'

အမိန့်ပေး၏။

သူကခေါင်းကို ခပ်ပြုံးပြုံးလေးခါးယမ်းလိုက်သည်။

'မသောက်ဘူး. . .'

'ဘာဖြစ်လို့မသောက်ရမှာလဲ ငါ ဆရာအမိန့်. . .'

'ခင်ဗျားဓော်စောက လျှောက်ပြီးပေါက်ကရတွေရှုတ်နေတာ၊ တံတွေးတွေခွက်ထဲဝင်တာ တွေ့ရတယ်ဗျ. . .'

'ဘာ. . .'

သိပ်မဟောက်နဲ့ဗျာ၊ စကားပြောရင်လည်း နည်းနည်းဝေးဝေးက ပြောပါဗျာ၊ အာပုပ်စော်နံလို့. . .'

'ဟော့ကောင် ငါ . . . တယ်. . .'

ဝိုင်းကြည့်နေသူများ၏ရယ်သံက ဆရာပေါက်ကို ဒေါသဆွပေးလိုက်သလိုပင်။ ဆရာပေါက် ဒေါသဖြင့်ထိုင်ရာမှထသည်။

'မင်းက ကြမ်းမှကြိုက်မယ့်ကောင်၊ ငါကလည်း ဒါမျိုးမှကြိုက်တာကဲ ပညာစမ်းချင်ဦးကွာ. . .'

ပြောပြောဆိုဆို ဆရာပေါက်က လက်မှကြိမ်လုံးဖြင့် သူ့ကိုလွှဲရိုက်သည်။ ဘာရမလဲ သူကသိုင်းပညာကို စနစ်တကျသင်ယူတတ်မြောက်ထားသူပေပဲ၊ ဆရာပေါက်၏ကြိမ်လုံးကို ဘယ်လက်ဖြင့် ဖမ်းဆွဲလိုက်သည်။ ပြီးလျှင်အရှိန်ဖြင့် ကြိမ်လုံးကိုဆွဲချလိုက်ရာ ဆရာပေါက်၏ခန္ဓာကိုယ်ကြီး ရှေ့သို့ငိုက်ခနဲကျလာတော့၏။ တစ်ဆက်တည်းမှာပင်ထိုင်လျှက်အနေအထားမှ သူသည် ရှေ့သို့ငိုက်ကျလာသော ဆရာပေါက်၏ သူတစ်ပါးဆီက လိမ်ညာစားထားသဖြင့် ပူနေသောဗိုက်ကြီးအားဆောင့်ကန်လိုက်သည်။

'ဘုန်း. . .'

'အွတ်. . .'

ဆရာပေါက်၏ ညည်းသံနှင့်အတူ ပါးစပ်မှကွမ်းများ အပြင်သို့ဖွာခနဲထွက်ကျလာ၏။ ဆရာပေါက်၏ခန္ဓာကိုယ်ကြီးကား နောက်ကို ပြန်လန်သွားသည်။

'ဟော့ မိုးညို မလုပ်နဲ့. . .'

'ကိုမိုးညို. . .'

ကိုချစ်တီးနှင့် ဘရဏီတို့၏ စိုးရိမ်တကြီးဟန့်တားသံ

ဆရာပေါက်မျက်နှာကြီးကား ခရမ်းချဉ်သီးမီးဖုတ်ကဲ့သို့ နီနီရဲရဲ နွဲ့တွတွကြီးဖြစ်နေကာ ပါးစပ်မှ အယုတ္တအနတ္တ ဆဲဆိုသောစကားလုံး များပေါ်ထွက်လာသည်။

'ခွေးမသား . . . သရဲ . . . သင်းကို ငါချုတ်ပေးမယ်. . .'

ဆရာပေါက်က ဒေါသတကြီးဖြင့် ရှေ့သို့ခုန်တိုးလာကာ လက်မှ ကြိမ်လုံး ကိုရိုက်ရန် တအားလွှဲမြှောက်လိုက်ပြန်လေသည်။

'အမလေး. . .'

'ဘုရား . . . ဘုရား. . .'

ဘရဏီတို့၏ အလန့်တကြားအာမေဋိတ်သံများပေါ်ထွက်လာ၏။

သို့သော်

ထိုဆေးကြိမ်လုံးကြီးကား သူ၏ကိုယ်ပေါ်သို့ကျမလာနိုင်ခဲ့ချေ။ သူကထိုင်လျှက်အနေအထားမှပင် ဆရာပေါက်၏ပုဆိုးကို ဆွဲချုတ်လိုက် သောကြောင့်ဖြစ်၏။ ဆရာပေါက်ပုဆိုးမှာ ဗိုက်ပူပူပေါ်တွင် ခပ်လျော့ လျော့ပတ်ထားသည်ဖြစ်ရာ သူက အောက်မှဆွဲအချုတ် အပေါ်မှ ဆရာ ပေါက်က ကြိမ်လုံးနှင့်ရိုက်ရန် ခန္ဓာကိုယ်ကိုအကြွ . . . အရှိန်နှစ်ခုပေါင်း ကာ လျောခနဲကျွတ်ကျသွားပါတော့သည်။

'ဟာ . . . ဟ. . .'

'ဟောတော့. . .'

'အဟားဟား . . . အဟီးဟီး. . .'

ဆရာပေါက်၏အာမေဋိတ်သံ၊ ဘရဏီ၏အာမေဋိတ်သံများနှင့် ဝိုင်းကြည့်နေသူများ၏ရယ်သံများ တစ်အိမ်လုံးညံစီသွားသည်။ ရယ်သံ များအတောမသတ်တော့။

ဆရာပေါက်ကား 'မင်းကိုချွတ်မယ်' ဟုပြောသကဲ့သို့ သူ့ကို မချွတ်နိုင်မီ သူ့ဘာသာကျွတ်ကာ ကြိမ်လုံးကိုလွှတ်ချပြီး ကြမ်းပြင်ပေါ်သို့ ရှက်ရှက်ဖြင့် ရုတ်တရက်ထိုင်ချလိုက်ရ၏။ ပြီးလျှင် ပုဆိုးကို ကြမ်းပြင်မှ ကမျာကယာကောက်ယူပြီး ခါးမှာပြန်စည်းဖို့ ကြိုးစားနေရှာ၏။

သူ ရယ်မောနေရာမှ

'ကျုပ်ကိုချွတ်မယ်ဆို၊ ခုတော့ ခင်ဗျားကျွတ်သွားပြီ' ဟု ပြောလိုက်သည်။ ကြည့်နေသူများထံမှ ရယ်သံများ ခစ်ခနဲထပ်မံထွက်လာပြန်ပါသည်။

ဆရာပေါက်သည်လည်း ရှက်ရှက်ဖြင့် ထိုင်ရာမှထကာ ကြိမ်လုံးကိုပင်မကောက်နိုင်၊ သူ၏ဆေးလွယ်အိတ်ကိုပင် မယူနိုင်တော့ဘဲ သူ့ဘေးမှဖြတ်၍ အိမ်ပေါက်ဝသို့ပြေးဆင်းလေရာ သူကခြေထိုး၍ခံထားလိုက်သည်တွင် သူ့ခြေကိုတိုက်ပြီး ရှေ့သို့မှောက်လျက် ဟပ်ထိုးလဲကျသွားတော့၏။

'ဝုန်း. . .'

'အင့်. . .'

မျက်နှာနှင့်ကြမ်းပြင် မိတ်ဆက်သွားရသည်ဖြစ်သောကြောင့် ဆရာပေါက်အတော်အီသွားပုံရ၏။ နှုတ်ခမ်းမှသွေးပင်ထွက်လာ၏။

တဝေါဝေါ တအောအောရယ်သံများကြားမှ ဆရာပေါက်ဆက်၍မနေသာ။ လဲကျ၍နာသည်ကိုမှုနိုင်၊ ကမန်းကတန်းထ၍ ဆင်းပြေးလေရာ ဖိနပ်ပင်စီးမသွားနိုင်တော့။

ပုဆိုးမနိုင် ပဝါမနိုင်ဆင်းပြေးသော ဆရာပေါက်အား အိမ်အောက်တွင်ရှိနေသည့် မက်ဒေါနားကအမြင်ကတ်သွားပုံရ၏။ တဝုတ်ဝုတ်ဟောင်ကာ နောက်မှပြေးလိုက်တော့သည်။ ဆရာပေါက်က ရှေ့ကပြေး မက်ဒေါနားကနောက်ကလိုက်နှင့် လမ်းထဲတွင် လူနှင့်ခွေး ပြိုင်သော

မာရသွန်ပြေးပွဲကြီးဖြစ်သွားတော့သည်။

'ကိုမိုးညို ကိုမိုးညို. . .'

ဘရဏီက သူ့ကိုယ်ကိုဆွဲလှုပ်၍ခေါ်သည်။

'ဘာဖြစ်လို့ ဒီလောက်တောင်ခေါ်နေတာလဲဗျ. . .'

'ရှင် . . . ရှင် သတိတွေဘာတွေရပါတယ်နော်'

အရေးထဲမှာ ဘရဏီက သူ့ကိုမကောင်းဆိုးဝါးဝင်ပူးသည် ထင်နေသည်လားမသိ။

'ရတယ် ရတယ် မပူနဲ့၊ ဘာမှမပူနဲ့၊ ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်တာကို ဟိုအကောင်ပူးတယ် ဒီအကောင်ပူးတယ်ပြောတဲ့ ဆရာပေါက်ကို ပညာပြလိုက်တာ၊ တွေ့တယ်မဟုတ်လား . . . အဲဒီဆရာပေါက်ဆိုတာလူလိမ်. . .'

'ကိုမိုးညိုနဲ့တွေ့မှ ဆရာပေါက်ကျွတ်သွားတာ၊ ကျွတ်သွားတာမှ ဟီဟိ. . .'

အွန်စောကဝင်အပြော

'ဟား. . . ဟား. . . ဟား. . .'

'ဟီး. . . ဟီး. . . ဟီ. . .'

အားလုံးသောသူများ၏ရယ်သံများ ညံ့ထွက်လာပြန်တော့သည်။

'ကဲ . . . ကိုချစ်တီး ဆရာပေါက်ရဲ့လွယ်အိတ်နဲ့ကြိမ်လုံး လိုက်ပေးလိုက်ပါဗျာ. . . သူ့ခမျာ အဲဒါလေးတွေတောင် ပြန်ယူမသွားနိုင်ဘူး၊ အားနာကြောင်းလည်းပြောလိုက်ပါဗျာ . . . နော. . .'

သူက ကိုချစ်တီးကိုပြောပြီး ဘရဏီဘက်လှည့်ကာ

'ဘရဏီ တွေ့တယ်နော်၊ နောက်ထပ်ဆရာခေါ်လာဖို့မကြိုးစားနဲ့၊ ခေါ်လာရင် အဲဒီလိုဖြစ်သွားမယ် . . . ကျွန်တော်က သည်းခံပေမယ့် ပညာကသည်းမခံဘူး ဟဲဟဲ. . .' ဟုရယ်၍ပြောလိုက်သည်။

'ကျွန်မလည်း မခေါ်ရဲတော့ပါဘူးတော်၊ ဆရာပေါက်ကျွတ်သွားတာ မြင်ပြီး လန့်သွားပါပြီ' ဟု ဘရဏီကပြန်ပြောသည်။

အွန်စောက ဘရဏီလက်ကိုလှမ်းတို့ပြီး

'မမက ဆရာပေါက်ကျွတ်သွားတာမြင်ပြီး လန့်သွားတယ်ဆိုတာက ဘာကိုဆိုလိုတာလဲဟင်. . .' တဲ့။ ဝင်မေးပြန်သည်။ အတော်ကတ်သီးကတ်သတ်ရယ်စရာရှာကြံမေးတတ်သည့် အွန်စောပါတကား။

♛ ♛ ♛

□

'ကိုမိုးညို ဒီမှာညော့်သည်၊ ရှင့်ကိုတွေ့ချင်လို့တဲ့. . .'

ဘရဏီအသံကြောင့် အိပ်ယာထဲတွင်လှဲနေသော သူသည် အိပ်ယာမှပြန်ထကာ အခန်းတွင်းမှထွက်လာခဲ့ရသည်။

ဘရဏီက ညော့်သည်ကိုဖျာခွဲခင်းပေးနေသည်။

မိမိနှင့်ရွယ်တူလောက်ရှိမည်ဟု ခန့်မှန်းရသော လူရွယ်တယောက်ဖြစ်၏။ ဆံပင်ရှည်ရှည်၊ စပို့ရှပ်နှင့်၊ ဂျင်းဘောင်းဘီနှင့် မျက်နှာက

ကြွက်စုတ်နှင့်တူသည်။ ခန္ဓာကပိန်တာရိုး၊ သူမမြင်ဘူး မသိဘူးသော လူတစ်ယောက်ဖြစ်သည်။ ဘယ်သူပါလိမ့်။

ညှော်သည်ကသူ့ကိုမြင်သည်နှင့်။

'ကိုမိုးညို နေကောင်းတယ်နော်' ဟု အပြုံးဖြင့်နှုတ်ဆက်သည်။

'ဟုတ်ကဲ့ . . . ကောင်းပါတယ်'

'အေးဗျာ . . . သတင်းကြားကတည်းကလာဖို့ပါပဲ။ အလုပ်တွေရှုပ်နေတာကလည်းတစ်ကြောင်း၊ အိမ်လိပ်စာကလည်း အတိအကျမသိတာကလည်းတစ်ကြောင်းနဲ့မို့ အခုမှပဲ ရောက်လာဖြစ်တော့တယ်'

'ရပါတယ် . . .'

ထိုသူ့ကိုကြည့်ရသည်မှာ မိုးညို၏မိတ်ဆွေဖြစ်ပုံရ၏။ ရင်းရင်းနှီးနှီး စကားဆိုသည်။ ခက်သည်က သူက ထိုသူ့ကိုမသိ။

ဘရဏီက အိမ်နောက်ဘက်သို့ဝင်သွားသည်။

'ရော့ဗျာ . . . ပန်းသီးတွေ၊ ဒါ ဆရာကြီးကပေးခိုင်းလိုက်တာ' ဟု ထိုသူကဆိုကာ ပန်းသီးများထည့်ထားသော ကျွတ်ကျွတ်အိတ်ကို ရှေ့သို့တိုးပေးသည်။ ပြီးမှ လူပါရှေ့သို့ကိုင်းလာကာ လေသံဖြင့်ပြော၏။

'ဆရာကြီးက ခင်ဗျားကိုတွေ့ချင်နေတယ်၊ ဖြစ်နိုင်ရင် ကျွန်တော်နဲ့တစ်ခါတည်းလိုက်ခဲ့ပါ. . .'

'ဗျာ . . . ဆရာကြီး. . .'

'လန့်မသွားနဲ့လေဗျာ . . . ဆရာကြီးကခင်ဗျားကို ဘာမှမလုပ်ပါဘူး၊ တွေ့ချင်လို့ခေါ်ခိုင်းတာပါ၊ ခင်ဗျားကားအက်ဆီးဒင့်ဖြစ်ပြီး ဟိုကိစ္စပြီးမြောက်အောင် မလုပ်နိုင်ခဲ့တာကို ဆရာကြီးသိပါတယ်ဗျ. . .'

ဆရာကြီးဆိုသူကား မည်သူနည်း။

'ဟိုကိစ္စပြီးမြောက်အောင် မလုပ်နိုင်ခဲ့တာ' ဆိုတာက အဘယ်ပါနည်း။

သူမသိ၊ သူနားမလည်။

သူ၏ကြောင်အမ်းအမ်းမျက်နှာကိုကြည့်ကာ ကိုညွှ်သည်က တစ်ခုခုသဘောပေါက်သွားပုံပေါ်၏။ ပြုံးလိုက်ပြီး

'ဆောရီးဗျာ . . . ကျွန်တော်ကလောပြီး ပြောတာတွေများသွားတယ်၊ ခင်ဗျားကခေါင်းကိုထိထားလေတော့ တချို့ဟာတွေမေ့နေမှာပဲ' ဟုဆိုလေ၏။

သူကခေါင်းမှပတ်တီးကိုစမ်းကာ 'အင်းအဲ' ဖြင့်အလိုက်သင့်နေလိုက်သည်။

'ခင်ဗျား . . . ကျွန်တော့်နာမည်မှတ်မိလား'

ကိုညွှ်သည်အမေး။

သူမဖြေဘဲငြိမ်၍ပြန်ကြည့်နေမိ၏။

'ဗန်ဒိန်းလေဗျာ. . .'

'ဖွတ်. . .'

သူ့နှုတ်ခမ်းမှ ရယ်ချင်စိတ်ကတွန်းကန်ထွက်အလာ တစ်ဖက်က မသင့်ပါဘူးဟူ၍ အတင်းပြန်ကာထိန်းချုပ်၊ အမူအရာတွေပဋိပက္ခဖြစ်ပြီး ဖျတ်ခနဲနှုတ်မှအသံထွက်သွားသည်။ ကြည့်ပါဦး၊ ပိန်တာရှိ၊ ကြွက်စုတ်က သူ့ကိုယ်သူ ဗန်ဒိန်းတဲ့။

'ဘာဖြစ်တာလဲဗျ. . .'

'တံတွေးသီးသွားတာပါဗျာ. . .'

'ဘာပဲဖြစ်ဖြစ်လေ . . . ဆရာကြီးကလည်းတွေ့ချင်နေတယ် ဆိုတော့ ခင်ဗျားလိုက်ခဲ့မှဖြစ်မယ်၊ လူကနေကောင်းနေတော့ လိုက်နိုင်မှာပါ။ ဆရာကြီးက အဲဒီ 'နှင်း' ဆိုတဲ့ကောင်မလေးကိစ္စကို မပြီးပြတ်သေးလို့ စိတ်က ဘဝင်မကျကြီးဖြစ်နေပုံဗျ. . .'

'ဗျာ . . . နှင်း. . .'

'ဟုတ်တယ်လေဗျာ . . . နှင်းဆိုတဲ့ကောင်မလေးကိစ္စလေ၊ ခင်ဗျားကိုတာဝန်ပေးထားတာ'

'တာဝန်ပေးထားတယ် ဟုတ်လား. . .'

သူ တစ်ခုပြီးတစ်ခုအံ့ဩမှုတွေ ဆင့်နေရပြန်ပါလေ၏။

'နှင်း' တဲ့၊ ဘယ်က 'နှင်း'လဲ၊ သူ့ရဲ့ 'နှင်း' ပဲလား။

တာဝန်ပေးထားတာတဲ့၊ ဘာတာဝန်လဲ၊ စောစောက ကြွက်စုတ်ပန်ဒိန်း၏ စကားထဲမှာပါခဲ့သော ပြီးမြောက်အောင် မလုပ်နိုင်ခဲ့တဲ့ကိစ္စကို ဆိုလိုတာက ဘာကိုပြီးမြောက်အောင်လုပ်ရမှာလဲ. . .

မူလကတော့ ကြွက်စုတ်ပန်ဒိန်းခေါ်နေသော ဆရာကြီးနှင့် တွေ့ဖို့ ကိစ္စကိုသူစိတ်မဝင်စားပါ၊ မလိုက်ရန်ငြင်းမည်ဟုကြံရွယ်ထားခဲ့၏။ ယခုတော့ အတွေးကပြောင်းသွားသည်။

သိချင်သည်။ 'နှင်း' ဆိုသည်ကိုသိချင်သည်။ 'နှင်း'ကိစ္စကို သိချင်သည်။ ဆရာကြီးကို တွေ့ချင်သည်။

'အေးလေ . . . လိုက်ရမှာပေါ့'

'ကဲ . . . ဒါဖြင့် အဝတ်လဲဗျာ၊ သွားမယ်၊ ဆရာကြီးက ခင်ဗျားကို ဆိုင်းဘုတ်နဲ့ပင့်ခဲ့ပါလို့မှာလိုက်တာ. . .'

'ဆိုင်းဘုတ်နဲ့ပင့်ခဲ့ရမယ် ဆိုတာ ဘာလဲဗျ'

'ဆရာသမားကလဲဗျာ စပယ်ရာတွေ အော်အော်နေတာ မကြားဘူးလား. . . ဆိုင်းဘုတ်လာနေတယ်၊ ဆိုင်းဘုတ်ပြီးရင်ကျော်လို့ရတယ် ဆိုတာလေ၊ တက္ကဆီကိုပြောတာဗျ တက္ကဆီနဲ့ခေါ်ခဲ့ဖို့ မှာလိုက်တာ. . .'

'ဪ . . . ဪ. . .'

သူ ပြုံးမိသွား၏။ ဟုတ်ပါ့။ သူ ဘတ်စ်ကားတွေစီးလျှင် သည် ဝေါဟာရကိုကြားနေကျပေပဲ၊ ကားစပယ်ရာတွေက ဝေါဟာရအသုံးအစွဲ ကတော့ရှယ်ပဲ၊ ကလေးတွေနဲ့မိခင်ဆိုလျှင် 'လိုက်ပွဲတွေနဲ့' ဟုဆိုတတ်

သလို ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်တက်မည်ဆိုလျှင် 'ဘယ်ညာ' တဲ့။

ဘရဏီရှိရာ သူထသွားရ၏။

'ဘရဏီ . . .'

'ရှင် . . .'

'ကျွန်တော် အပြင်ခဏသွားဦးမယ်၊ အလုပ်ကိစ္စရှိတယ် . . .'

'အို . . . ရှင်ကနေမှမကောင်းသေးတာ၊ မသွားပါနဲ့ အလုပ်ကိစ္စက နေကောင်းမှလုပ်ပါ့လားရှင်၊ ရှင် နားနေပါဦး၊ ရှင်အလုပ်မလုပ်နိုင်ရင်လည်း ကျွန်မလုပ်ကျွေးမှာပါ . . .'

ဘရဏီက ကန့်ကွက်နေသေးသည်၊ ရုပ်ကြမ်းကြမ်းကြီးထဲက နှလုံးသားနုနုကို သူတွေ့လိုက်ရပြီး ဘရဏီကိုလေးစားသွား၏။

'ဒီလိုမဟုတ်ပါဘူးဗျာ . . . လူကနေကောင်းနေတာပဲ၊ မပူပါနဲ့၊ အလုပ်ကိစ္စပြောဆိုပြီးရင် ချက်ချင်းပြန်လာမှာပါ . . .'

'ကိုမိုးညို . . .'

'ဗျာ . . .'

'ရှင် အလုပ်ကိစ္စကျတော့ သတိရတယ်၊ ကျွန်မကျတော့ သတိမေ့နေတယ် ဟင့် . . . ဟင့် . . .'

အရေးထဲ မချွဲဘရဏီက ပုလဲတွေခ လာပြန်သေးသည်။ သူ စိတ်ရှုပ်သွားသည်။

'အဝတ်လဲပြီး ကျွန်တော်သွားလိုက်ဦးမယ်၊ အငှားကားနဲ့သွားပြီး အငှားကားနဲ့ပြန်လာမှာပါ၊ ဘော့စ်ကခေါ်တာဆိုတော့ မသွားလို့မဖြစ်လို့ပါ . . .'

'ဒါဆို မြန်မြန်ပြန်ခဲ့နော်၊ နောက်ကျရင် ကျွန်မစိတ်ပူလို့သေလိမ့်မယ်၊ အပြင်မှာလည်းစားမလာနဲ့ဦး၊ ကျွန်မ ရှင့်အတွက် ညစာ

ညယ်ချက်ထားတာ. . .'

'ကောင်းပါပြီ. . .'

သူ အဝတ်လဲပြီးတော့ ကြွက်စုတ်ဗန်ဒိန်းနှင့်အတူ အိမ်မှထွက်ခိုက်လာခဲ့၏။ အိမ်ရှေ့သင်းမှာအိပ်နေသော မက်ဒေါ်နားက သူအဖြတ်တွင် ခေါင်းထောင်ကာ တအီအီနူတ်ဆက်လိုက်သေးသည်။

♛ ♛ ♛

❑

အငှားကားမရမီ ဗန်ဒိန်းကြွက်စုတ်က စတိုးဆိုင်တစ်ခုမှာ ဖုန်းဆက်သည်။ ဆရာကြီးထံသို့ အကြောင်းကြားအစီရင်ခံခြင်းပဲဖြစ်၏။

ဖုန်းဆက်ပြီးပြန်ထွက်လာတော့

'အိုကေ . . . ကိုမိုးညို၊ ဆရာကြီးက ခါတိုင်းဆုံနေကျ တိုက်ကိုလာခဲ့ဖို့ပြောတယ်၊ အဲဒီမှာသူစောင့်မယ်တဲ့. . .'ဟုပြောသည်။ ခါတိုင်းဆုံနေကျတိုက်တဲ့၊ ဒါဟာ သူတို့ဆုံရပ် (သို့မဟုတ်) အချက်အချာနေရာဖြစ်ပေလိမ့်မည်။

ကြွက်စုတ်က အငှားကားတစ်စီးဖမ်းတားသည်။

ထိုအငှားကားဖြင့် သူတို့လိုက်လာခဲ့ကြ၏။

စကားဖောင်ဟန်တူသော ကားဆရာက ရွှေခွန်းဘေးခုံတွင် ထိုင်လိုက်လာသောသူ့အား လှည့်ကြည့်ပြီး . . .

'ဆရာတို့ကို တောင်းလိုက်ရတဲ့ဈေးက ခါတိုင်းထက်မြင့်နေလို့ ဝမ်းနည်းပါတယ်ဗျာ . . . ဆီဈေးကြောင့် ပိုတောင်းရတာပါ' ဟု စကားစသည်။

သူစိတ်မဝင်စား။ အင်းပင် မလိုက်။

ကားဆရာက လမ်းကြောင်းလွှဲကာ . . .

'ညကဆရာရယ်၊ ကေတီဗီကပြန်လာတဲ့ ငှက်မကလေးသုံးကောင်ကိုလိုက်ပို့တာ ဟာ . . . ကားပေါ်မှာပြောလိုက်တာ . . . သူတို့နဲ့တွဲခဲ့တဲ့ ဘူဒါးကြီးတွေ ကဲပုံသဲပုံတွေလေ . . . အရှက်လည်းမရှိကြဘူး ဆရာရဲ့၊ ပြောလိုက်ရယ်လိုက်နဲ့ . . . ကျွန်တော့်ကို ဖုတ်လေတဲ့ငါး ရှိတယ်တောင် ထင်ပုံမရကြဘူး . . .' ဟု ပြောနေသည်။

ဒါလည်း သူစိတ်မဝင်စား၊ သို့သော် စိတ်ဝင်စားသူက ကြွက်စုတ် ဗန်ဒိန်းဖြစ်၏။

'ဆိုပါဦးကားဆရာ၊ ဘာတွေပြောလဲဆိုတာ. . .'

'ကားကိုသာဂရုစိုက်မောင်းပါဗျာ၊ စကားတွေဖောင်နေတာနဲ့ တိုက်မိခိုက်မိဖြစ်နေပါဦးမယ်'

သူက စကားဖြတ်ပစ်လိုက်၏။

ကားဆရာ စကားတိတ်သွားသည်။ သို့တောင်မှ

'အဲဒီကောင်မလေးတွေပို့ပြီး ကားသိမ်းမယ်လို့အပြန်မှာ ဆံပင် ဖားလျားနဲ့မိန်းမတစ်ယောက်က ကားကိုဖမ်းတားတယ်ဆရာရဲ့၊ အဲဒီ နေရာကလည်း ပြီးခဲ့တဲ့အပတ်က မိန်းမတစ်ယောက်ကို ကုန်တင်ကား ကြီးကဝင်တိုက်လို့ ပွဲချင်းပြီးသေသွားတဲ့နေရာလေ၊ ဆရာရယ် ကျွန်တော်

ဖြင့် ကြက်သီးမွေးညင်းကိုထသွားတယ်. . .'

စကားဆက်နေပြန်သေး၏။

ကြွက်စုတ်ကား 'ချောချောလေးဆို တင်ခဲ့ရောပေါ့ဗျာ' ဟုဝင်ထောက်သည်။

'အကြောင်းမသိရင် မတင်ရဲဘူးဗျ၊ တင်မိလို့ ခံလိုက်ရတာတွေများပြီ၊ လမ်းကျမှ သူ့ကိုမတော်တရော်လုပ်ပါတယ်လို့ အော်မယ်ဆိုပြီး ငွေညှစ်ခံရတာ နှစ်ခါရှိပြီ. . .'

'အဲဒါနဲ့ . . . စောစောကဆံပင်ဖားလျားနဲ့မိန်းမကို ခင်ဗျားမတင်ဘူးလား. . .'

ကြွက်စုတ်အမေး။

'ကျွန်တော်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်လိုဖြစ်သွားမှန်းမသိပါဘူးဗျာ. . . ဆန်းလိုက်တာ . . . စိတ်ညှို့ခံလိုက်ရသလိုပဲ ကားကိုသူမရဲ့ရှေ့မှာ အလိုလို ထိုးရပ်မိပြီးသားဖြစ်သွားတယ်. . .'

သူနည်းနည်းစိတ်ဝင်စားသွားသည်။

'ဒါဆို ခင်ဗျား သူ့ကိုတင်ခေါ်ခဲ့တယ်ပေါ့. . .'

'ဟုတ်တယ်ဗျ . . . ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ သူဟာ လူမှဟုတ်ရဲ့လား၊ နာနာဘာဝလားလို့ သိပ်မသဲကွဲဘူးဗျ၊ သံသယရှိနေတယ် အဲဒါကြောင့် ကားသာမောင်းနေရတယ်၊ လူကကျောမလုံဘူး။ သူက နောက်ခန်းမှာထိုင်တာလေ. . .'

'ခင်ဗျားက မှန်ထဲကမကြည့်ဘူးလား . . . ကျွန်တော်ကြားဖူးတာကတော့ နာနာဘာဝဆိုရင် မှန်ထဲမှာမပေါ်ဘူးဆိုလားပဲ. . .'

'သူကပေါ်တယ်ဗျ . . . ကျွန်တော်လည်း ဆရာသမားပြောသလို ကြားဖူးလေတော့ နောက်ကြည့်မှန်ထဲမှာ သေသေချာချာကြည့်လိုက်တာ ခဏခဏပဲ၊ ကြည့်လွန်းလို့ သူ့မျက်နှာလေးတောင် အလွတ်ရနေလောက်

တယ်၊ အသက်သုံးဆယ်လောက်ရှိမယ်ဗျ၊ အသားဖြူဖြူနဲ့ တရုတ်မင်း သမီးလေးကျနေတာပဲ. . .'

'စကားမပြောဖြစ်ဘူးလား. . .'

'ပြောတာပေါ့ . . . ကျွန်တော်က ကားသမားတို့ထုံးစံပေါ့ဗျာ ခရီးသည်မပျင်းရလေအောင် ဟိုပြောဒီပြောလုပ်ရင်း သူ့အကြောင်း မေးတော့ သူမက ကားငှားတဲ့နေရာမှာရှိတဲ့ သူ့အဒေါ်အိမ်ကိုလာနေ တာတဲ့၊ အဲဒီညက သူ့အိမ်ကပြန်လာဖို့ဖုန်းဆက်လို့ပြန်ခဲ့ရတာတဲ့၊ အိမ်က အမေနေမကောင်းလို့တဲ့ သူက ဂါယနဏာဖြေရှာတယ်. . .'

'ဒါနဲ့ . . . သူသွားချင်တဲ့နေရာရောက်သွားရောလား'

'ဆိုပါတော့ . . . သူ့ကို ခြံကြီးတစ်ခုရှေ့မှာချပေးလိုက်ရတယ်၊ သူကကားခတစ်ထောင်တန်သုံးရွက် အသစ်လေးတွေပေးတယ် . . . ကျေးဇူးတင်ကြောင်းလည်းပြောသွားတယ်'

'ခင်ဗျားဇာတ်လမ်းက ဘာဆန်းလို့လဲဗျာ. . .'

သူကစိတ်ဝင်စားမှု လျော့သွားသည်။

ကားဆရာက လူရှုပ်သောလမ်းမို့ ကားကိုဂရုတစိုက်မောင်းနေ သဖြင့် ချက်ချင်းစကားမဆက်နိုင်။ လူရှင်းသောလမ်းပေါ်ရောက်မှ 'ဆန်းတယ်ဗျ. . .' ဟုစကားဆက်သည်။

'အဲဒီညက ကားသိမ်းပြီး ကျွန်တော်လည်း အိမ်ပြန်အိပ်လိုက် တယ်၊ မနက်မိုးလင်းတော့ မိန်းမကဈေးဖိုးတောင်းတာနဲ့ ပိုက်ဆံပေး မယ်ဆိုပြီး ပိုက်ဆံအိတ်ထဲကထုတ်တော့. . .'

ကောင်းခန်းကျမှ ကားဆရာက စကားကိုရပ်ထားလိုက်၏။ ရပ် ဆိုသည်ကလည်း သူတို့သွားရာနေရာက ရောက်နေပြီး ကြွက်စုတ်ဖန် ဒိန်းက ကားကိုရပ်ခိုင်းလိုက်သောကြောင့်ဖြစ်၏။

ဖန်ဒိန်းက ကားခရှင်းပေးသည်။

---

'ဆက်ပါဦးဗျာ . . . ခင်ဗျားဇာတ်လမ်း. . .'

သူကကားပေါ်မှ မဆင်းနိုင်သေးဘဲမေးမိ၏။

'ကျွန်တော်က မှတ်မှတ်သားသား သိပ်ရှိတဲ့ကောင်ပါ။ ဆံပင်ဖား လျားနဲ့မိန်းမပေးသွားတဲ့ တစ်ထောင်တန်အသစ်စက်စက်လေးတွေမို့ ပိုက်ဆံအိတ်ရဲ့ဘေးအိတ်မှာ သေသေချာချာထည့်ထားတာပါ။ မိန်းမကို ချေးဖိုးပေးပြီး သိမ်းထားတဲ့တစ်ထောင်တန်လေးတွေကို ဟဲဟဲ . . . ဘတ်ငွေပေါ့ဗျာ၊ ဘတ်ငွေ။ မိန်းမမသိအောင်ဘတ်ထားတဲ့ငွေ ဟဲဟဲ ဆရာတို့လည်း အဲဒီလို ဘတ်ငွေလေးတွေရှိတယ်မဟုတ်လား'

'ဟာဗျာ . . . ခင်ဗျားကရှည်လိုက်တာ၊ လိုရင်းမရောက်တော့ဘူး တီဗီကဇာတ်လမ်းတွဲတွေလို ကောင်းခန်းရောက်မှ ကြော်ငြာကဝင်ပါ လေရော. . .'

'အဲဒါ တစ်ထောင်တန်လေးတွေ မတွေ့ရတော့ဘူးဗျ . . . တစ်ထောင်တန်လေးတွေအစား ဘာတွေရတယ်လို့ ဆရာသမားထင်လဲ'

ကားဆရာက မေးခွန်းပြန်ထုတ်နေသေး၏။

'ဘယ်သိမလဲဗျ. . .'

'တရုတ်တွေအသုဘမှာ မီးရှို့တဲ့ငွေရောင်စက္ကူလေးတွေ ဖြစ်နေ တယ်ဗျ. . .'

'ဗျာ. . .'

'အဲဒီနေ့က မှုခင်းသတင်းဂျာနယ်ကို ပြန်ဖတ်တော့မှ ကျွန်တော် ပြောတဲ့ကားတိုက်ခံရပြီး ဆုံးသွားတယ်ဆိုတာ တရုတ်မတဲ့ဗျ. . . သွားတွေ့ရတယ်'

'ဟာ . . . ဒါဆို ခင်ဗျားကားကိုစီးတဲ့မိန်းမဟာ. . .'

'ဆရာတို့ စိတ်ဝင်စားသွားတယ်မဟုတ်လား . . . သွားပြီဆရာရေ နောက်တွေ့တဲ့အခါမှ ဆက်ပြောမယ်. . .'

---

စိတ်ကူးသစ်စာပေ

ကားဆရာက စကားဖြတ် နှုတ်ဆက်ပြီး ကားကိုမောင်းထွက်သွား သည်။ သူနှင့်ကြွက်စုတ်ဗန်ဒိန်း ပဟေဠိတွေနှင့် ကားပေါ်ကဆင်းကာ ကျန်ရစ်ခဲ့ရ၏။

ကားဆရာပြောသွားတာ အမှန်လား . . .။

ဝတ္ထုဇာတ်လမ်းတစ်ခုကိုပဲ တကယ်လုပ်ပြီး ပြောသွားခြင်း လေလော။

♛ ♛ ♛

(၇)

## သူတော်ယောင်ဆောင်တဲ့ဘီလူး

ဆုံနေကျနေရာဟုသာဆိုသည်။ သူလုံးဝမသိသော၊ မရောက်ဖူးသော၊ မရင်းနှီးသောနေရာဖြစ်၏။

ကြွက်စုတ်ဗန်ဒိန်းခေါ်ဆောင်ရာသို့ သူလိုက်ပါရင်း ဝန်းကျင်အနေအထားကို ခန့်မှန်းအကဲခတ်သည်။

ခြံကျယ်ကြီးတစ်ခုဖြစ်၏။ သစ်ပင်ကြီးတွေက အုပ်အုပ်ဆိုင်းဆိုင်းရှိလှသည်။ ခြံဝင်း၏ နောက်ဘက်ကျကျမှာ ဆောက်ထားသော တိုက်တစ်လုံးကိုတွေ့ရ၏။ တိုက်က တိုက်ဟောင်းကြီးဖြစ်သည်။ ရေညှိများတက်ကာ နွယ်ပင်များကပ်၍ပေါက်နေသောကြောင့်လည်းကောင်း၊ အချို့နေရာများတွင် အင်္ဂတေများ ကွာကျနေသောကြောင့်လည်းကောင်း လက်ရှိတွင် လူနေသော အဆောက်အဦး တစ်ခုမဟုတ်ဟု ယူဆမိ၏။

တိုက်ဝမှ လူတစ်ယောက်ကစောင့်နေသည်။ သူမသိ။

'မိုက်ခဲ . . . ဆရာကြီးရောက်နေပြီလား'

ကြွက်စုတ်ဗန်ဒိန်းကမေး၏။

'စောစောကပဲရောက်တယ်၊ မင်းတို့ရောက်လာရင် အပေါ်ကို လွှတ်လိုက်ဖို့မှာထားတယ် . . .'

မိုက်ခဲ၏အဖြေ။

'လာ ကိုမိုးညို . . . အပေါ်ကိုတက်ကြစို့'

အပေါ်ထပ်တက်သော လှေကားမှာလည်း အိုမင်းယိုယွင်းလှပြီး အခန်းတွေမှာလည်း တံခါးများရွဲ့စောင်းပြုတ်ကျလျက်။

အပေါ်ထပ် အခန်းကျယ်တစ်ခုထဲသို့ ဗန်ဒိန်းကြွက်စုတ်က သူ့ကို ခေါ်သွားသည်။ အခန်းဝမှ လူမိုက်ရုပ်ပေါက်နေသည့် လူတစ်ယောက် ရပ်စောင့်နေပြီး ထိုသူက သူ့ကိုပြုံးပြနှုတ်ဆက်သည်။

'ကိုမိုးညို . . . ခေါင်းမှာပတ်တီးနဲ့ဆိုတော့ ခမ့်ပိုမိုက်သွားတယ်'

သူက ပြုံးရုံသာပြုံးပြခဲ့၏။

စားပွဲကြီးတစ်လုံး၏နောက်မှာ သားရေကုလားထိုင်ကြီးဝတ်လျက် လူတစ်ယောက်ကျောပေးထိုင်နေ၏။ ဆံပင်ခပ်တိုတိုကို နောက်လှန်ဖြီးထားပုံမျိုးနှင့်ဖြစ်ပြီး မျက်မှန်တပ်ထားပုံရှိသည်။ ထိုင်နေသည်က ဆံုလည်ကုလားထိုင်ဖြစ်သည်။

ထိုသူကား ဆရာကြီးပင်ဖြစ်လေသည်။

သူနှင့် ကြွက်စုတ်ဗန်ဒိန်းတို့ စားပွဲရှေ့မှာရပ်လိုက်ကြသည်။

'ဗန်ဒိန်း . . . ရောက်လာပြီလား'

ဆရာကြီးအသံ လှကားလှည့်မလာသေး။

သူ့နားထဲမှာ ကြားလိုက်ရသော ထိုအသံကို သူကြားဖူးနားဝရှိသည်ဟု သူတွေးမိ၏။ ဘယ်မှာ ကြားဖူးတာပါလိမ့်။

'မိုးညိုပါလာတယ်မဟုတ်လား. .'

ဆရာကြီးက ဆုံလည်ကုလားထိုင်ကို လှည့်လိုက်ကာ သူတို့ကို မျက်နှာချင်းဆိုင်လိုက်လေသည်။

'ဟာ. . .'

သူ့နှုတ်မှ အာမေဋိတ်သံလွတ်ထွက်မသွားအောင် မနည်းပင် ထိန်းချုပ်လိုက်ရ၏။ ဆရာကြီး . . . ဆရာကြီးဆိုသူကား . . .

ဆံပင်ကိုနောက်လှန်ဖြီးလျှက် နဖူးပြောင်ပြောင်၊ နေကာမျက်မှန် အမည်းကြီးကိုတပ်ကာ အနောက်နိုင်ငံရုပ်ရှင်များထဲ ကိုကင်းစတား ဆရာကြီးပုံစံ ဖမ်းထားသော်လည်း ထိုမျက်နှာကိုကား သူ မည်သို့မျှ လွဲမှားစရာအကြောင်းမရှိပါ။

ကြိမ်ဖန်များစွာဆုံတွေ့ခဲ့ဖူးသော၊

ကြိမ်ဖန်များစွာ စကားပြောခဲ့ဖူးသော၊

မကြာမီမှာပင် ယောက္ခမတော်ရတော့မည်ဟု သူ သိရှိထားခဲ့သည့် ဦးစက္က 'နှင်း'၏ပထွေး ဦးဝစက္ကပါတကား။

ဆရာကြီးက သူ့ကိုကြည့်ကာ

'မိုးညို မင်းသက်သာရဲ့လား. . .'ဟုမေးသည်။

'ဟုတ်ကဲ့. . .'

သူ့ရင်ထဲတွင်ဖြစ်ပေါ်နေသော အံ့ဩမှု၊ မထင်မှတ်မှု၊ မယုံကြည် နိုင်မှုတို့ကြောင့် လှုပ်ရှားနေသည့်လှိုင်းဂယက်များကို အတတ်နိုင်ဆုံး ထိန်းသိမ်းကာ သူပြောလိုက်သည်။ မျက်နှာပျက်နေမည်ဖြစ်သော်လည်း ထိုမျက်နှာမှာ မိုးညို၏မျက်နှာဖြစ်နေ၍ ကိစ္စမရှိပါ။

ဘယ်လိုပါလိမ့်။

စီးပွားရေးလုပ်ငန်းတစ်ခုကို ပိုင်ဆိုင်သည်ဟု အများတကာလက်ခံ သော. . .၊ စိပ်ပုတီးတကားကားနှင့် ဘုရားတရားကိုင်းရှိုင်းလိုက်စား

သည်ဟု အများကယုံကြည်ထားသော၊ အလှူ့ဒါနများပြုလျက် ရပ်ရွာအတွင်း မျက်နှာဖုံးရှင်တစ်ဦးအဖြစ် အများကရိုသေလေးစားသော ဦးစက္က။

'နှင်း'၏မေမေက ဘုရားတစ်ဆူ ဂူတစ်လုံးလို ရိုသေကိုင်းညွတ်ရသော လင်ယောကျ်ား ဦးစက္က။

'နှင်း'ကလည်း ပထွေးဆိုသော်လည်း ဖခင်ရင်းနှင့်မခြား ချစ်ကြောက်ရိုသေရသော ပထွေး ဦးစက္က။

ထိုဦးစက္ကကား ယခုမူ ကိုကင်းဆရာကြီးတစ်ဦးဖြစ်နေပါလား။

မင်းသားခေါင်းဆောင်းထားသော ဘီလူးကြီးပါတကား။

ဘီလူးကြီး ဦးစက္ကဘာကြံစည်နေပါသနည်း။ ဗုန်ဒိန်းပြောခဲ့သောစကားများထဲက 'နှင်း'မှာ သူချစ်သော 'နှင်း'ကိုဆိုလိုသလား။

'အေးကွာ . . . ငါနိုင်းတဲ့တာဝန်ကို ထမ်းဆောင်ဖို့သွားရင်းဖြစ်ရတာဆိုတော့ ငါ့မှာလည်းတာဝန်ရှိပါတယ်၊ အရင်က မင်းကိုပေးလိုက်တဲ့ငွေအပြင် လိုရင်သုံးလို့ရအောင် ရော့ . . . ထပ်ယူသွား. . .'

ငွေစက္ကူတစ်ထပ် သူ့ရှေ့စားပွဲပေါ်သို့ ရောက်လာ၏။ သူဘာမျှပြန်မပြောနိုင်၊ ငွေတွေကို မယူမိသေး။

'ယူပါကွ . . . ယူပါ . . . ကားအက်ဆီးဒင့်ဖြစ်လို့ မင်းတာဝန်မပြီးခဲ့တာကို ငါနားလည်ပါတယ် . . . ငါကလဲကွာ ကောင်မလေးကိုသူ့အဘွားတွေဆီလွှတ်၊ သူ့ကောင်လေးကိုပါထည့်၊ ဟိုကျရင် သူတို့စုံတွဲပဲခူးဘုရားတွေလျှောက်ဖူးကြမှာဆိုတော့ . . . မင်းလုပ်ကြဲဖို့ အခွင့်ကောင်းပဲဆိုပြီး စီစဉ်ပေးလိုက်တာ၊ ပဲခူးမှာဖြစ်တာဆိုတော့ ရန်ကုန်မှာရှိတဲ့ငါလည်း ရဲရဲ့မျက်လုံးတွေအောက်က လွတ်တာပေါ့ . . . မဟုတ်ဘူးလား'

'ဟာ. . .'

သူပို၍အံ့ဩသွားရပြန်၏။ ဦးစက္က၏အကြံကိုလည်း တစ်စိတ်တစ်

ဝက်နားလည်လိုက်ပေပြီ။ အဘွားနေမကောင်းဟူ၍အကြောင်းပြကာ သူနှင့် 'နှင်း'ကို ပဲခူးလွှတ်ပြီး မိုးညိုကို လုပ်ကြံခိုင်းခြင်းဖြစ်ပါတကား။

အကြံပက်စက်လေစွ။

ယုတ်မာညစ်ထေးလေစွ။

'ဘာကြောင့် ဒီလိုကြံတာပါလိမ့်. . .'

သူ တွေးမရသေး။

'မိနှင်းရဲ့အဘွား . . . ငါ့ယောက္ခမက ငါ့ကိုမကြည်ဖြူဘူးလေ၊ ငါ့မိန်းမနဲ့ငါယူတာကိုလည်း အသိအမှတ်မပြုဘူးလေ၊ ဒါကြောင့် သူ့ပစ္စည်းတွေကို ငါ့မိန်းမကိုမပေးတော့ဘဲ သူ့မြေး 'နှင်း'ကိုပဲလွှဲပေးဖို့ စီစဉ်နေတာ၊ 'နှင်း'ကိုပေးရင် ငါကရပိုင်ခွင့်မရှိတော့ဘူး၊ မိနှင်းမရှိရင်တော့ ဘာပဲဖြစ်ဖြစ် ငါ့မိန်းမက တရားဥပဒေအရ ပိုင်လာရတော့မှာပဲ ငါ့မိန်းမပိုင်ရင် ငါပိုင်တယ်၊ ငါ့မိန်းမက ငါက ရှင်ဆိုရှင် သေဆို သေ. . .'

ဘုရား . . . ဘုရား ကောက်ကျစ်စဉ်းလဲလွန်းလှသော မြေခွေးကြီးပါတကား၊ သူ့ရင်မှာ ဒေါသများဖြင့်အုံကြွပြီး ပေါက်ကွဲလုဖြစ်လာသည်။ တစ်ခုခု ထလုပ်ပစ်ချင်စိတ်ပေါ်လာ၏။

သို့သော် . . . မဖြစ်သေး။

ယခုအချိန်မှာ ဘာမှလုပ်၍မရ။

သူက ဆရာကြီးဦးစက္ကတပည့် မိုးညိုဖြစ်နေသည်။ ဤသို့ဖြစ်နေခြင်းကပင်ကောင်းသည်။ ဆရာကြီးဦးစက္က၏ အကြံအစည်များကို သူသိခွင့်ရသည်လေ။

'အခု မိနှင်းရန်ကုန်ပြန်ရောက်နေတယ်၊ သူ့ကိစ္စမပြီးသေးတော့ ငါ့မှာလည်းစိတ်မအေးနိုင်ဖြစ်နေရတယ်၊ ဒီတော့ . . . ဒီလိုလုပ်ချင်တယ်ကွာ'

'ဟုတ်ကဲ့ ကျွန်တော်ဘာလုပ်ပေးရမလဲ. . .'

သူထောက်ခံလိုက်သည်။ ဖွင့်ပေးလိုက်သည်။

'လာမယ့် တနင်္ဂနွေနေ့ည လုပ်ငန်းစကြရအောင်၊ မိုးညိုနဲ့ဇန်ဒိန်းက ဝါ့အိမ်ကိုလာ၊ ငါကတံခါးဖွင့်ပေးထားမယ်၊ ခါးပြတိုက်တယ်ပေါ့ကွာ၊ ငါတို့ကို ကြိုးနဲ့တုပ် နည်းနည်းပါးပါး ဟန်ပြရိုက်၊ ပြီးရင် ပစ္စည်းတချို့ယူ၊ နှင်းကိုတန်ဆာခံဆိုပြီးခေါ်သွား။ ပြီးတော့မှ တစ်နေရာမှာ 'နှင်း'ကိုအပြတ်ရှင်းခဲ့ ဟုတ်ပြီလား. . .'

ပက်စက်လိုက်သည့်အကြံ၊ ကြောက်စရာကောင်းလိုက်သည့်အကြံ မဟာဒေဝဒတ်စီမံကိန်း။

'ဟုတ်ကဲ့. . .'

'ကဲ . . . ဒါဆို အသေးစိတ်ထပ်ပြီးညှိရအောင်၊ ဝါ့အိမ်ရဲ့အနေအထားနဲ့ အဝင်အထွက်လမ်းကြောင်းတွေ ငါပြမယ်. . .'

ဦးစက္ကဂှား အလွန်တက်ကြွနေလေ၏။

□

ဦးစက္ကဆီမှပြန်ရာလမ်းတွင် သူ့ခေါင်းတွေရှုပ်ထွေးနောက်ကျိကာ ရင်တွေပူနေ၏။

ယုတ်မာကောက်ကျစ်သူ ဦးစက္ကအတွက် မိမိက မိမိချစ်သူ 'နှင်း' ကို အပြတ်ရှင်းပေးရမည့်အဖြစ်၊ အကျည်းတန်လိုက်သည့်ဇာတ်လမ်း

သူ့အနေနှင့် . . . မည်သို့လုပ်ရမည်နည်း။

ဦးစက္ကအမိန့်ပေးခိုင်းစေသလို သူလုပ်ရမည်လော။

ဦးစက္က၏စက်ကွင်းမှ 'နှင်း'ကိုကာယ်တင်မည်လော။

သူ တိကျပြတ်သားရတော့မည်။

သူ ဆုံးဖြတ်လိုက်သည်။

ဦးစက္က၏အကြံအစည်ကို ဖွင့်ချဖို့။

'ကားဆရာ ကျွန်တော့်ကို အဲဒီရှေ့မှာပဲ ရပ်ပေးပါ. . .'

ဆရာကြီးဦးစက္ကစီစဉ်ပေးလိုက်သည့် အငှားကားကို အိမ်အထိ မမောင်းခိုင်းတော့ဘဲ လမ်းတစ်ဝက်မှာပင် ရပ်ခိုင်းလိုက်၏။

ကားဆရာက တစ်စုံတစ်ရာ အထွန့်မတက်၊ သူစေခိုင်းသလို ရပ်ပေးသည်။ သူ . . . ကားပေါ်မှဆင်းကာ ကားမှတ်တိုင်ဆီသို့ လျှောက်လာခဲ့သည်။

ဦးတည်ချက်က ဘတ်စ်ကားစီး၍ ဆေးရုံသို့သွားရန်ဖြစ်သည်။

ဆေးရုံသို့ဝင်လာသောအခါ သူ့ရင်တွေပိုင်၍ ခုန်လာကာ စိုးရိမ်မှု ဒီရေတွေ မြင့်တက်လာ၏။

သူက 'နှင်း' ကိုတွေ့ဆုံကာ ဦးဝဏ္ဏ၏အကြံကိုပြောဖို့ဆိုသည်မှာ စင်စစ်တော့ လွယ်ကူသည့်ကိစ္စမဟုတ်။

သူက 'ဒိုး' မဟုတ်၊ မိုးညိုဖြစ်နေသည်။ 'နှင်း'ကလက်ခံစကား ပြောပါ့မလား။

'နှင်း'ကလက်ခံစကားပြောသည်ထား။ သူ့စကားကိုယုံကြည်ပါ့ မလား၊ သူက 'နှင်း'မသိသောလူစိမ်းတစ်ဦးမဟုတ်လား၊ ပြီးတော့ ဦးစက္ကဆိုသည်က 'နှင်း' အနေနှင့် ဖခင်လို ချစ်ကြောက်ရိုသေသူ။

မိမိဘက်က ရှုံးနိမ့်ဖို့ ရာနှုန်းကများနေသည်။

အထင်လွဲကာ ရန်တွေ့ခံရဖို့က သေချာနေ၏။ မိမိ၏ ကြိုတင် ကာကွယ်မှုအစီအစဉ် အောင်မြင်ဖွယ်ရာမရှိ။

ဆေးရုံပေါ်ရောက်မှ သူ့ခြေလှမ်းတွေက ရှေ့ကိုဆက်မရအောင် ဖြစ်နေ၏။ 'နှင်း'ရှိရာ 'ဒိုး'ရှိရာအခန်းနှင့် နီးလာလေလေ၊ ခြေလှမ်း တွေ လေးလေလေ၊ ရင်ထဲမှာ ဒွိဟမုန်တိုင်းကြီးက မွှေနှောက်လာ လေလေ။

ထိုအခိုက်မှာပဲဖြစ်၏။

ဆေးရုံလှေကားမှတက်လာသော ဦးစက္ကကို လူအုပ်များကြားထဲ မှ သူလှမ်းမြင်လိုက်ရ၏။ ယခုတော့ တိုက်ပုံနှင့် ဘာနှင့် လူကြီးလူ ကောင်းသဏ္ဌာန်၊ တတ်နိုင်ပါပေ့ ဦးစက္ကရယ်။

သူ့ခေါင်းထဲသို့ အတွေးတစ်ချက်ဝင်လာ၏။

သူ့ကို ဦးစက္ကမြင်တွေ့သွား၍မဖြစ်၊ မြင်သွားလျှင် ပြဿနာတွေ ကြီးထွားလာနိုင်၏။ မိမိလည်း အန္တရာယ်ရှိနိုင်သည်။ 'နှင်း'လည်း လွတ်မြောက်ရာလမ်းမမြင်။

သူ ဆုံ့ဖြတ်ချက်ချလိုက်ကာ အခန်းတစ်ခန်း၏ ထောင့်ချိုး အကွယ်တွင်ဝင်ကာ ပုန်းနေလိုက်ရ၏။ ဦးဝဏ္ဏက သူပုန်းနေရာကို ဖြတ်ကာ 'နှင်း'ရှိရာအခန်းဆီသို့ လျှောက်သွားသည်။

'ငါ ဘာဆက်လုပ်ရမလဲ'

'ဦးစက္ကအခြေအနေကို စောင့်ကြည့်ရင်ကောင်းမလား. . .'

ရုတ်တရက် သူ . . . အဖြေတိတိကျကျထုတ်၍မရ။

ထိုအချိန်ကလေးမှာပင် 'ဒိုး'ရှိရာအခန်းမှ 'နှင်း'နှင့် ဦးဝဏ္ဏထွက်လာသည်ကိုမြင်ရ၏။ သူပုန်းလျှိုးရပြန်လေပြီ။

'သမီးလည်း ပင်ပန်းလှပြီ၊ တစ်ရက်လောက်အိမ်မှာနားသင့်တယ် 'ဒိုး'အမေစောင့်ပေးနိုင်တဲ့ညပေါ့'

'ရပါတယ်လေးလေး . . . သမီးမပင်ပန်းပါဘူး'

'သမီးရဲ့အမေကလည်း ကျန်းမာရေးသိပ်ကောင်းတာမဟုတ်ဘူး လေ၊ သမီးအတွက် သူကပူပန်နေတယ်၊ ဒါကြောင့်လေးလေးကပြော တာပါ. . .'

'ဒီရက်တော့ . . . မပြန်သေးဘူးလို့ စဉ်းစားထားတယ်၊ နောက် တစ်ရက်နှစ်ရက်ဆိုရင်တော့ လေးလေးပြောသလို ပြန်ဖြစ်မှာပါ'

သူ ပုန်းကွယ်နေရာနားမှ ဖြတ်သွားကြရင်း ပြောသွားကြသော စကားများဖြစ်သည်။

'သမီးကို တစ်ခုခုကျွေးချင်လို့ လေးလေးဝင်လာတာ၊ အပြန်ကျ တော့ 'ဒိုး'အတွက်လည်းဝယ်လာတာပေါ့၊ ဟုတ်တယ် ဟုတ်လား. . .'

'ကျေးဇူးပါပဲ လေးလေးရယ်. . .'

ဦးစက္ကနှင့် 'နှင်း' လှေကားမှဆင်းသွားကြသည်။ ဦးဝဏ္ဏက တစ်ခုခုကျွေးရန်ခေါ်သွားခြင်းဖြစ်ပေမည်။ အတော်ဟန်ဆောင်ကောင်း သည့်လူကြီးပါပဲ၊ ထို့ကြောင့်လည်း 'နှင်း'က ယုံကြည်လေးစားခြင်း

ဖြစ်ပါလိမ့်မည်။

သည့်အခြေအနေမျိုးမှာ သူ ဘာဝင်ပြောရ၍ရပါမည်နည်း။

'ဟင်း. . .'

သူလက်လျှော့ဖို့ ဆုံးဖြတ်လိုက်ရတော့သည်။

'နှင်း'တို့မရှိခိုက် 'ဒိုး'ရှိရာသို့ သူချဉ်းကပ်သွားသည်။ အခန်းတံခါးကပွင့်နေ၏။ အပြင်မှလှမ်းကြည့်သောအခါ 'ဒိုး'ကို ယခင်အတိုင်းတွေ့ရသည်။ အခုထိ . . . လူသေတစ်ယောက်နှင့်မခြား။

ထိုစဉ် ခုတင်ဘေးမှ အမေကလှည့်လာကာ အပြင်သို့ထွက်လာသည်။ မိုးညိုရုပ်ဖြင့်သူက အမေ့ကိုပြုံးပြလိုက်၏။

'အမေ. . .'

သူက ရင်ထဲရှိသည့်အတိုင်းခေါ်လိုက်သည်။ အမေကြောင်သွားသည်။ သူ့ကိုခေါ်သည်ဟုထင်ပုံမရ၊ ဘေးကိုငဲ့ကြည့်သည်။

သူ ဝမ်းနည်းသွားသည်။ အမေသူ့ကိုမမှတ်မိပါတကား

'အမေ. . .'

သူအားတင်းကာထပ်ခေါ်၏။

'အဒေါ်ကိုခေါ်တာလား. . .'

အမေက သူ့ရှေ့မှရပ်လိုက်ကာမေးသည်။

'ဟုတ်ကဲ့. . .'

'မင်းက အဒေါ်ကိုသိလို့လား'

'အမေ့ကို သိ . . . အဲ . . . သိတော့မသိပါဘူး၊ ဒါပေမယ့် ကျွန်တော်က 'ဒိုး'ရဲ့သူငယ်ချင်းပါ၊ 'ဒိုး'အခြေအနေကိုသိချင်လို့ပါ'

'ဩော်. . .'

အမေက 'ဩော်' ဟုရေရွတ်ရင်းငေးသွားသည်။ အမေ့မှာ မျက်ရည်များစို့စွတ်ပြီး ရီဝေလာသည်။ သက်ပြင်းမောမောရှည်ရှည်ကြီးကို

င်းခနဲချသည်။

'သားလေး . . . ခုထိ သတိလည်မလာသေးပါဘူးကွယ်'

'အားမငယ်နဲ့အမေ၊ ဆရာဝန်ကြီးတွေက ဒီလောက်ဂရုစိုက်နေ တော့ ပြန်ကောင်းလာမှာပါ'

'နေပါဦး . . . မင်း ခေါင်းကလည်းပတ်တီးကြီးနဲ့ပါလား။ ာဖြစ်တာလဲ'

'လဲကျလို့ပါအမေ၊ မတော်တဆဖြစ်သွားတာပါ. . .'

'ဂရုစိုက်ပါသားရယ် . . . အမေ့သားလေးလိုဖြစ်မှာ စိုးလို့ပြော ာပါ၊ ကဲ . . . အဒေါ် ဆရာဝန်ကြီးနဲ့ သွားတွေ့မလို့ သွားလိုက်ဦး ယ်နော်'

'ဟုတ်ကဲ့. . .'

အမေက သူ့ကိုဖြတ်ကာထွက်သွားသည်။

သားအမိနှစ်ဦး စကားပြောရသည်မှာ သူစိမ်းများအနေနှင့်ပါ။ ရင်မှာနာကျင်လျက် ကျန်ခဲ့၏။ ဘယ်ဓာဝကဝဋ်ကြွေးပါလိမ့်၊ သူ့မှာ ည်း မျက်ရည်တွေဝဲလျက်နှင့်။

'ဒိုး'၏ခန္ဓာကိုယ်ကို သူတစ်ချက်လှမ်းကြည့်ပြီး နေရာမှ ချာခနဲ ည့်ထွက်လာခဲ့မိတော့၏။

♛ ♛ ♛

□

ရပ်ကွက်တွင်းဝင်လာတော့ မှောင်စပျိုးနေပြီ။

ဘာရဏီသူ့ကို လည်တဆန့်ဆန့်မျှော်နေပေရော့မည်။

မိမိတို့နေထိုင်ရာ လမ်းသွယ်ကလေးထဲသို့ ချိုးကွေ့လိုက်သ

'ဩော် . . . ကိုမိုးညိုကြီး . . . ခုမှပြန်လာလား'

အွန်စောနှင့် မျက်နှာချင်းဆိုင်တိုးသည်။

'ဟုတ်ကဲ့. . .'

'မမဘာရဏီတော့ အိမ်ရှေ့မှာထွက်မျှော်နေလေရဲ့ ဟင်းဟင်း . ကိုမိုးညို သေရွာပြန်လာမှ မမဘာရဏီရဲ့အချစ်တွေက ပိုပြီးကြီး လာသလိုပဲ၊ ကိုမိုးညိုပြောင်းလဲသွားတာကိုလည်း သူဝမ်းသာ တယ်. . .'

'ဟုတ်လား. . .'

'ဝမ်းသာပါတယ်ရှင်၊ ကိုမိုးညို ရှင်ဟာ အရင်တုန်းက အ ကိုဆိုးတာ၊ ရပ်ကွက်မှာတော့ အော်ကြောလန်ပဲ၊ ဘာပဲဖြစ်ဖြစ် ဖြစ်သွားတာ ကောင်းသွားတာပေါ့နော်. . .'

အွန်စောကိုနှုတ်ဆက်ပြီး အိမ်ဘက်သို့ဆက်၍လှမ်းလာခဲ့သ သည်မှာပင် ဖျန်းခနဲကြက်သီးတွေထသွားသည်။ စိမ့်ခနဲဖြစ်သွား

တစ်စုံတစ်ဦး ဘေးမှဖြတ်သွားသလိုခံစားရသည်။

အို . . . ဘာဖြစ်တာလဲ

မျက်စိနှင့်လည်းတပ်အပ်မမြင်ရပါဘဲနှင့် ဘယ်အရာကများ သည်သို့ဖြစ်စေပါလိမ့်

ကြောက်စိတ်တော့မရှိ။

သူ့စိတ်က ဘုရားကိုအာရုံပြုလိုက်သည်။ နှုတ်မှဂုဏ်တော်ကိုရွတ်လိုက်သည်။ ဂုဏ်တော်ရွတ်ရင်း အိမ်ဘက်ကိုဆက်၍လျှောက်လာခဲ့သည်။

'ဝုတ်. . . ဝုတ်. . . ဝုတ်. . .'

သူ့နောက်ဘက်မှ ခွေးတစ်ကောင် အိမ်တစ်အိမ်အောက်မှပြေးထွက်လာကာ စတင်၍ဟောင်လိုက်သည်။ သူ့ကိုဟောင်ခြင်းမဟုတ်၊ စောစောက သူနှင့်အွန်စောရပ်စကားပြောနေရာကို ထိုးဟောင်နေခြင်းဖြစ်၏။

'ဝုတ်. . . ဝုတ်. . . ဝုတ်. . .'

'အူး. . . ဝူး. . . ဝူး. . .'

တစ်ကောင်ဟောင်ပြီဆိုလျှင် တစ်လမ်းလုံးရှိခွေးများအားလုံးပါဝင်လာတော့၏။ ခွေးတို့၏ဟောင်သံ၊ အူသံတွေ လမ်းထဲမှာ စီစီညံသွားသည်။ သူ့အိမ်ထဲမှ မက်ဒေါ်နားသည်လည်း လမ်းမသို့ပြေးထွက်လာကာ ဟောင်နေချေ၏။

အူသည်က၊ ဟောင်နေသောခွေးများက နေရာရွေ့လာကာ သူ့နောက်ခပ်လှမ်းလှမ်းအကွာမှ ပါလာခြင်းပဲဖြစ်၏။

'ကိုမိုးညို . . . မိုးချုပ်လိုက်တာတော်'

ခြံဝမှနေ၍ ဘရဏီကဆီးကြိုနေသည်။

'အေးဗျာ . . . အလုပ်ကိစ္စတွေမပြီးပြတ်တာနဲ့ ကြာသွားတယ်'

အကြောင်းစုံကို သူမပြောတော့၊ တိုတိုနှင့်ပဲ စကားကိုဖြတ်ချလိုက်သည်။

'ကျွန်မက လမ်းမှာရှင်မူးလဲနေမှာပဲစိုးတာ. . .'

'ဟာ . . . ကျွန်တော်မှ အရက်မသောက်တဲ့ဟာ. . .'

'ဟုတ်ဘူးလေ၊ အရက်သောက်လို့မူးလဲမှာကို ပူတာမဟုတ်ဘူး ခေါင်းကအနာကြောင့် မူးလဲမှာစိုးလို့ကိုပြောတာ. . .'

သည်တော့မှ ဘရဏီ၏အကြင်နာကို သူသဘောပေါက်ရပြီ တော့၏။

'ကဲ . . . လာ ကိုမိုးညို အိမ်ထဲဝင်ကြစို့. . . ထမင်းအဆင်သင့် ခူးထားပြီးပြီ၊ ရှင် ရေမိုးချိုးဦးမလား၊ ပြီးရင် ဝင်ကြမယ်. . .'

'ကောင်းပါပြီဗျာ. . .'

'အမယ် တယ်လီမွှာနေပါလား. . . အဲဒါကြောင့် ဘရဏီက ကိုမိုးညိုကို ပိုချစ်နေမိတာထင်တယ်. . .'

'သွားပြီ. . .'

'ဟင် . . . ဘာသွားတာလဲ ကိုမိုးညို. . .'

'ဩော် . . . မေ့တော့မလို့ ခုမှသတိရတယ် ဒီမှာရော . . . ကျွန်တော့် ဘော့စ်ကပေးလိုက်တာ. . .'

ဆရာကြီးပေးလိုက်သော ငွေကို အိတ်ထဲမှ သူထုတ်ပေးလိုက် တော့ ဘရဏီပို၍ ပြုံးဖြီးဖြီးကြီးဖြစ်သွားသည်။

ဘရဏီထံမှ မှတ်ချက်လည်းထွက်လာ၏။

'ရှင့် ဘောစ်ကိုလည်း ကျွန်မချစ်သွားပြီတဲ့. . .။

ဟိုက် ဘော့စ်ကို မရွှေဘရဏီက ဘောစိတဲ့ပါလား။

လမ်းထဲမှာတော့ ခွေးဟောင်သံတွေ မြိုင်ဆိုင်နေဆဲ . . .။

♛ ♛ ♛

□

'ဒီညတော့ ဘရဏီနဲ့ကျွန်တော် ခွဲအိပ်မှဖြစ်မယ်နော်. . .'

'ရှင်. . .'

ထမင်းစားအပြီးမှာ သူက ကာကွယ်ရေးလုပ်ငန်းကို စတင်လိုက်သည်။ သူ့စကားကြောင့် ဘရဏီမျက်လုံးပြူးသွားသည်။

'ဘာ . . . ဘာဖြစ်လို့လဲ'

မေးခွန်းတစ်ခုက လျှင်မြန်စွာထွက်လာ၏။

'ဩော် . . . ဒီလိုပါ မနက်က ဘုရားမှာတွေ့တဲ့ရသေ့ကြီးက မင်းအတွက်အားလုံးအဆင်ပြေသွားချင်ရင်၊ အညံ့တွေပြေသွားချင်ရင် အဓိဋ္ဌာန်တစ်ခုလုပ်ရမယ်တဲ့၊ အဲဒီအဓိဋ္ဌာန်ဝင်နေတဲ့ရက်မှာ ဇနီးမယားနဲ့အတူမအိပ်ရဘူးတဲ့၊ အဲဒါကြောင့်. . .'

သူက အဆင်ပြေနိုင်ဆုံး အကြောင်းပြချက်ကို ရွေးချယ်ကာ ပြောလိုက်တော့ ဘရဏီယုံကြည်သွားပုံရ၏။

'အဲဒါဆို ရှင် စာကယ်ကောင်းသွားမှာလား. . .'

မယုံမရဲအမေး။

'ဒါပေါ့ . . . သေချာတာပေါ့'

'ဒါပေမယ့်. . .'

'ဒါပေမယ့် ဘာဖြစ်လဲ ဘရဏီ. . .'

'ကျွန်မတစ်ယောက်တည်းမအိပ်ရဲဘူး၊ သရဲကြောက်တယ်'

'ဟာဗျာ ကျွန်တော်မရှိတဲ့ညတွေတုန်းက ခင်ဗျားတစ်ယောက်ထဲ

အိပ်နေပြီးတော့. . .'

'အဲဒီတုန်းကမကြောက်ဘူးရှင့်၊ ညကမှစပြီးကြောက်တာ၊ ကြည့်ပါလား ထရံကိုလာပြီးပုတ်တယ်၊ ခွေးတွေကဟောင်တယ်၊ အူတယ် အဲဒါသရဲပဲနေမှာ. . .'

'တစ်ယောက်ယောက် လာခေါက်တာနေမှာပါဗျာ၊ သရဲဆိုတာ မရှိပါဘူး'

'မဟုတ်တာ . . . ဘယ်သူကလာပြီးခေါက်မှာလဲ၊ အနောက်သန်တဲ့ ကိုချစ်တီးကလည်း သူခေါက်တာမဟုတ်ဘူးတဲ့၊ ပြောပြီးပြီ အဲဒါ သေချာတယ်၊ သရဲပဲ. . .'

'ဒါဆို အရင်က . . . ဒီသရဲက လာမခြောက်ဘူးလား'

'မခြောက်ဘူးတော့၊ ညကမှ အဲသလိုခြောက်တာ၊ အဲ . . . ဟို ရှင် ကားမှောက်တဲ့ညတုန်းကတော့ ခွေးတွေဟောင်တာတော့ရှိတယ်'

သူ့စဉ်းစားရပြီ၊ သည်အချက်ကတော့ နည်းနည်းဆန်းနေသည်။ ယခင်တစ်ခါတွေးမိသလို မိုးညို၏ဝိညာဉ်များလေလား၊ သူက မိုးညို အနေနှင့် ဘုရဏီနှင့်အတူအိပ်နေခြင်းကြောင့် မိုးညိုကမကျေနပ်၍ ခြောက်လှန့်ခြင်းလား။

'ကျွန်တော်ရှိတာပဲဗျာ. . . ကျွန်တော်ကဘုရားစင်ရှေ့မှာ အိပ်မယ် လေ၊ ဘုရဏီက အိပ်ခန်းထဲမှာအိပ်ပေါ့ . . . မဝေးပါဘူး၊ ထရံ တစ်ချပ် ပဲခြားနေတာကို. . .'

'ကျွန်မက ဘေးမှာတစ်ယောက်ယောက်ရှိနေမှ အိပ်တတ်တာ'

'အဲဒါဖြင့် . . . ကျွန်တော် ခရီးထွက်တဲ့ညက ခင်ဗျားဘယ်သူနဲ့ အိပ်လဲ. . . မညာနဲ့နော်၊ မှန်မှန်ပြော. . .'

'အိုး အဲဒီညက အွန်စောအဖော်လာအိပ်ပေးတာပါ၊ ရှင် အထင် မလွဲပါနဲ့'

---

'ဒီညလဲ အွန်စောကိုခေါ်သိပ်ဗျာ. . .'

'မဖြစ်ဘူးရှင့်၊ အွန်စောက . . . ညက ကျွန်မတို့အိမ်မှာ သရဲချောက်တာကိုသိသွားပြီး လာအိပ်ရဲမှာမဟုတ်ဘူး။ သူကလည်း သရဲသိပ်ကြောက်တတ်တာ၊ ကြောက်စရာရှိရင် သေးဖျန်းဖျန်းပါအောင်ကြောက်တတ်တဲ့ကောင်မ. . .'

'ခေါင်းအုံးကိုဖက်အိပ်ဗျာ. . .'

'အင်း . . . အဲဒါလည်း ဖြစ်မှာမဟုတ်ဘူး'

'ဘာကြောင့်လဲ. . .'

'ဒီခေါင်းအုံး . . . မနက်ကျရင် ရှုံ့ရှုံ့တွေ့စိုကုန်မှာ'

'ဟောဗျာ. . .'

ပြဿနာက မထင်မှတ်ဘဲနှင့် လုံးချာလိုက်နေခဲ့၏။ နောက်ဆုံးတွင် သူကပဲတစ်ထစ်လျှော့ကာ 'အိပ်ယာထဲတွင် လိုက်အိပ်ပေးပါမည်' အလယ်တွင် 'ခေါင်းအုံး' ချ၍စည်းတားထားမည်၊ 'မကျူးကျော်ရ' ဟူသော သဘောတူညီချက်ကို နှစ်ဦးသားအတည်ပြုချမှတ်လိုက်ရတော့၏။

သို့သော်

ထိုညမှာလည်း သူ ကောင်းကောင်းမအိပ်ခဲ့ရ၊

ထရံကို တဘုတ်ဘုတ်ပုတ်သံများ။

တဖြုန်းဖြုန်းရိုက်သံများ။

တဗျင်းဗျင်း ဆွဲခြစ်သွားသံများ။

ပြီးတော့ မက်ဒေါ်နား၏ တစ်ညလုံးဟောင်သံများ။

တစ်လမ်းလုံးက ခွေးတွေ၏ဆွဲဆွဲငင်ငင်အူသံများ။

ဂုဏ်တော်တွေ၊ သံဗုဒ္ဓေတွေရွတ်လိုက်၊ အသံတွေ ပျောက်သွားလိုက်၊ မကြာခင် ခပ်လှမ်းလှမ်းအခြားတစ်နေရာမှ တချွတ်ချွတ် တဒေါက်

ဒေါက်အသံများ ပြန်ပေါ်လာလိုက်၊ အိမ်ခေါင်မိုးပေါ်သို့ ခဲလုံးများ ကျလာလိုက်နှင့်။

ဘရဏီကလည်း ကြောက်သည်ဆို၍ သဘောတူညီချက်ကို ဖောက်ဖျက်ကာ အလယ်မှချထားသော ခေါင်းအုံးကိုကျော်ကျော်လာ၏။

'ကြောက်လို့ပါတဲ့ . . .'

ကံငါးပါးအကျိုးမပျက်ခဲ့သည့်အတွက်မှု သူ . . . ကျေနပ်ပီတိ ဖြစ်ရပါလေ၏။

စင်စစ် သူ့မှာက အတွေးတွေက ယောက်ယက်ခတ်နေခဲ့သည်။

ဆရာကြီးပေးလိုက်သောတာဝန်။

'နှင်း'ကို ရှင်းရမည့်တာဝန်

သူ . . . မည်သို့ လုပ်ရပါမည်နည်း။

သူ မည်သို့ 'နှင်း' ကို ကာကွယ်ရပါမည်နည်း။

♛ ♛ ♛

(၈)

## ရသေ့ကြီးပေးသည့် အတုမရှိဂါထာ

'ကျွန်တော် ဘုရားသွားဦးမယ်. . .'

ဘရဏီတည်ခင်းကျွေးမွေးသော နံနက်ခင်းစာ ထမင်းကြော်နှင့် ပဲပြုတ်ကိုလွေးပြီးနောက် သူက ဘရဏီကိုခွင့်တောင်းသည်။

'ရှင် တစ်ယောက်တည်းစိတ်မချဘူး၊ ကျွန်မပါလိုက်မယ်. . .'

ဘရဏီကလည်း ပြန်လည်တောင်းဆိုသည်။

'ကျွန်တော် ပုတီးစိပ်မှာ ကြာမယ်. . .'

'သိပ်ကြာရင်တော့မဖြစ်ဘူး၊ ကျွန်မက ဈေးသွား၊ ချက်ရပြုတ်ရဦးမှာ၊ ဒီလိုလုပ် . . .အဖော်ရအောင် ကိုချစ်တီးကိုခေါ်သွား. . .'

သို့ဖြင့် ကိုချစ်တီးနှင့်အတူ ကျိုက္ကဆံဆံတော်ရှင်စေတီတော်သို့ သူထွက်လာခဲ့သည်။

ကိုချစ်တီးက လမ်းတွင်

'မိုးညို . . . မင်းကိုကြည့်ရတာ ရုပ်ကတော့မိုးညို၊ စိတ်က မိုးညိုစိတ်မဟုတ်ဘူးဖြစ်နေတယ်' . . . ဟု ဝေဖန်သမှုပြုသည်။

'ဘာဖြစ်လို့လဲဗျ. . .'

'မိုးညိုက သောက်မယ်၊ စားမယ်၊ ရစ်မယ်၊ ရမ်းမယ် ဘုရားဆို ဘုရားပွဲတောင်မသွားဘူး၊ ဘုရားက အမွေပြတ်ကြေငြာထားတာခံရတာ လား ထင်ရတဲ့ကောင်၊ မင်းကဘုရားသွားပြီး ပုတီးစိပ်လို့ . . . ငါတော့ မယုံနိုင်အောင်ဖြစ်နေပြီ'

သူ ပြုံးလိုက်မိ၏။ သူ့အဖြစ်ကလည်း မယုံနိုင်စရာမဟုတ်လား။

'လူတစ်ယောက်ဟာ တစ်သမတ်တည်း ဆိုးနေရမှာလား ကိုချစ်တီး ရဲ တစ်ချိန်ချိန်မှာ ကောင်းတဲ့ဘက်ကို ပြောင်းလဲမသွားနိုင်ဘူးလား. . .'

'ဖြစ်နိုင်ပါတယ်. . .'

'အဲဒီလိုပဲပေါ့ဗျာ . . . ကျွန်တော်လည်း မယားမဖက်ချင်ဘူး၊ အဲ တရားကိုဖက်ချင်လာလို့ပေါ့ဗျာ ဟဲ ဟဲ. . .'

'ချီးကျူးပါတယ်ကွာ. . .'

ဘုရားရောက်တော့ စနေထောင့်မှာ သူက ဘုရားရှိခိုး၊ ပုတီးစိပ် ဖို့ပြင်သည်။ ကိုချစ်တီးက

'ငါက ငါ့မွေးနံ့ တနင်္လာထောင့်ကိုသွားမယ်၊ ဒါနဲ့ နေပါဦးကွ. . . မင်းက ဘာကြောင့် ဒီစနေထောင့်မှာ ပုတီးစိပ်မှာလဲ. . .'ဟုမေးသည်။

'ဒါက ကျွန်တော့်မွေးနံ့ထောင့်လေဗျာ. . .'

'ဒိုး'က စနေသားရယ်လေ။

'ဟာ . . . မင်းကတော့လုပ်ပြီ၊ မိုးညိုက ကြာသပတေးသားကွ၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ ကြာသပတေးလေကွာ၊ မိုးညို မိုးက . . . မ လေ'

သူက ဖြေရှင်းဖို့ကြိုးစားရ၏။

'နာမည်က မွေးနံ့နဲ့မကိုက်ဘဲ မှည့်ထားလို့ဗျာ၊ နေ့ကစနေသား'

'ဟုတ်လား. . .'

ကိုချစ်တီးလက်ခံသွား၍ တော်သေးသည်။

ကိုချစ်တီးထွက်သွားလျှင် သူသည် ဆီမီးတိုင်၊ အမွှေးတိုင်များ ထွန်းကာ ဘုရားကိုရှိခိုးသည်။ ဘုရားရှိခိုးပြီး ပုတီးစိပ်ရန်နေရာပြင် ချိန်တွင် ဘေးသို့အရိပ်တစ်ခုကျလာသည်။

မော့ကြည့်လိုက်တော့ မနေ့ တွေ့ခဲ့သည့် ထူးဆန်းသော ရသေ့ ကြီးဖြစ်နေသည်။

'လူကလေး. . .'

ရသေ့ကြီးက တောင်ဝှေးကိုထောက်၍ရပ်ရင်း သူ့ကိုခေါ်သည်။

'အမိန့်ရှိပါဘုရား. . .'

သူက လက်အုပ်ချီလိုက်၏။

'သတ္တဝါမှန်သမျှ သူပြုခဲ့တဲ့ကုသိုလ် အကုသိုလ်ကံတွေက ဘဝ အဖြစ်နဲ့ စီမံသွားတာကို ခံကြရတယ်၊ ကံအတိုင်း ဖြစ်ကြပျက်ကြရ မှာမို့ မဖြစ်ပါနဲ့လို့တားလို့မရဘူး။ ဝဋ်ကြွေးရှိရင်ဆပ်ရမှာပဲ၊ ဒါပေမယ့် လူကလေးဟာ ဝဋ်ကြွေးကြီးကြီးမားမားမရှိပါဘူး၊ အခိုက်အတန့်ပါ၊ ဒီတော့ လူကလေးကိုကူညီတဲ့အနေနဲ့ လူကလေး 'အတုမရှိပုတီးစိပ်' ကိုစိပ်ပါ။ ဘရသေ့ကတော့ နှိုင်းတုမရှိ ပုတီးစိပ်နည်းကို လူကလေး ရအောင်ချပေးခဲ့မယ်၊ ပုတီးဆယ်ပတ်စိပ်ပါ၊ ပုတီးစိပ်ပြီးရင် အတုမရှိ ဂါထာကိုဆက်ပြီးရွတ်ပြီး ပုတီးတစ်ပတ်စိပ်ပါ'

'စိပ်ပါ့မယ်ဘုရား. . .'

'ဒီပုတီးစိပ်နည်းနဲ့ ဂါထာရဲ့အဓိပ္ပါယ်ကို အကျဉ်းချုပ်ပြောရရင် တော့ အမြတ်ဆုံးဖြစ်တဲ့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ ဂုဏ်တော်တွေကို ပူဇော်ခြင်းဖြစ်ပြီး အဲဒီလိုရွတ်ဖတ်ပူဇော်ရတဲ့အတွက် မိမိမှာလည်း အကျိုးတရားရရှိပါစေဆိုတဲ့သဘောပဲ၊ လူကလေးယုံယုံ

ကြည်ကြည်နဲ့လုပ်ပါ။ လူကလေးအတွက် အထောက်အပံ့ဖြစ်ပါလိမ့်မယ်'

ရသေ့ကြီးက သူ့ဦးခေါင်းကိုကိုင်ကာ အတုမရှိ ပုတီးစိပ်နှင့် အတုမရှိဂါထာကို ရွတ်ဆိုချပေးလိုက်ရာ တစ်ခဏအတွင်းမှာပင် သူမှတ်မိရရှိသွားသည်။

'ကဲ . . . ဘရသေ့ပြောသလိုစိပ်ပေတော့၊ ဘရသေ့ကလည်း မင်းကိုမေတ္တာပို့ပေးပါ့မယ် ဘရသေ့သွားပြီ . . .'

ရသေ့ကြီးက ပြောပြောဆိုဆို ဲတောင်ဝှေးကြီးကိုထောက်ကာ ထောက်ကာဖြင့် သူ့အနားမှနေ၍ ဘုရားတောင်ဘက်မုခ်ဖက်သို့ ထွက်ခွာသွားလေသည်။

သူသည်လည်း ရသေ့ကြီးမှာကြားသည့်အတိုင်း အတုမရှိ ပုတီးစိပ်ကို အားလုံးဆုံးမှ ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈) လုံးပုတီး (၁၀)ပတ် စိပ်ပါလေတော့၏။ ပုတီး (၁၀)ပတ်ပြည့်လျှင် အတုမရှိဂါထာကို အားလုံးဆုံး ပုတီးတစ်လုံးချဖြင့် (၁၀၈)လုံး ပုတီးတစ်ပါတ်ထပ်မံစိပ်ကာ မေတ္တာပို့အမျှဝေခြင်းများ ပြုလုပ်လေသည်။

(ရသေ့ကြီးပေးခဲ့သော အတုမရှိပုတီးစိပ်နှင့် အတုမရှိဂါထာမှာ လောကီ၊ လောကုတ်နှစ်ဖြာ **ကြံသမျှအောင် ဆောင်တိုင်းမြောက်** သည်ဖြစ်၍ စာဖတ်ပရိသတ်များ ပွားများအားထုတ်နိုင်ရန် အောက်တွင် မျှဝေဖော်ပြပါသည်။)

**အတုမရှိပုတီးစိပ်**

**အဂ္ဂေါဗုဒ္ဓေါ၊ အဂ္ဂေါဓမ္မော၊ အဂ္ဂေါသံဃော၊**
**ဝိပါကော ဟောတု အစိန္တိယော။**

**အတုမရှိဂါထာ**

**အဂ္ဂေါဗုဒ္ဓေါ၊ အဂ္ဂေါဓမ္မော၊**
**အဂ္ဂေါသံဃော၊ အနုတ္တရော**

---

စိတ်ကူးသစ်စာပေ

အင်္ဂါဝိပါကော မေ ဟောတု
ယံ ယံ ဣစ္ဆံ သမိဇ္ဈတု။

သူပုတီးစိပ်၊ မေတ္တာပို့၊ အမျှဝေပြီးထလိုက်သောအခါ အနားကို ရောက်နေသော ကိုချစ်တီးကိုတွေ့ရ၏။

'မင်းပုတီးစိပ်တာလည်း ကြာလိုက်တာကွာ၊ ငါ ဘုရားရှိခိုးပြီး ပြန်လာ တော့ မင်း ပုတီးမစိပ်သေးဘူး၊ ဘုရားရှိခိုးနေတုန်းရှိသေးတယ်၊ ပြီးတော့ မင်း ဘာလုပ်နေမှန်းမသိဘူး၊ လက်အုပ်ချီပြီး ခေါင်းညိတ် နေတယ်၊ ပြီးမှပုတီးစိပ်တယ်၊ ငါ့အထင်တော့ မင်းပုတီးစိပ်တာ နှစ်နာရီ လောက် ကြာမလားမသိဘူး၊ ငါ့မှာ နာရီမပါလို့သာ အသေအချာ မပြောနိုင်တာ နေပါဦး၊ မင်း ဘာတွေများစိပ်နေတာလဲ. . .'

'အတုမရှိ ပုတီးစိပ်ပါ ကိုချစ်တီးရာ'

'အတုမရှိဟုတ်လား၊ မင်း . . . ဒါတွေဘယ်တုန်းကရတာလဲ'

'အရင်ကမရပါဘူး၊ စောစောကဘုရားရှိခိုးပြီးမှ မနေ့ကတွေ့ခဲ့တဲ့ ရသေ့ကြီးက လာပြီးပေးသွားတာ'

'ဟေ. . .'

ကိုချစ်တီးပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသားနှင့် သူ့ကို ကြည့်သည်။ မယုံကြည်နိုင်စရာ တအံ့တသြအမူအရာ။

'မင်းကတော့ ထူးထူးဆန်းဆန်းတွေချည်းပဲ၊ စောစောကရသေ့ ကြီးလာတယ်ဆိုတာ ငါဖြင့် မတွေ့ပါဘူး. . .'

'ပုတီးမစိပ်ခင်လေးမှာ လာသွားတာဗျ. . . ခင်ဗျားမတွေ့ဘူးလား'

'မတွေ့ဘူး. . .'

'အဲဒါဆိုရင်တော့ ခင်ဗျားအကုသိုလ်များလို့ဖြစ်မယ်. . .'

သူက ရယ်စရာအဖြစ် ပြောလိုက်သော်လည်း ကိုချစ်တီးအလေး

အနက်ဟန်ပန်ဖြင့်

'ဟာကွာ . . . ငါက မင်းထက် မဆိုးသွမ်း၊ မယုတ်မာပါဘူးကွာ၊ မင်းထက်တော့ အကုသိုလ်ပိုမများနိုင်ပါဘူး၊ မင်းဟာက ဟုတ်ရဲ့လားကွာ၊ မင်းစိတ်ထဲမှာ ရသေ့ကြီးလို့ထင်မြင်နေတာများလား. . . မင်းစိတ်တွေမှန်ရော မှန်ရဲ့လား. . .'

သူပြန်ပြောသည်။

'မှန်တာပေါ့ဗျာ၊ မှန်တာမှ မှန် မှန် မှန် လို့တောင်မြည်နေသေးတယ်၊ ခင်ဗျားလိုချင်ရင် ရသေ့ကြီးပေးတဲ့ ပုတီးစိပ်ကို ကျွန်တော်ပေးမယ်၊ ခင်ဗျားလည်းပုတီးစိပ်ပါ၊ စီးပွားရှေး လူမှုရေးကိစ္စတွေ ကြံသမျှအောင်မြင်တယ်. . .'

'စိပ်မယ်ကွာ . . . ခုပေး'

သူက အတုမရှိပုတီးစိပ်နှင့် အတုမရှိဂါထာကို ကိုချစ်တီးအားနှုတ်ဖြင့်ရွတ်ဆိုကာ ချပေးသည်။ ကိုချစ်တီးက တော်တော်နှင့်မရ၊ ရှေ့ကရပ်လျှင် နောက်ကမေ့၊ နောက်ကရပ်လျှင် ရှေ့ကမေ့နှင့် သွက်ချာပါဒလိုက်နေလေတော့၏။ နောက်ဆုံးတွင် စိတ်မရှည်တော့ဘဲ. . .

'အိမ်ကျမှ စာနဲ့ရေးပေးကွာ၊ ကြည့်ပြီးဆိုမယ်. . .' ဟုပြောလေတော့၏။

'ကဲ . . . ဒါဆို ပြန်ကြစို့ဗျာ၊ အချိန်ကြာနေလို့ ဘရဏီကမျှော်နေဦးမယ်'

'အံမာ . . . ငါ့ကောင်က ဘရဏီအတွက် တွေးနေတတ်ပါလား'

'တွေးရမှာပေါ့ဗျ . . . သူက ကျွန်တော့်မိန်းမပဲ. . .'

'ဟော့ကောင် . . . နေစမ်းပါဦး ငါမေးစမ်းပါရစေဦး၊ ဘရဏီကအွန်စောကိုပြောနေသံ ငါကြားလို့ပါ၊ မင်းက ဘရဏီနဲ့ . . . ဟို . . . အဲဟိုဒင်းကွာ . . . မဟိုဒင်းဘူးဆို'

'ဟာဗျာ . . . ဘုရားပေါ်မှာ ခင်ဗျားပေါက်ကရတွေလာမေးနေတယ်၊ အဲဒါကြောင့် ခင်ဗျားအကုသိုလ်များတယ် ပြောတာပေါ့၊ ရသေ့ကြီးကို မတွေ့လိုက်ရတာလည်း အဲဒါကြောင့်နေမှာပဲ . . .'

'မဟုတ်ပါဘူးကွာ၊ ငါက ထူးဆန်းနေတယ်ထင်လို့ပါ၊ ပြီးတော့ မင်းကပြောတယ်တဲ့၊ ကာမေသုဖြစ်မှာစိုးလို့ဆို၊ အဲဒါနဲ့ ဘုရားဇီက ကိုယ့်မိန်းမနဲ့ကိုယ်နေတာ ဘာကြောင့်ဖြစ်ရမှာလဲလို့ ပြန်ပြောတယ်ဆို မင်းက ဘုရားဇီယောကျ်ားမဟုတ်ဘူးလား . . .'

အတော်ကို နှိုက်နှိုက်ချွတ်ချွတ်မေးသည့် ကိုချစ်တီး၊ ထို့ကြောင့်လည်း သူနှင့်အွန်စော အသွင်တူအိမ်သူ ဖြစ်နေကြခြင်းဖြစ်လိမ့်မည်။

'ဒါက . . . ဒီလိုရှိတယ်ဗျ ကိုချစ်တီးရဲ့ . . .'

'ဆိုပါဦး ငါနားလည်အောင် . . .'

'ဟိုဟာက ဟိုလိုဖြစ်လို့ပေါ့ဗျာ . . .'

'ဟာကွာ . . . ငါကအကောင်းမှတ်လို့နားထောင်နေတာ၊ မိုးညို မင်းထူးဆန်းနေတာ အဲဒါလည်းပါတယ်၊ အရင်ကမှုန်ကုပ်ကုပ်နဲ့ မရယ်မပြုံးတဲ့ကောင်က အခုတော့လည်း ရွှတ်နောက်နောက်တွေပြောလို့၊ ဆရာပေါက်ကြီးပြောသလို တစ်ကောင်ကောင်ပူးနေတာပဲဖြစ်ရမယ်၊ မဟုတ်မှလွဲရော . . .'

'ကိုချစ်တီးရာ ခင်ဗျားမို့ပြောတတ်တယ်၊ မဟုတ်မှတော့ လွဲပြီ ပေါ့ဗျ . . .'

ဘာပြောပြော ထိုအချိန်မှာတော့ သူ့စိတ်တွေ ပေါ့ပါးကြည်လင်နေသည်အမှန်။

ဘုရားပေါ်မှ သူတို့ဆင်းခဲ့တော့ နေက အတော်မြင့်လာနေပြီဖြစ်၏။

□

တိုက်ခန်းတံခါးဝမှရပ်ပြီး တံခါးကိုခေါက်ရနိုး၊ မခေါက်ရနိုး သူ ဝေခွဲမရဖြစ်နေသည်။ တံခါးက အတွင်းမှပိတ်ထားသည်။

အမေ့ကိုတွေ့ချင်စိတ်၊ အိမ်ကိုတစ်ခေါက်ပြန်သွားချင်စိတ်ဖြင့် နေ့လယ်ထမင်းစားပြီး ဘရဏီအိပ်နေချိန်တွင် သူ ခိုးထွက်လာခဲ့ခြင်း ဖြစ်၏။

ယခု အိမ်သို့ရောက်ပါပြီ။

'ဒိုး'၏တိုက်ခန်းတံခါးဝမှာ။

ချီတုံချတုံဖြင့် တံခါးခေါက်ရနိုး၊ လှည့်ပြန်ရနိုးဖြစ်နေစဉ်တွင် တံခါး က ချောက်ခနဲအသံနှင့်အတူ ပွင့်လာ၏။

စကားသံတွေက ဦးစွာကျဲကျလာကာ လူရိပ်တွေလည်းပေါ်လာ၏

အသံကအမေ့အသံ။

'ဆေးကုသစရိတ်က တော်တော်လေးကုန်တယ်ကွယ့်၊ အရင်က သားက သူ့ရှာလို့ရတာကို အဒေါ်ကိုပြန်အပ်စဉ်တုန်းက အဒေါ်ကလို သလောက်ပဲယူပြီး ကျန်တာကိုစုထား စုထားလို့ပြောခဲ့တာ . . . အခု လို ရုတ်တရက်ဖြစ်သွားတော့ သူစုထားတဲ့ပိုက်ဆံတွေ ဘယ်မှာထားမှန်း အဒေါ်လည်းမသိဘူးဖြစ်နေတယ် . . .'

အမေ့အသံနှင့်အတူ အမေနှင့်လူရွယ်တစ်ယောက်ထွက်လာသည်။ လူရွယ်ကိုမြင်သဖြင့် သူဝမ်းသာအားရဖြင့် နှုတ်မှ 'ဟော့ကောင်ကျော်လင်း' ဟု ထွက်သွားသည်။ ကျော်လင်း . . . သူ့သူငယ်ချင်း ကျော်လင်း။

သူ၏နှုတ်ဆက်စကားကြောင့် ကျော်လင်းကြောင်သွားသည်။ သူ့ကိုမျက်လုံးပြူးကြည့်သည်။ ဇဝေဇဝါအမူအရာဖြင့်။

'ခင်ဗျား . . . ကျွန်တော့်ကိုသိလို့လား'

ပြန်မေးသည်။

သူ လောကြီးသွားခြင်းဖြစ်၏။ သူက ယခုအချိန်မှာ 'ဒိုး'မှမဟုတ်ပေဘဲ၊ ရုပ်သွင်က မိုးညိုလေ။

'အင်း . . . ဆောရီးဗျာ ကျွန်တော်က ခင်ဗျားကို ကျွန်တော့်အသိနဲ့မှားပြီးနှုတ်ဆက်မိတာပါ'

သူက စကားကိုဖြည့်ချ၏။ ကျော်လင်းက

'နာမည်ကတော့ တူနေတာပဲ၊ ကျွန်တော်က ကျော်လင်းလေ . . .' တဲ့။

'ကျွန်တော့်အသိကလည်း ကျော်လင်းပဲဗျ . . .'

'ဟာ . . . ဒါဆို ခင်ဗျားအသိနဲ့ ကျွန်တော်က ရုပ်ချင်းရော၊ နာမည်ချင်းပါတူနေတာပေါ့၊ ဆန်းတယ်ဗျာ . . .'

အမေကဝင်၍

'မောင်ရင်က ဆေးရုံမှာ အဒေါ်ကိုနှုတ်ဆက်တဲ့ သူငယ်မဟုတ်လား၊ သား သူငယ်ချင်းဆိုတာလေ . . .'ဟုပြောသည်။ အမေ့စကားကြောင့် ကျော်လင်းကပို၍ အူကြောင်ကြောင်ဖြစ်သွားကာ သူ့ကိုမယုံသင်္ကာကြည့်သည်။

'ခင်ဗျားက 'ဒိုး' သူငယ်ချင်းဟုတ်လား မဖြစ်နိုင်တာ 'ဒိုး'နဲ့ ကျွန်တော်က သိပ်ရင်းနှီးတဲ့သူငယ်ချင်းတွေပဲ၊ သူ့ရဲ့တခြားသူငယ်ချင်းတွေလည်း ကျွန်တော်အားလုံးသိတယ်၊ ခင်ဗျားကို မမြင်ဘူးပါဘူး . . .'

သူ ရုတ်တရက် အဖြေရကြပ်သွား၏။ ပြီးမှ

'ဒိုး'နဲ့ကျွန်တော်က ကွန်ပျူတာသင်တန်းတစ်ခုမှာ ဆုံခဲ့ကြတာပါ'

ဟုပြောလိုက်ရ၏။ 'ဒိုး'က ကွန်ပျူတာသင်တန်းတက်ဖူးသည်။ ထိုသင်တန်းကို ကျော်လင်းကမတက်၊ ထို့ကြောင့် သူ့ဉာဏ်အဖြေကို ပေးလိုက်ခြင်းဖြစ်သည်။

'ဪ . . . ဟုတ်ပြီ ဟုတ်ပြီ 'ဒိုး' အဲဒီသင်တန်းတက်တုန်းက ကျွန်တော်ကမတက်ဖြစ်တော့ ခင်ဗျားနဲ့မဆုံခဲ့တာဖြစ်မယ်၊ ကဲ နောက်မှတွေ့ကြသေးတာပေါ့ဗျာ ကျွန်တော်ကိစ္စရှိလို့သွားဦးမယ်၊ ကျွန်တော်က 'ဒိုး'အကြောင်းလာမေးတာ၊ အဒေါ် သွားပြီနော် . . .'

'ကောင်းပါပြီကွယ် . . .'

ကျော်လင်း လှေကားမှဆင်းသွားသည်။

'မောင်ရင်က ဒီကိုလာတာလား။ ကိစ္စများရှိလို့လား။ အဒေါ်လည်း ဆေးရုံကို ခုပဲသွားမလို့၊ အထဲကိုဝင်ပါဦးလား. . .'

အမေက သူ့ကိုပြောသည်။

'ဟာ အမေလည်းဆေးရုံကို သွားမှာဆိုတော့ အထဲကို မဝင်တော့ပါဘူး။ ဒီနေ့ ဆေးရုံဘက်ရောက်မှာမဟုတ်လို့ အိမ်ကိုဝင်ပြီး သတင်းမေးတာပါ. . .'

'သားအခြေအနေက မထူးသေးပါဘူးကွယ်. . .'

သူ တစ်ချက်တွေသွားပြီး

'အမေ စောစောကပြောတာ ကျွန်တော်ကြားလိုက်မိတယ်၊ ဆေးကုသစရိတ်ကကုန်တယ်၊ သားကငွေတွေ ရထားတာ ဘယ်မှာထားမှန်း မသိဘူးဆိုတာလေ၊ ဟုတ်လား. . .'

'ဟုတ်ပါတယ်ကွယ် . . . သားစုတော့စုထားတယ်၊ ဘယ်မှာမှန်း မသိတာ. . .'

'ဒါဆို သူ့စာရေးစားပွဲ ညာဘက်အံဆွဲထဲက ပလပ်စတစ်ဖိုင်တစ်ခုထဲမှာ ရှာကြည့်ပါလားအမေ. . .'

---

စိတ်ကူးသစ်ဖောဖ

အမေက သူ့ကိုကြည့်သည်။ ထူးဆန်းသောအကြည့်မျိုး။

'မင်းကသိလို့လား. . .'

'ဩော် . . . ဟိုလေ သင်တန်းတက်တုန်းက သူပြောဖူးတဲ့စကားထဲမှာပါတာ ကျွန်တော်မှတ်မိလို့ပါ. . .'

'သားက သိပ်လျှို့ဝှက်တတ်တာ . . . ကျော်လင်းတို့လို ငယ်သူငယ်ချင်းကိုတောင်မပြောဖူးတာ၊ မင်းကိုပြောပါ့မလား. . .'

'သေတော့ မသေချာဘူးပေါ့ခင်ဗျာ. . . ရှာတော့ရှာကြည့်ပါလား အမေ၊ ဟုတ်နေရင်လည်း အကျိုးရှိတာပေါ့. . .'

'ကောင်းပါပြီကွယ်၊ ကျေးဇူးတင်ပါတယ်. . .'

'ဒါဆို . . . ကျွန်တော်ပြန်လိုက်ပါဦးမယ် 'ဒိုး' နေကောင်းပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်'

သူ အမေ့ကိုနှုတ်ဆက်ပြီး လှေကားမှပြန်ဆင်းလာခဲ့၏။ အမေ ငေးကြောင်ကြည့်ပြီး ရပ်ကျန်ခဲ့မည်ဆိုသည်ကို သူသိနေပါသည်။

♛ ♛ ♛

□

'ဒိုး'မေမေ၏စကားကြောင့် 'နှင်း' တအံ့တသြဖြစ်ရ၏။

'အဲဒီလူက ဒီကိုလည်းလာဖူးတယ်၊ ပြီးတော့ အမေ့အိမ်ကိုလည်း လာတယ်ဟုတ်လား . . .'

ပြန်မေးသည်။

'ဟုတ်တယ်ကွယ့် ပြီးတော့ သူပြောသွားတဲ့အတိုင်း သားရဲ့စာရေးစားပွဲညာဘက်အံဆွဲထဲက ဖိုင်ထဲမှာ သားစုထားတဲ့ ပိုက်ဆံတွေတွေ့ရတယ်၊ ထူးတော့ထူးဆန်းတာအမှန်ပဲ . . .'

'ဒိုး'မေမေ၏မှတ်ချက်။

'အဲဒီလူက ဘယ်လိုပုံပန်းလဲ အမေ . . .'

'အင်း . . . မျက်နှာပေါက်ကတော့ ခပ်ဆိုးဆိုးပဲ၊ ဆံပင်ရှည်ရှည် အသားညိုညို၊ မျက်နှာပြားပြား၊ နှာခေါင်းကြီးကြီး၊ မျက်ပေါက်ကျဉ်းကျဉ်းနဲ့၊ သားထက်တော့အသက်နည်းနည်းကြီးပုံရတယ်'

သေချာပါပြီ၊ အဲဒီလူပါပဲ၊ 'နှင်း'ကိုလာနှုတ်ဆက်ခဲ့တာ သူ့ကိုယ်သူ 'ဒိုး'ပါဟုပြောခဲ့သူ၊ နောက်ထပ်တစ်ကြိမ်ဆေးရုံမှာတွေ့ရသူ။

'အမေ အဲဒီလူက ခေါင်းမှာပတ်တီးနဲ့မဟုတ်လား . . .'

'နှင်း'ကပြန်မေးလိုက်တော့ 'ဒိုး'မေမေအံ့အားသင့်သွားသည်။

'ဟုတ်တယ် . . . သမီးဘယ်လိုလုပ်သိတာလဲ'

'ဒိုး'ဆေးရုံရောက်ပြီး နောက်တစ်ရက်မှာပဲ အဲဒီလူက သမီးကို

'နှင်း'လို့ခေါ်ပြီးလာစကားပြောတယ်၊ 'နှင်း'က 'နှင်း'ကိုသိလို့လား မေးတော့ သူက သူက 'ဒိုး'ပါတဲ့၊ 'နှင်း'ချစ်သူပါတဲ့၊ အဲဒီလိုပြောတယ် အမေ. . .'

'ဒိုး'မေမေ မျက်လုံးပြူးသွားသည်။

'အဲဒါ တကယ်လားသမီးရယ်. . .'

'တကယ်ပါ အမေ၊ အမေ့ကိုသမီးက ညာပါ့မလား. . .'

'အင်း . . . ဆန်းတော့ဆန်းနေပြီ၊ သူကအဲမေ့ကိုတွေ့ရင် အမေလို့ပဲခေါ်တယ်၊ သူ အမေလို့ခေါ်ရင် အမေ့ရင်ထဲမှာလည်း လှုပ်ရှားသွားတယ်၊ နောက်တစ်ခုက သူပြောတဲ့အတိုင်း သားရဲ့စုငွေတွေကို တွေ့ရတယ်. . .'

'အမေပြောမှ 'နှင်း'လည်းစဉ်းစားမိတယ်၊ သူ့ရုပ်ကြီးကိုအမြင်ကတ်ပေမယ့် သူ့အကြည့်နဲ့ သူ့စကားတွေက 'ဒိုး'လိုပဲ 'နှင်း'ရင်ကို လှုပ်ရှားစေတယ်အမေ. . .'

'တစ်ခုခုတော့ ထူးခြားနေပြီလို့ ပြောရမှာပဲ၊ ဘာထူးခြားတာလဲ၊ ဘယ်လိုထူးခြားတာလဲသာ အတိအကျမပြောနိုင်တာ. . .'

'ဒီနေ့များ ဆေးရုံကိုလာဦးမလားမသိဘူး'

'ဒီနေ့တော့ လာမယ်မထင်ဘူး သမီးရဲ့ . . . သူပြောသွားတာပဲ ဆေးရုံကို ဒီနေ့ရောက်မှာမဟုတ်လို့ အိမ်ကိုဝင်ပြီးသတင်းမေးတာတဲ့'

'အမေ . . . သူက အမေတို့အိမ်ကိုရော ဘယ်လိုသိတာလဲ'

'အင်း . . . သူပြောတာကတော့ သူက 'ဒိုး'သူငယ်ချင်းတဲ့၊ သူနဲ့'ဒိုး' ကွန်ပျူတာတက်ရင်း ခင်ကြတာတဲ့. . .'

'ဟာ . . . အမေကလဲ 'ဒိုး' ကွန်ပျူတာတက်တုန်းက 'နှင်း'လည်းအတူတူတက်တာပဲဟာ၊ 'ဒိုး'သူငယ်ချင်းဆိုရင် 'နှင်း'သိမှာပေါ့'

'အင်း . . . ဒါလည်း ဟုတ်သားပဲနော်၊ ဒါဆိုရင်တော့ ပိုပြီး

ထူးဆန်းနေပြီ သမီးရေ. . .'

'ဒီတစ်ခါ သူလာရင် အရင်လို 'နှင်း'ကသူ့ကိုရှောင်မထွက်ဘဲ စကားပြောကြည့်မယ်၊ အကဲခတ်ကြည့်မယ်၊ အမေကလည်းအကဲခတ်ကြည့်ပေါ့၊ တော်ကြာ၊ လူလိမ်ဖြစ်မှာစိုးလို့. . .'

'ဒိုး'အမေ၏မျက်လုံးများ ငေးရီစိုစွတ်နေ၏။

'နှင်း' မျက်ဝန်း မှာလည်း . . .

'ဒီလူ . . . လာပစေဦး. . .'

♛ ♛ ♛

(၉)

# နေရာမှန် ပြန်တဲ့ဝိညာဉ်

မှတ်တိုင်မှဆင်းပြီးနောက် ရပ်ကွက်ထဲ သူဝင်လာချိန်တွင် မှောင်ရီဖျိုးဖျပြစ်နေပြီ။ လမ်းမီးတွေကားမလာသေး။ အမှောင်ကား ခေါင်းထောင်စပြုကာ အလင်းကိုအလဲထိုးဖို့ ပြင်နေချိန်. . .

သူ့အတွေးထဲမှာကား အမေ့အကြောင်းရောက်နေ၏။ အမေက သူ့ကိုမမှတ်မိ။ သို့သော် သူ့နေအိမ်သို့ သူ ယနေ့ရောက်ရင်း အမေ့ကိုလည်းတွေ့ခဲ့ရသည်။ စုထားသော ပိုက်ဆံများထားရှိရာနေရာကိုလည်း သူပြောနိုင်ခဲ့၏။ အမေတွေ့ပါ့မလားမသိ။

အမေက သူ့ကိုကြည့်ကာ အံ့သြဟန်နှင့် မယုံသင်္ကာဟန်တွေ ပေါ်နေသည်ကို သူ သတိပြုမိခဲ့၏။ အမေဟု သူခေါ်လိုက်တိုင်း အမေ့ရင်ထဲမှာလည်း လှိုင်းတစ်ခုခု ထသွားဟန်ရှိသည်ဟုလည်း သူတွေးမိသည်။

'နှင်း'ကရော။

'နှင်း'ကလည်း သူ့ကိုမမှတ်မိပါ။ သို့သော် သူ၏အပြောအဆို၊ အကြည့်တို့ကို 'နှင်း' ခံစားမိလိမ့်မည်ထင်ပါသည်။

အခုတော့ . . . ဘဝကခြားနေ၏။ အမေနှင့်လည်းကွဲရ၊ ချစ်သူနှင့်လည်းဝေးရ၊ ရသေ့ကြီးအမိန့်ရှိခဲ့သလို ဝဋ်ကြွေးဟုသာ သူခံယူရပေတော့မည်။

သည်ဝဋ်ကြွေး မည်မျှကြာမှ ကျေမှာပါလဲ။

'ဖျပ် . . . ဖျပ် . . . ဖျပ် . . .'

ရုတ်တရက် နားထဲသို့ ခြေသံတိုးဝင်လာ၍ သူ့အတွေးတွေ လွင့်ပြယ်သွားသည်။ ခြေသံက နောက်ကဖြစ်၏။ မည်သူနည်း၊ မိုးညို၏ ရန်သူတစ်ဦးဦးပေပဲလား။

သူနောက်သို့ ပြန်လှည့်ကြည့်တော့ မည်သူ့ကိုမျှမတွေ့။

ကြက်သီးမွေးညင်းတွေ ဖြန်းခနဲထသွား၏။

လာပြန်ပြီ၊ သည်လိုကြက်သီးထပုံမျိုး၊ ယခုနှင့်ပါဆိုလျှင် သုံးကြိမ်ရှိခဲ့ပြီ။

စိတ်ကတော့ ကြောက်စိတ်မရှိ၊ သက်ပြင်းမောတစ်ချက် မှုတ်ထုတ်ကာ သူဆက်လျှောက်လာခဲ့၏။

မကြာ၊ နောက်မှ ပြေးလိုက်လာသံကြားရသည်။

'ဘုတ် . . . ဘုတ် . . . ဘုတ် . . .'

သူစိတ်မရှည်၊ နောက်ပြန်လှည့်ကြည့်တော့လည်း မည်သူ့ကိုမျှ မတွေ့ပြန်၊ ကြက်သီးကသာ ဖြန်းခနဲရိုက်၍ မွေးညင်းတွေထောင်ထသည်။

'မင်းဘာကောင်လဲ . . .'

သူ နှုတ်မှတိုးတိုးရေရွတ်မိ၏။

အရာရာသည် ငြိမ်သက်သွားပြန်သည်။

လမ်းအတိုင်း သူခရီးကိုပြန်စသည်။ လေးငါးဆယ်လှမ်းမျှ ရှိသေး၏။ ခြေသံကပေါ်လာပြန်၏။

'ဖျပ်. . . ဖျပ်. . . ဖျပ်. . .'

သူလှည့်မကြည့်တော့၊ လှည့်ကြည့်လျှင်လည်း ဘာကိုမျှတွေ့ရမည်မဟုတ်၊ အချိန်သာဖင့်နွဲ့မည်။

ခြေလှမ်းမှန်မှန်ဖြင့်သာ သူလျှောက်လာရင်း ခြေသံကလည်းကပ်၍ ပါလာသည်ဟု သူထင်နေ၏။

'ဝုတ်. . . ဝုတ်. . . ဝုတ်. . .'

သူကျော်လာခဲ့သော်လည်း ခွေးဟောင်သံကရပ်မသွား၊ သူ့နောက်သို့လိုက်လာကာ ဟောင်သည်။

ခွေးဆိုသည်က တစ်ကောင်ဟောင်ပြီဆိုလျှင် အခြားခွေးတွေကလိုက်ဟောင်စမြဲမို့ လမ်းထဲမှာ ခွေးသံတွေဆူသွားသည်။

သူအိမ်ရှေ့ရောက်လာတော့လည်း မက်ဒေါ်နားက သူ့ကိုထွက်ဟောင်ပြန်၏။ မှောင်ကလည်းမှောင်စဆိုတော့ တစ်ခုခုပဲဟု သူနားလည်လိုက်သည်။ အထူးအထွေတော့ မစဉ်းစားအား။

အိမ်ဝမှ ဘုရားကိုက ထွက်စောင့်နေ၏။

ဘုရားကိုလှမ်းကြည့်ရင်း 'နှင်း' ကိုဖျတ်ခနဲမြင်ယောင်မိ၏။

ထိုအခိုက်အတန့်လေး၊

ထိုခဏကလေး။

ထိုအခါ သမယလေးမှာပင်၊

ခြေထောက်တွေက ရေမြောင်းကိုဖြတ်ကူးထားသော ဝါးတံတားလေးကိုဖြတ်အကူး . . .

ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က နောက်မှတွန်းလိုက်သလိုခံစားလိုက်ရပြီးနောက် . . .

လူက တံတားပေါ်မှတစ်ဆင့် မြေကြီးမြောင်းထဲသို့ ခေါင်းစိုက်ကာ ထိုးကျသွားသည်။

'ကိုမိုးညို့. . .' ဟူသော ဘရုဏီအသံ ဖျတ်ခနဲပျောက်သွားသည်။ မျက်ဝန်းထဲတွင် ရသေ့ကြီးကိုတစ်ချက် ဝင်းခနဲမြင်လိုက်သည်။ ခေါင်းက မြေကြီးမြောင်းဘောင်နှင့် အရှိန်ပြင်းစွာပြေး၍ရိုက်သည်။

'ဘုတ်. . .'

'အား. . .'

မျက်လုံးထဲမှာ အရောင်တွေမှိုးစုံသွားပြီးနောက် အမှောင်ထုက ရုတ်ချည်းလွှမ်းမိုး ကြီးစိုးသွားလေတော့၏။

♛ ♛ ♛

□

အမှောင်ထုကြီးဖြစ်၏။

အမှောင်ထုကြီးထဲမှာ သူ . . . ပြေးနေသည်။ သူ့နောက်မှ လိုက်ပါလာသော ခြေသံတွေကြားနေရသည်။

'မလွတ်စေနဲ့ဟေ့. . .'

'ရအောင်ဖမ်းဟေ့. . .'

အော်ဟစ်သံများက နောက်ဘက်မှတစ်ဆင့် ဘေးပတ်ဝန်းကျင်

ကို ရိုက်ခတ်ကာ လိုဏ်သံတွေပြန်လာ၏။ လိုဏ်သံတွေကိုထောက်၍ သူ ဂူကြီးတစ်ဂူထဲမှာ ပြေးနေခြင်းဖြစ်မည်ဟု တွေးမိ၏။

ခြေထောက်တွေက မညီမညာ ကြမ်းရှရှ ချွန်ထက်ထက်အရာတွေကို နင်းကျော်ဖြတ်သန်းနေရသည်။

လှုက မောပန်းလွန်းလှ၏။

မောသဖြင့် အပြေးကိုရပ်မည်ဟုမတွေးအား၊ နောက်မှခြေသံများနှင့် အော်ဟစ်သံများက တစ်စထက်တစ်စပို၍နီးကပ်လာသည်ဟု ထင်ရသဖြင့် ရှိသမျှခွန်အားကို ထပ်မံဖျစ်ညှစ်ကာ အားသွန်ပြီး ဆက်ပြေးနေရသည်။

သူတို့ဘယ်သူတွေလဲ။

ဘာကြောင့်လိုက်လာတာလဲ။

မိသွားလျှင် လွယ်မည်မထင်။ လိုက်လာသူတွေ၏ခြေသံကများစွာ။ ပြီးတော့ အော်ဟစ်သံများက ကြောက်မက်ဖွယ်ရာ၊ မကောင်းဆိုးဝါးတွေလားမသိ။

ရှေ့မှာအလင်းရောင် လက်ခနဲမြင်ရသည်။

အလင်းရောင်ရှိရာသို့ သူမှန်းဆကာပြေးသည်။ အလင်းသည် သူ၏လွတ်မြောက်ရာဟု သူရည်မှန်းသည်။

ပြေးနေရင်းက ရသေ့ကြီးပေးခဲ့သော အတုမရှိဂါထာကို သူ အမှတ်ရလိုက်၏။ အားကုန်ပြေးနေရင်းက အတုမရှိဂါထာကို သူ စိတ်ထဲမှရွတ်သည်။ ရွတ်ရင်းက ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကိုလည်း ရည်မှန်းသည်။

"အဂ္ဂေါဗုဒ္ဓေါ၊ အဂ္ဂေါဓမ္မော၊
အဂ္ဂေါသံဃော၊ အနုတ္တရော
အဂ္ဂေါဝိပါကော မေ ဟောတု

**ယံ ယံ ဣဒ္ဒံ သမိဇ္ဈတု။"**

တစ်ခေါက်ဆုံးလျှင် တစ်ခေါက်ထပ်ရွတ်သည်။ ရွတ်ရင်းပြေးသည်။ ပြေးရင်းရွတ်သည်။

နောက်မှ ခြေသံတွေဝေးကျန်ခဲ့၏။

နောက်မှ အော်သံတွေ လျော့ပါးသွားခဲ့၏။

အလင်းရောင်နှင့် ပိုနီးလာသည်။

မကြာမီ၊ အမှောင်တွေပါးလျားကာ အလင်းနယ်ထဲသို့ သူရောက်သွားသည်။ ခန္ဓာကိုယ်လေဟာနယ်ထဲ လွင့်မျောသွားသလို ဖြစ်သွားသည်။ ခြေထောက်တွေ လှုပ်ရှားပြေးလွှားစရာမလိုတော့။ လေဟုန်စီးသလို တရွေ့ရွေ့မျောပါနေသည်။

လိုက်သူတွေ မလိုက်လာတော့။

လေဟာနယ်ထဲ လွင့်မျောနေရင်းမှာပင် တောတွေတောင်တွေကို မြင်ရသလိုရှိလာ၏။ အဆောက်အအုံတွေကို မြင်ရသလိုရှိလာ၏။ ဘုရားစေတီတွေလည်းမြင်သလိုရှိလာ၏။

သူ လွတ်မြောက်ပြီဟု သိလိုက်သည်။

တစ်ပြိုင်တည်းမှာပင် သူ့ကိုယ်ခန္ဓာသည် လေဟာနယ်ထဲမှနေ၍ တစ်နေရာသို့ ထိုးစိုက်ဆင်းသွားတော့သည်။

အရှိန်ပြင်းပါဘိ။

**"အဂ္ဂေါပုဒ္ဓေါ၊ အဂ္ဂေါဓမ္မော၊**
**အဂ္ဂေါသံဃော၊ အနုတ္တရော**
**အဂ္ဂေါဝိပါကော မေ ဟောတု**
**ယံ ယံ ဣဒ္ဒံ သမိဇ္ဈတု။"**

သူ့အာရုံထဲမှာ ဘုရား၊ တရား၊ သံဃာ. . .။

♛ ♛ ♛

❒

အမြင်တွေမှုန်ဝါးဝါး။

မျက်ခွံကိုအားယူ၍ ဖွင့်ကြည့်သည်။ အလင်းရောင်တစ်ခုက စူးရှစွာ ဝင်လာ၍ မျက်ခွံကိုပြန်ပိတ်လိုက်ရ၏။

နှုတ်ခမ်းကို လှုပ်ကြည့်သည်။

'ရေ. . .'

သူ . . . ရေတောင်းလိုက်၏။ အသံကတိုးလျှလွန်း၍ ထွက်လာသည်မထင်ရ. . .။

တင်းကြပ်နာကျင်နေသော ခန္ဓာကိုယ်ကိုလှုပ်ကြည့်၏။ တစ်စုံတစ်ယောက်က ကာလရှည်ကြာစွာချုပ်နှောင်ထားသလို အကြောချင်တွေ တောင့်တင်းညောင်းချိနေ၏။ အားယူ၍လက်ချောင်းလေးများကို လှုပ်ကြည့်သည်။

နှုတ်ခမ်းမှလည်း ရေကိုထပ်မံတောင်းလိုက်၏။

ရင်တွေက ပူနေသည်။ အသက်ရှူက 'မဝချင်သေး။

'ဟာ . . . လူနာ သတိရလာပြီ. . .'

ဝေးလံသောအရပ်မှ အော်လိုက်သံတစ်ခု။ မိန်းကလေးပဲဖြစ်၏။

'ဒီမှာ . . . လာကြည့်ကြ လူနာသတိရလာပြီ. . .'

ဒုတိယအကြိမ် ဝမ်းသာအားရအော်လိုက်သံ၊ မျက်နှာပေါ်မှ

တစ်စုံတစ်ရာ ကိုချုတ်ယူလိုက်သလိုခံစားရ၏။ လွတ်လပ်သွားသည့် ထင်မိ၏။

'ရေ. . .'

နှုတ်ခမ်းအလှုပ်နှင့်အတူ မျက်ခွံကိုထပ်မံဖွင့်ကြည့်သည်။

အားလုံးသည် ဝိုးတဝါး။

'အမေ . . . အမေ ဟုတ်တယ်၊ 'ဒိုး' သတိရလာပြီ'

'သား. . . သားလေး . . . သားလေး. . .'

'ဒိုး . . . ဒိုး. . .'

ဝိုးတဝါးလှုပ်ရှားနေသော ပုံရိပ်များနှင့် အထိအတွေ့၊ လက်ကိုလာရောက်ထိတွေ့မှုများ၊ နွေးထွေး၍အားရှိသော အထိအတွေ့များဖြစ်၏။ မျက်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း အားယူ၍ကြည့်လိုက်သည်။

မှုန်ရီဝေဝါးမှုများက ကင်မရာ Focus ဖြတ်လိုက်သလို တဖြည်းဖြည်းပီပြင်လာ၏။

'သား . . . သားလေး. . .'

'ဒိုး . . . ဒိုး. . .'

ခေါ်သံတွေပိုမိုပီသလာ၏။ ရင်းနှီးကျွမ်းဝင်ပြီးသားအသံတွေမှန်းသူသိသည်။ အမေ့အသံ၊ 'နှင်း'အသံ။

ရုပ်ပုံတွေကလည်း ပီပြင်လာ၏။ မိမိနှလုံးသားမှာ စွဲကပ်နေသော ပုံရိပ်များ။ အမေ့မျက်နှာ၊ 'နှင်း' မျက်နှာ။

တစ်ပြိုင်တည်းမှာပင် နှုတ်ခမ်းပေါ် ရေစက်များကျလာ၏။ အားငဲလိုက်တာ၊ အားပါးတရ လျှာကိုသိမ်းယူ၍ မြိုချလိုက်သည်။ မောပန်းနေသည်များပြေလျော့သွားသည်။ အားအင်တွေတိုးလာသည်။

'သားလေး . . . သားလေး သတိရပြီနော်'

'ဒိုး . . . ဒိုး သတိရလာပြီလား။ နှင်း လေ နှင်း'

---

**စိတ်ကူးသစ်စာပေ**

'အ . . . အမေ. . .'

'သားလေး. . .'

'နှင်း. . .'

'ဒိုး . . . ဒိုးရယ်. . .'

အမေ့မျက်နှာမှ မျက်ရည်များကိုလည်းကောင်း၊ နှင်းမျက်နှာမှ မျက်ရည်များကိုလည်းကောင်း မြင်လာရ၏။ ဝမ်းသာမျက်ရည်များပင် ဖြစ်ချိမ့်မည်။

'ခဏကလေး . . . ခဏကလေး. . .'

ဆရာဝန်ကြီး၏အသံဖြစ်ပုံရ၏။ အမေနှင့် 'နှင်း'၏ရှေ့သို့တိုးဝင်လာကာ နှလုံးခုန်စမ်းသည်။ လက်ကိုစမ်းသည်။ ကိရိယာတွေကိုကြည့်သည်။

'ပုံမှန်ဖြစ်လာပြီ . . . စိတ်ချရပြီ. . .'

ဆရာဝန်ကြီး၏မှတ်ချက် . . . ကျေနပ်ပီတိဖြစ်သံ။

ဆရာဝန်ကြီးပြန်ထွက်သွားသည်။

'သား . . . သားလေး သတိရလာပြီနော်၊ ဝမ်းသာလိုက်တာ သားရယ်. . .'

'ဒိုးရယ် . . . နှင်း ဘယ်လိုပြောရမှန်းတောင်မသိဘူး။ သတိပြန်လည်လာပါ့မလားလို့တောင် နှင်းတို့စိုးရိမ်နေလိုက်ရတာ. . .'

'အမေ. . .'

'ဟင်. . .'

'သား . . . တကယ်နေကောင်းသွားပြီနော်၊ သားဟာ ဒိုးနော်'

'ဟုတ်ပါတယ် သားရဲ့၊ သားဟာအမေ့သားလေ. . .'

'ဒိုး . . . သတိမေ့နေတာ ဒီနေ့နဲ့ဆို လေးရက်ပဲ သိလား. . .'

'လေးရက်တောင်. . .'

---

'ဟုတ်တယ်၊ ဒိုးကို သေပြီလို့တောင် တချို့ကထင်တာ၊ ဆရာဝန်ကြီးတွေကောင်းလို့ပဲ၊ ဒိုးမှာ ကိုယ်ဝင္ထွရှိသေးတယ်၊ နှလုံးခုန်ဖျော့ဖျော့လေးရှိနေသေးတယ်လို့ စမ်းသပ်တွေ့ရှိရပြီး မျှော်လင့်တကြီးနဲ့ ကုသရင်း စောင့်နေခဲ့ရတာ. . .'

'ဟုတ်လား. . .'

'ခေါင်းက နာနေသေးလားဟင်. . .'

'ခေါင်းကို ထိမိလို့လား. . .'

'ဟုတ်တယ်၊ ဒိုးအဖြစ်တွေကို မှတ်မိလား၊ ဒိုးနဲ့နှင်း ပဲခူးကို သွားကြတာလေ. . .'

'မှတ်မိတယ်. . .'

'အမေရေ နှင်းတို့ကံကောင်းလိုက်တာ၊ ဒိုးကပြန်သတိရတာနဲ့ လုံးဝလူကောင်းပဲ၊ မှတ်ဉာဏ်တွေလည်းကောင်းတယ်၊ သိလား ဒိုးရဲ့ နှင်းကစိတ်ပူနေတာ၊ ဒိုးပြန်သတိရလာရင်တောင် အတိတ်မေ့နေတာတွေ ဘာတွေဖြစ်နေမလားလို့. . .'

'နှင်းကို မေ့မှာစိုးတယ်ပေါ့. . .'

'အင်းပေါ့ . . . ဒိုးရဲ့. . .'

အမေနှင့် 'နှင်း'ခမျာ အလုအယက်စကားတွေ ပြောမဝအောင် လက်ကိုဆုပ်ကိုင်၊ ကျလာသောမျက်ရည်များကိုသုတ်၊ ဝမ်းသာခြင်းဖြင့် မရှက်နိုင်၊ မကြောက်နိုင်အောင် ဖြစ်နေကြလေသည်။

♛ ♛ ♛

□

'ကိုမိုးညို ... ကိုမိုးညို ရှင်သတိရလာပြီလား...'

'အင်း...'

'ကျွန်မကို မှတ်မိရဲ့လား...'

'မမှတ်မိဘဲနေမလားဟ ... နင်မေးတာကြီးက...'

'ဝမ်းသာလိုက်တာတော်...'

'ငါ ... ဘာဖြစ်တာလဲ ဘရဏီ...'

'ရှင် ရေမြောင်းထဲပြုတ်ကျတာလေ...'

'ဘာ ... ရေမြောင်းထဲပြုတ်ကျတယ်ဟုတ်လား၊ မဖြစ်နိုင်ပါဘူး ဟာ၊ ငါစီးသွားတဲ့ကားမှောက်လို့ မဟုတ်လား...'

'မဟုတ်ဘူးလေ ကိုမိုးညိုရဲ့၊ ရှင်ကားမှောက်ပြီး ဆေးရုံရောက်တယ်၊ သတိပြန်ရလာတယ်၊ နောက်တစ်ခါ မြောင်းထဲပြုတ်ကျတယ်၊ သတိမေ့သွားလို့ ဆေးရုံထပ်ပို့ရတယ်၊ အခု ရှင်သတိပြန်ရလာတာ...'

'ဟာ ... ဒီကောင်မ မဟုတ်တာတွေလျှောက်ပြောနေတယ်၊ ငါ့ကိုမျှားနင်က ဘာမှတ်နေလဲ...'

'တကယ်ပြောတာ ကိုမိုးညိုရဲ့ ရှင်...'

'တော်စမ်းပါဟာ၊ ငါ ... ရေငတ်တယ်၊ ယူလာပေးစမ်း'

'ရှင်တောင်းတာရေနော်...'

'ဟာ ... ငါ ထလုပ်လိုက်ရ၊ ဆေးရုံမှာရေပဲတောင်းမှာပေါ့ဟ၊

အိမ်ကျမှ အရက်တောင်းမှာ'

'ဟင် . . . ရှင် အရင်လိုပြန်ဖြစ်သွားပြီ'

'ဘာ . . . ငါက ဒီလို ဒီလိုပဲ၊ နင် ဘာတွေကြောင်နေတာလဲ၊ ငါ့ကိုအတိတ်မေ့တယ် အောက်မေ့နေလို့လား. . . အတိတ်မမေ့ကြောင်း အိမ်ကျမှ နားရင်းအုပ်ပြီးပြမယ်. . .'

'အမလေး . . . အရှင်ကြီးများ ကယ်တော်မူပါ'

♛ ♛ ♛

(၁၀)

# စိတ်နယ်လွန်တာလား၊စိတ်နယ်ကျုံ့တာလား

အဖြစ်အပျက်တွေကို ပြန်စဉ်းစားသောအခါ အိပ်မက်များလို ဖြစ်နေသည်။ ပိုးတဝါးဖြစ်နေသည်။ မှတ်မိသမျှတို့သည် တကယ်ဖြစ်ပျက်ခဲ့သည်လား။ ကယောင်ချောက်ချားဖြစ်နေခြင်းလား 'ဒိုး' မဝေခွဲနိုင်။

'ဒိုး' သတိမေ့နေခဲ့သည်မှာ လေးရက်တဲ့။

ထိုလေးရက်အတွင်း 'ဒိုး' ဘာတွေဖြစ်ပျက်ခဲ့ပါသနည်း၊ 'ဒိုး' ဘယ်တွေရောက်နေခဲ့သနည်း . . .။

ပိုးတဝါးမှတ်မိနေသည့် မိုးညို၊ ဘရဏီ၊ ချစ်တီး၊ အွန်စော၊ ဆရာပေါက် ဆရာကြီးစသည်တို့သည် 'ဒိုး'အမှန်တကယ် တွေ့ဆုံခဲ့ရသူများလေလား. . .။

'လမ်းလျှောက်ချင်တယ် 'နှင်း' ရယ်၊ ကိုယ်လက်တွေ၊ အကြောအချင်တွေတောင့်ပြီး ဆိုင်းနေသလိုပဲ. . .'

'ဒါဖြင့် . . . လျှောက်လေ. . .'

'နှင်း'က'ဒိုး'ကို ခုတင်ပေါ်မှတွဲ၍ချပေးသည်။ 'နှင်း'ကိုတွဲကာ 'ဒိုး' အခန်းတွင်းမှအပြင်သို့ ခပ်ဖြည်းဖြည်းလျှောက်ထွက်လာခဲ့၏။ ခေါင်းကဒဏ်ရာကလည်း သက်သာနေပြီ၊ ခေါင်းမူးခြင်းပင်မရှိတော့၊ လမ်းလျှောက်ရသည်မှာလည်း အဆင်ပြေသည်။

'လျှောက်နိုင်ရဲ့လား. . .'

'နှင်း'ကမေး၏။

'လျှောက်နိုင်ပါတယ်၊ ကိုယ်က လူမမာကြီးမှမဟုတ်တာ'

'မောနေသလားလို့. . .'

'မမောပါဘူး. . .'

ဆေးရုံ၏စင်္ကြံအတိုင်း 'ဒိုး'ကို 'နှင်း'ကဖေးမကာ တွဲ၍လျှောက်လာသည်။ သူနာပြုဆရာမများ၊ ဆရာဝန်များ အလောတကြီး ဥဒဟို သွားလာလှုပ်ရှားလျက်ရှိရုံမက လူနာအချို့နှင့် လူနာရှင်များ သွားလာနေသည်ကိုလည်း တွေ့ရ၏။

'ဆရာဝန်ကြီးတွေ၊ သူနာပြုဆရာမတွေကို 'နှင်း'အရမ်းကျေးဇူးတင်တယ်၊ သူတို့ကြောင့် 'ဒိုး' ခုလိုပြန်ကောင်းတာ. . .'

'မှန်တာပေါ့ . . . ဆေးရုံကဆင်းရင် အားလုံးကိုလိုက်ကန်တော့မယ်'

ထိုစဉ်

အခန်းကျယ်ကြီးတစ်ခုမှ လူနှစ်ယောက်ထွက်လာသည်ကို 'ဒိုး' တွေ့လိုက်ရ၏။ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ဖြစ်သည်။ ယောကျ်ားက ဆံပင်ရှည်ရှည်၊ မျက်နှာပြားပြား၊ မျက်ပေါက်ကျဉ်းကျဉ်းနှင့် လူကြမ်းရုပ်ဖြစ်ပြီး မိန်းမမှာလည်း ကိုယ်လုံးကိုယ်ထည်တုတ်တုတ်ခိုင်ခိုင်နှင့် ၁ခေါင်းလန်လန်၊ မျက်ပေါက်ကျဉ်းကျဉ်း၊ နှုတ်ခမ်းထူထူ

ပါးစုံထွက်ထွက်နှင့် ထိုနှစ်ယောက်က ရုပ်ချင်းခပ်ဆင်ဆင်၊ မိန်းမက ယောကျ်ားကိုတွဲလာပြီး ကျန်လက်တစ်ဖက်က ခြင်းတစ်လုံးနှင့်၊ ဆေးရုံကဆင်းသည့်ပုံ။

သူ့ ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။

မိုးညိုနှင့် ဘရဏီ။

'ဘရဏီ ဖြည်းဖြည်းလျှောက်စမ်းပါ၊ မြန်မြန်နဲ့လျှောက်ရင် ငါ့ခေါင်းက နည်းနည်းနာသေးတယ်ဟ. . .'

'အင်းပါဗျာ . . . ဖြည်းဖြည်းလျှောက်ပါ့မယ် ကိုမိုးညိုရဲ့'

ထို နှစ်ယောက်၏စကားသံက 'ဒိုး'နားထဲဝင်လာ၏။

လူချင်းနီးကပ်လာကြသည်။

မိုးညို၏အကြည့်များက 'နှင်း'ထံရောက်လာ၏။ မျက်နှာမှာ ရိုပ်ခနဲလှုပ်ရှားမှုတစ်ချက် ပြောင်းလဲသွားပြီး အကြည့်လွှဲသည်။ 'ဒိုး'ကိုတော့မကြည့်၊ ဘရဏီကတော့ 'ဒိုး'တို့ကို သူစိမ်းတွေကို ကြည့်ပုံမျိုး။

'ဒိုး'က သူတို့ကို အာရုံစိုက်နေ၏။

ဘရဏီ မည်သောမိန်းမက 'ဒိုး'ကိုစိတ်မဝင်စား။

'နှင်း'ကမူ မိုးညိုကိုလှမ်း၍အကဲခတ်၏။ သည်တစ်ခါတော့ မိုးညိုက သူမကိုနှုတ်ဆက်ခြင်းမပြုသည်ကို 'နှင်း'သတိထားမိသည်။ ကြည့်ပုံရှုပုံတွေကလည်း ဟိုရက်တွေကလိုမဟုတ်တော့ဟု 'နှင်း' ထင်သည်။

ဘာဖြစ်လို့ပြောင်းလဲသွားပြန်တာလဲ။

မိုးညိုနှင့် ဘရဏီက 'ဒိုး'တို့ဘေးမှဖြတ်ကာ ကျော်သွားကြသည်။ မိုးညိုတို့ကျော်သွားသည်ကို 'နှင်း'က တစ်ချက်လှည့်ကြည့်သည်။ 'ဒိုး' သတိမေ့နေစဉ်က မိုးညိုလာ၍ နှုတ်ဆက်စကားပြောကြောင်းများကို 'ဒိုး' ကိုပြောပြလျှင်ကောင်းမလား စဉ်းစားမိသော်လည်း 'ဒိုး'နေပြန်ကောင်း

ဝ၊ စိတ်အနှောင့်အယှက်ဖြစ်မှာစိုး၍ မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။

'ဒိုး'ကလည်း ဘရဏီနှင့်သူ ဆုံတွေ့ခဲ့သည်များကို ဝိုးတဝါး မှတ်မိသမျှ 'နှင်း'အားပြောပြရန် စိတ်ကူးလိုက်မိသော်လည်း သူ ရှူး ကြောင်မူးကြောင်လျှောက်ပြောသည်ဟု ထင်သွားမှာစိုး၍ မပြောဖြစ်။

စကြံန်အဆုံးထိလျှောက်ပြီး အခန်းသို့ 'ဒိုး'နှင့် 'နှင်း'ပြန်လာ ခဲ့သည်။ ခုတင်ပေါ်၌ 'ဒိုး'ပြန်၍လဲလျောင်းနေစဉ် အခန်းတွင်းသို့ 'နှင်း' ၏မေမေနှင့် ဦးစက္ကဝင်ရောက်လာ၏။

'ဟော . . . မေမေတို့ပါလား လာထိုင်၊ လေးလေးက ဒီနေ့အလုပ် မသွားဘူးလား . . .'

'နှင်း'မေမေ ကထိုင်ခုံတစ်ခုမှာဝင်ထိုင်ပြီး ဦးစက္ကက 'ဒိုး'နားသို့ ချဉ်းကပ်လာသည်။

'အလုပ်သွားမလို့ပဲ၊ သမီးမေမေက ဆေးရုံသွားမယ်ပြောလို့ လိုက်ပို့တာ၊ ဘယ်လိုလဲ၊ 'ဒိုး' နေရတာသက်သာရဲ့လား . . .'

'နှင်း'ကိုအဖြေပေးရင်း 'ဒိုး'ကိုပါ ဂရုတစိုက်မေးသည်။

'ဟုတ်ကဲ့ . . .'

'အဖြေပေးရင်း ဦးစက္ကမျက်နှာကို 'ဒိုး'အသေအချာစိုက်ကြည့် မိ၏။ နူးညံ့သောအပြုံးနှင့် ဦးစက္ကမျက်နှာ။

သူ့ ဝိုးတဝါးပုံရိပ်များ၏ မျက်နှာနှင့်မတူပါတကား။ သူ့ ဝိုးတဝါး ပုံရိပ်ထဲမှာက ကောက်ကျစ်စဉ်းလဲသည့်ရုပ်သွင်။

မသဲမကွဲအသံတွေ 'ဒိုး'နားမှာ ပဲ့တင်ထပ်လာသည်။

'လာမယ့် တနင်္ဂနွေနေ့ည လုပ်ငန်းစကြရအောင်၊ မိုးညို့နဲ့ဇန်ဒိန်း က ငါ့အိမ်ကိုလာ၊ ငါကတံခါးဖွင့်ပေးထားမယ်၊ ခါးပြတိုက်တယ်ပေါ့ ကွာ၊ ငါတို့ကို ကြိုးနဲ့တုပ် နည်းနည်းပါးပါး ဟန်ပြရိုက်၊ ပြီးရင် ပစ္စည်းတချို့ယူ၊ နှင်းကိုတန်ဆာခံအဖြစ်ခေါ်သွား၊ ပြီးတော့မှ တစ်နေ

ရာမှာ 'နှင်း'ကိုအပြတ်ရှင်းခဲ့ ဟုတ်ပြီလား . . .'

'ဒိုး'ရင်ထဲမှာ နာကျည်းမုန်းတီးခြင်းတွေက ချက်ချင်းအုံဖွဲ့ကာ ဒေါသက ဝုန်းခနဲပေါက်ကွဲတော့မည့်နှယ် ရိုက်ခတ်လာသည်။ 'ဒိုး' အသားတွေ တဆတ်ဆတ်တုန်လာကာ လှဲနေရာမှ 'ဒိုး'အားယူပြီး ဆတ်ခနဲထထိုင်လိုက်မိ၏။

'ဒိုး . . . ဒိုး မထနဲ့လေ . . .'

'နှင်း'က စိုးရိမ်တကြီး 'ဒိုး'ထံပြေးလာကာ ဖေးမရင်းပြောလိုက်သည်။

'ဟုတ်တယ်ကွဲ့ ဒိုးရဲ့ . . . ရုတ်တရက်ကြီး ဒီလိုမထနဲ့လေ၊ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားတတ်တယ်၊ ဘာလိုချင်လဲပြောလေ၊ လုပ်ပေးမှာပေါ့ . . .'

ဦးစက္ကပါဝင်ပြောသည်။ ကြင်နာသံနှင့်ပါပဲ။

မိမိစိတ်ကို ရုတ်တရက် မထိန်းလိုက်နိုင်သည့်ကို 'ဒိုး'သတိဝင်လာပြီး မျက်နှာကိုလည်း တင်းမာမှုများ ပြန်လျော့သွားရန် ကြိုးစားလိုက်ရ၏။

'ဦးတို့ ဒေါ်ဒေါ်တို့နဲ့ စကားပြောချင်လို့ ထလိုက်တာပါ . . .'

'ဒိုး'က အဆင်ပြေမည့်စကားကို ပြောင်းလဲရွေးချယ်ပြောလိုက်ရ၏။

'စကားပြောတာပဲကွယ်၊ လှဲလျက်နဲ့ပြောလည်းရပါတယ်'

'နှင်း'က 'ဒိုး'ကိုပြန်လည်၍ အိပ်ယာပေါ်လှဲပေးစဉ် 'နှင်း'၏မေမေကဖြေသည်။

'ဒိုး'က ဘာပြောမလို့လဲ . . .'

'နှင်း'အမေး၊ ဂရုတစိုက်အကြည့်။

'ကျွန်တော် သတိမေ့နေစဉ်က ဂရုတစိုက်နဲ့လာပြီး ကြည့်ရှုကူညီပေးခဲ့တယ်လို့ ကျွန်တော့်အမေကပြောတယ်လေ၊ အဲဒါကျေးဇူးတင်

ကြောင်းပြောချင်တာပါ. . .'

'ဒိုး'က လူကြီးများအား လှမ်းပြောသည်။

'ဒါများကွယ် . . . မင်းက သူစိမ်းမှမဟုတ်တာ. . .'

'နှင်း' မေမေ၏ ရိုးစင်းသောစကား၊ ကြည်စင်သောအပြုံး။

ဦးစက္ကက

'မင်းက . . . ဦးတို့သားဖြစ်တော့မှာပဲလေ၊ ဦးတို့က မေတ္တာနဲ့ ဂရုစိုက်ပေးရမှာပေါ့ မဟုတ်ဘူးလား. . .'

ကျွမ်းဝင်ရင်းနှီးစွာ အရယ်စွက်လျှက်ပြော၏။ ဦးစက္ကစကားကြောင့် 'နှင်း'က ရှက်ပြုံးဖြင့် 'ဒိုး'ကိုကြည့်သည်။

'ဒိုး'ရင်ထဲမှာတော့ ဆန့်ကျင်ဘက် ဝိရောဓိများဖြင့် မအီမလည် ကြီး ခံစားနေရလေ၏။

'ညနေလောက်များ ဆေးရုံကဆင်းရမလားမသိဘူး. . .'

'နှင်း'စကားသံ။

'ကောင်းတာပေါ့ . . . အိမ်မှာကတော့ ပိုပြီးလွတ်လပ်မှုရှိတာပေါ့၊ အင်း ဒီနေ့ကစနေနေ့၊ မနက်ဖြန် တနင်္ဂနွေ၊ ဦးတို့လည်း အလုပ်က နားတယ်၊ 'ဒိုး'အိမ်မှာ သတင်းသွားမေးရင်း စားကြသောက်ကြတာပေါ့'

ဦးစက္က၏ ရယ်ပွဲဖွဲ့စကား

'ဒိုး'ရင်ထဲမှာ ထိတ်သွား၏။

ယနေ့ စနေ၊ မနက်ဖြန် တနင်္ဂနွေ။

မနက်ဖြန် တနင်္ဂနွေဖြစ်နေပြီ။

တနင်္ဂနွေနေ့ ညမှာ . . .

'ဘုရား . . . ဘုရား ငါသိတဲ့အတိုင်းဆိုရင် 'နှင်း' အန္တရာယ် ကျတော့မယ် ငါ ဘယ်လိုလုပ်ရပါ့မလဲ. . .'

'ဒိုး'အတွေးများဖြင့် ရင်ထဲမှာ မွန်းကြပ်လာ၏။

---

'ဒိုး'ကြည့်ရတာ မျက်နှာမလန်းသလိုပဲ. . . ဘာဖြစ်လို့လဲ နေမကောင်းဘူးလား. . .'

အကြောင်းမသိသော 'နှင်း'က စိုးရိမ်စွာမေး၏၊ 'ဒိုး'လက်ကလေးကိုကိုင်ကြည့်၊ နဖူးစမ်းကြည့်နှင့်လည်း လုပ်နေသည်။ 'နှင်း'၏ မေတ္တာကို 'ဒိုး' ခံစားသိရှိလိုက်ရ၏။

ဩော် . . . ချစ်တဲ့ 'နှင်း' ရယ်. . .

♛ ♛ ♛

❑

'သား . . . သူငယ်ချင်းတွေထဲမှာ မိုးညိုဆိုတာရှိလား'

ထမင်းစားပွဲသို့ ဟင်းချိုပုဂံလာချရင်း အမေကပြောသည်။ ပြီးနောက် ထိုင်ခုံတွင်ဝင်ထိုင်သည်။ အမေထိုင်သော ခုံဘေးတွင်ရှိနေသည့် 'နှင်း'ကလည်း 'ဒိုး'ကိုလှမ်းကြည့်သည်။

'မရှိဘူးအမေ . . . ဘာဖြစ်လို့လဲ. . .'

'ဩော် . . . သား သတိမေ့နေတုန်းက အဲဒီ မိုးညိုကလာပြီး သတင်းမေးတယ်၊ ပြီးတော့ သားစုထားတဲ့ငွေတွေ ထားတဲ့နေရာကို ပြောသွားတယ်၊ အဲဒါကြောင့် အမေက အံ့ဩနေခဲ့တာ. . .'

'ဒိုး' ခေါင်းထဲမှာ 'ငါ မိုးညိုအဖြစ်နဲ့အမေ့ကို လာတွေ့ခဲ့တာများလား၊ အဲဒီအကြောင်းတွေ ပြောပြရင်ကော အမေနဲ့ 'နှင်း' လက်ခံယုံကြည်နိုင်ပါ့မလား၊ ဒါမှမဟုတ် ငါ့စိတ်ထဲက ထင်နေမြင်နေတာမျိုးလား' ဟု ရှုပ်ထွေးစွာ တွေးနေမိ၏။

'နှင်း'က 'ဒိုး' မျက်နှာရိပ် မျက်နှာကဲကိုကြည့်နေရင်း

'အမေပြောလို့ နှင်းလည်းပြောချင်တာတစ်ခုရှိတယ် ဒိုး' ဟု မယုတ်မလွန် တစ်ခွန်းဝင်ပြောသည်။ သူသိချင်သွားသည်။

'ဘာလဲ နှင်း ပြောလေ. . .'

အမေ ထမင်းပန်းကန်ထဲသို့ ဦးချသည့်သဘောဖြင့် ဟင်းခပ်ထည့်ပေးရင်း 'ဒိုး'ကပြန်ပြောသည်။

'ဒိုး'သတိမေ့နေတုန်းက အဲဒီလူကလည်း ခေါင်းမှာပတ်တီးနဲ့ ဆေးရုံတက်နေရတာပဲ. . . 'နှင်း'ကိုတွေ့တော့ 'နှင်း'ကိုခေါ်ပြီး လာနှုတ်ဆက်တယ်၊ 'နှင်း'လည်းကြောင်သွားတာပေါ့. . . 'နှင်း'က ရှင်ကျွန်မကိုသိလို့လားလို့မေးတော့ ကိုယ်က 'ဒိုး' လေတဲ့၊ သူက အဲဒီလိုပြောသွားတယ်. . .'

'ဒိုး' ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ 'နှင်း'ပြောစကားအရဆိုလျှင် သူ ဝိုးတဝါးမှတ်မိနေသည်များက အမှန်တကယ်ဖြစ်ခဲ့ပုံရသည်ဟုဆိုရတော့မည်။ သို့သော် ပြောပြန်လျှင်လည်း ယုံနိုင်ဖွယ်မရှိ။

'ဒါနဲ့ ကိုယ်တစ်ခုမေးပါရစေဦး နှင်းရယ်. . .'

'မေးလေ. . .'

'နှင်း'ရဲ့စိတ်ထဲမှာ ဦးစက္ကကို ဘယ်လိုမြင်လဲ. . .'

ထမင်းစားရင်းက 'နှင်း' 'ဒိုး'ကို ဘာများလဲဟူသော အဓိပ္ပါယ်ပါသည့် အကြည့်ဖြင့်မော့ကြည့်သည်။ အဖြေကမူ မဆိုင်းမတွ။

'လေးလေးက သဘောကောင်းတယ်၊ 'နှင်း'ကိုသမီးအရင်းလိုပဲ ချစ်တယ်၊ မေမေနဲ့လက်ထပ်ခဲ့တာပဲ ရှစ်နှစ်ကိုးနှစ်လောက်ရှိနေပြီဆို တော့ 'နှင်း'နဲ့လေးလေးက သားအဖအရင်းလိုပါပဲ၊ ဘာဖြစ်လို့ 'ဒိုး'က ဒါကိုမေးတာလဲ. . .'

'သိချင်လို့ပါ. . .' ဟု 'ဒိုး'လှီးလွှဲဖြေလိုက်ပြီးမှ

'ပဲခူးက နှင်းရဲ့အဘွားက 'နှင်း'မေမေနဲ့ ဦးစက္ကတို့လက်ထပ် တာကို သဘောမတူခဲ့ဘူး မဟုတ်လား. . .' ဟု မေးမိပြန်၏။

'ဟုတ်ပါတယ်. . .'

'နှင်း'၏အံ့အားတသင့်အပြော။ မျက်လုံးဝိုင်းများနှင့်ကြည့်သည်။ အမေကဘာမျှဝင်မပြော။

'နှင်း'အဘွားက သူတို့ကို သဘောမတူလို့ အဆက်ဖြတ်ထားတယ် အသွားအလာပြန်ဖြစ်တာတောင် မကြာသေးဘူး၊ ပြီးတော့ 'နှင်း' အဘွားက သူပိုင်တဲ့ပစ္စည်းတွေကို 'နှင်း'မေမေကိုမပေးဘဲ 'နှင်း'ကိုပေးဖို့ စီစဉ်တယ်ဆိုတာရော. . .'

'နှင်း' ပို၍အံ့ဩသွားဟန်ပေါ်လာပြီးမှ

'အဲဒါတော့ နှင်းမသိဘူး'

သည်တစ်ချက်ကို 'ဒိုး'က သူသိထားချက်မှန်မမှန် စစ်ဆေးကြည့် ၍မရပြန်။ အမေကတော့ ထမင်းစားရင်း 'ဒိုး'ကိုအကဲခတ်နေ၏။

'ကိုယ်တစ်ခုပြောချင်တယ် 'နှင်း'၊ ဒီစကားကို 'နှင်း' သေသေ ချာချာချင့်ချိန်ပြီး စဉ်းစားပေးပါ . . .'

'ဘာများလဲ ဒိုးရယ်. . .'

'နှင်း'ရဲ့မျက်နှာအပေါ် စိတ်ဝင်စားလာကြပုံရှိ၏

'ဦးစက္ကက 'နှင်း'အဘွားရဲ့အမွေတွေကိုလိုချင်လို့ 'နှင်း'ကို အန္တရာယ်ပေးနိုင်တယ်လို့ ကိုယ် . . . သတိပေးချင်တယ်'

'ဒိုး'စကားကြောင့် 'နှင်း'က သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်လေသည်။

'အမလေး . . . ဘာများလဲလို့ 'ဒိုး' ရယ်၊ ဒါများ . . . မဖြစ်နိုင်တာတွေလျှောက်ပြောတယ်၊ အခုလည်း 'နှင်း'တို့ကပြေလည်နေတာပဲ၊ အဘွားရဲ့အမွေရမှမဟုတ်ပါဘူး၊ ပြီးတော့ 'ဒိုး'ပြောသလို 'နှင်း'က အဘွားရဲ့အမွေရရင်လည်း မေမေနဲ့လေးလေးတို့ရတာ အတူတူပဲပေါ့ မဟုတ်ဘူးလား . . .'

'ဒါက 'နှင်း'ရဲ့ဖြူစင်တဲ့သဘောထားကိုး . . . ဦးစက္ကက အဲဒီလိုမှ ဟုတ်ပါ့မလား . . .'

'ခုထိတော့ လေးလေးဟာ မေ့မေ့အပေါ်ရော 'နှင်း'အပေါ်မှာရော သိပ်ကောင်းတဲ့သူပဲ 'ဒိုး'။ 'ဒိုး' ဘေးစကားတွေကြားပြီး လေးလေးကို သံသယဝင်နေတာဖြစ်တာပါ'

'နှင်း'က သူ့စကားကို လက်မခံလိုကြောင်း 'ဒိုး' သဘောပေါက်လိုက်ပြီဖြစ်၏။ သို့ဖြစ်လျှင် ယနေ့ တနင်္ဂနွေနေ့ညကိစ္စကို မည်သို့ပြောရပါ့၊ ပြောလျှင်လည်း 'နှင်း'ကလက်ခံဖွယ်မမြင်။

'ဟုတ်သားပဲ သားကလဲ၊ အမေသိသလောက်တော့ ဦးစက္ကဟာ 'နှင်း' တို့သားအမိအပေါ် သိပ်ကောင်းတာပါ၊ သူ့စီးပွားရေးကလည်း ကောင်းနေတာပဲဟာ၊ သားပြောသလို လောဘရမ္မက်ကြီးမယ့်လူ မဟုတ်ပါဘူး . . .'

အမေကလည်း ထမင်းစားရင်း ဝင်ပြောသည်။ အမေ့သဘောထားကလည်း ရိုးစင်း၏၊ ဦးစက္ကအပေါ် အကောင်းမြင်ကြောင်း ထင်ရှား၏။

'သစ်ကောက် ဝါးကောက်တာ မြင်ရတယ်၊ လူကောက်တာ မမြင်ရဘူးအမေရဲ့ . . .'

'လေးလေးကိုတော့ အထင်မလွဲပါနဲ့ 'ဒိုး'ရယ်၊ လေးလေးက

ပထွေးဆိုပေမယ့် ရှားပါးတဲ့ပထွေးမျိုးပါ။ ဒါကိုတော့ 'နှင်း'ကအတူနေမို့လို့ ရဲရဲဝံ့ဝံ့ပြောရဲတာပါ'

'ဦးစက္ကဟာ . . . အခုလက်ရှိစီးပွားရေးအပြင် တခြားဘာလုပ်ငန်းတွေရှိသေးလဲ နှင်းသိလား. . .'

'ဟင့်အင်း . . . တခြား ဘာလုပ်ငန်းမှမရှိပါဘူး။ အခုလုပ်နေတဲ့ ကုမ္ပဏီလုပ်ငန်းပဲရှိပါတယ်'

'နှင်း'က ဦးစက္ကအပေါ် အပြည့်အဝ ယုံကြည်မှုရှိသည်ကတစ်ကြောင်း၊ မိမိမှာကလည်း တိကျခိုင်လုံသော အထောက်အထားပြစရာမရှိသည်ကတစ်ကြောင်းမို့ ဦးစက္က၏ တနင်္ဂနွေနေ့ည (ယနေ့ည) စီမံကိန်းကို 'ဒိုး' 'နှင်း'ကိုပြောရှဲရမည်မထင်။

ထို့ကြောင့်

'နှင်း . . . ဒီည ဒီမှာအိပ်ပါလား. . .'

'ဟာ . . . ဒိုးကလည်း ဘယ်ဖြစ်မလဲ၊ မေမေရော လေးလေးရော ဆူမှာပေါ့. . .'

'ဟုတ်သားပဲ သားရဲ့ . . . သားနဲ့နှင်းနဲ့က လက်ထပ်ရသေးတာမှမဟုတ်တာ၊ ပတ်ဝန်းကျင်က ပြောမှာပေါ့. . .'

'နှင်းအတွက် စိုးရိမ်တယ်. . .'

'ဒိုး'က အမှန်တကယ်စိုးရိမ်စိတ်ဖြင့် မောလျှစွာပြောလိုက်မိ၏။

'နှင်း' 'ဒိုး'ကို သေသေချာချာစိုက်ကြည့်ပြီး

'ဒီနေ့ . . . ဒိုး ဘာဖြစ်နေတာလဲ၊ စကားအဆန်းတွေလည်းပြောတယ်၊ ခေါင်းမှာ ရှုပ်ထွေးနောက်ကျိနေလို့လား. . .'

စိုးရိမ်စွာပြန်မေးသည်။ 'ဒိုး'ခေါင်းခါလိုက်သည်။

'ကဲပါ . . . ထမင်းပဲ အေးအေးဆေးဆေးစားစမ်းပါ၊ စားပြီးမှ ကိုယ်ပြောမယ်. . .'

'ဒိုး'က စကားကိုခဏဖြတ်ကာ ထမင်းကိုပဲ ငုံ၍စားနေလိုက်တော့၏။ အမေက သက်ပြင်းချသည်။ 'နှင်း'မျက်နှာမှာမူ ဇဝေဇဝါ ။

♛ ♛ ♛

□

'အဲဒါ ကိုယ့်ဇာတ်လမ်းပဲ. . .'

'ဒိုး'ပြောသမျှစကားကို 'နှင်း'နှင့်အမေက အံ့ဩမျက်လုံးများဖြင့် နားထောင်နေသည်။ 'ဒိုး'မှတ်မိသမျှဇာတ်လမ်းက 'နှင်း'နှင့် အမေ့အတွက် ဆန်းကြယ်လွန်းနေပေမည်။

'ဒိုး'စကားဆုံးလျှင်

---

စိတ်ကူးသစ်စာစဉ

'သား . . . ခေါင်းကို ထိမိတဲ့အရှိန်ကြောင့် စိတ်ထဲထင်နေတာတွေများလားကွယ် . . .'ဟု အမေက အပြည့်အဝလက်ခံချင်ပုံမရစွာ ပြောသည်။

'အမေ့ဆီကို မိုးညိုရောက်လာတဲ့အကြောင်းနဲ့ . . . သားပြောတာနဲ့ဆက်စပ်ရင် သားပြောတာအမှန်ပဲလို့ အမေလက်မခံနိုင်ဘူးလား . . .'

အမေက ခဏစဉ်းစားပြီး

'အဲဒီလိုဖြစ်နိုင်ပါ့မလားကွယ်၊ သား သတိမေ့ပြီးမျောနေတာကို အမေလက်ခံတယ်၊ မျောနေချိန်မှာ သားဝိညာဉ် ဟိုရောက်ဒီရောက် ဖြစ်ချင်ဖြစ်မယ်၊ အမေမငြင်းဘူး၊ ဒါပေမယ့် မိုးညိုရဲ့ခန္ဓာကိုယ်ထဲကို သားဝိညာဉ်ဝင်သွားတယ်ဆိုတာက ဘယ်လိုမှမဖြစ်နိုင်တဲ့ဟာကွယ် . . .'

'နှင်း'ကလည်းဝင်ဖြေသည်။

'အမေပြောတာဟုတ်တယ် 'ဒိုး' ကြည့်လေ၊ ကိုမိုးညိုက သူ့ဘာသာရှိနေတာပဲ၊ မနေ့ကပဲ 'ဒိုး'ကိုယ်တိုင် ကိုမိုးညိုကိုတွေ့လိုက်ရတာပဲလေ၊ 'ဒိုး'ရဲ့ဝိညာဉ်က ဘယ်လိုလုပ်ပြီး ကိုမိုးညိုကိုယ်ထဲကို ဝင်လို့ရမှာလဲ . . .'

အမေ့စကားရော 'နှင်း'စကားကပါ ခမ္ဘဝိဇ္ဇာန်ကျနေကြောင်း 'ဒိုး' တွေ့ရသည်။ အထူးသဖြင့် 'နှင်း'ပြောသလို မိုးညိုက သူ့ဘာသာရှိနေတာပဲ၊ ငါက သူ့ခန္ဓာကိုယ်ထဲကို ဘယ်လိုဝင်မလဲ၊ ဒါဆိုရင် ငါ ဖြစ်ပျက်ခဲ့တယ်လို့ ထင်နေတာတွေ တကယ်မဟုတ်ဘူးပေါ့ . . . ဒိုး ခေါင်းထဲမှာ ယခုမှ အမှန်ပင် ရှုပ်ထွေးသွားလေပြီ။

'ဆရာဝန်ကြီးပြောဖူးတာကတော့ သတိမေ့နေချိန်မှာ စိတ်အာရုံက လွင့်မျောပြီး အိပ်မက်လိုလို၊ တကယ်လိုလိုတွေ တွေ့ရကြုံရတတ်တယ်'တဲ့၊ 'ဒိုး' အဲဒီလိုဖြစ်နေတာနေမှာပါ . . .'

'နှင်း'က သူလက်ခံယုံကြည်ထားသော အပိုင်းကိုပြောပြ၏။

အမေကလည်း

'အမေကြားဖူးတာကတော့ သေရွာပြန်တွေဟာ မေ့မျောနေချိန်မှာ ရေပြည့်ရောက်သွားတာတို့၊ သေချိန်မတန်သေးလို့ ပြန်ရောက်လာတာတို့ စတာတွေပဲ . . . သားလို ခန္ဓာသွားပြီးဝင်သွားတယ်ဆိုတာမျိုး မကြားဖူးပါဘူး . . .' ဟုဆိုပြန်သည်။

'ဒိုး' မည်သို့ဆုံးဖြတ်ရပါ့။

'ဘာပဲဖြစ်ဖြစ် 'နှင်း' ရယ်၊ 'နှင်း' . . . ဒီည 'နှင်း' အိမ်မှာမအိပ်ပါနဲ့'

'ဒိုး'ကဖွင့်ပြောသည်။

'ဘာဖြစ်လို့လဲ . . . 'ဒိုး'ရဲ့'

'နှင်း'က နားမလည်စွာပြန်မေး၏။ 'ဒိုး' မကွယ်ဝှက်ချင်တော့။

'နှင်း'ကို ဦးစက္ကက ဒီညမှာ မကောင်းကြံဖို့ရှိတယ်'

'ဒိုး' တော့ ခက်နေပါပြီ . . .'

နှင်းက ညည်းစကားလေးကိုဆိုကာ သက်ပြင်းချသည်။ 'ဒိုး' စကားကို 'နှင်း' လက်ခံချင်ပုံမရှိ။

'သားက . . . စကားတွေလက်လွတ်စပယ်လျှောက်မပြောရဘူးလေ . . . အမေအကြံပေးချင်တာကတော့ သား ဘာမှမတွေးနဲ့၊ အေးအေးဆေးဆေး နားလိုက်ဖို့ကောင်းတယ် . . .'

အမေကပါ 'နှင်း'ကဲ့သို့ 'ဒိုး'စကားကိုလက်မခံ။

'ကလင် . . . ကလင် . . . ကလင် . . .'

'ဟော . . . ဖုန်းလာတယ်၊ အမေ သွားကိုင်လိုက်မယ်'

အမေက ထိုင်ခုံမှထသွားသည်။

'နှင်း'အား 'ဒိုး'အားစိုးရိမ်တကြီးကြည့်ကာ

'ကိုယ်ပြောတာကို 'နှင်း'ယုံကြည်ပေးပါကွာ' ဟု လေးလေးနက်နက် တောင်းပန်လိုက်၏။ 'နှင်း' ဘာမျှပြန်မပြောနိုင်သေးမီ

'သမီးရေ 'နှင်း' . . . 'နှင်း' ရဲ့ဖုန်းကွယ့်၊ 'နှင်း'မေမေဆက်တာ'

အမေ့အသံပေါ်လာ၏။ 'နှင်း' ထိုင်နေရာမှထသွားပြီး အမေ့ထံမှ တယ်လီဖုန်းကိုလွှဲယူပြီး စကားပြောသည်။ အမေက ဆက်တီရှိရာသို့ ပြန်လာပြီးထိုင်လိုက်သည်။ 'ဒိုး'ကမူ 'နှင်း'ဖုန်းပြောနေသည်ကို ငေးကြည့်နေမိ၏။

ခဏကြာတော့ 'နှင်း'ပြန်ရောက်လာ၏။

'မေမေဖုန်းဆက်တာ. . . လေးလေးနေမကောင်းလို့တဲ့၊ ပြန်လာခဲ့ဖို့ပြောတာ . . . 'နှင်း' ခဏနေရင်ပြန်ရမယ်. . .'

'နှင်း . . . ကိုယ်ပြောတဲ့အတိုင်းလုပ်ပါကွာ၊ ဒီညအိမ်မှာ မအိပ်ပါနဲ့၊ ကိုယ်တို့အိမ်မှာ မအိပ်ချင်ရင် သူငယ်ချင်းတွေအိမ်မှာ သွားအိပ်ပါ. . .'

'ဒိုး'က အလောတကြီးဆက်ပြောသည်။

'ဒိုး'ကလည်း . . . တခြားမှာသွားအိပ်တာကို မေမေကလက်ခံပါ့မလား၊ လေးလေးကနေမကောင်းဘူးဆိုတော့ ပိုခက်တာပေါ့. . .'

'နှင်း'ကငြင်းသည်။

'တကယ်ပါကွာ . . . ဒီည 'နှင်း'တို့အိမ် ဓါးပြတိုက်ခံရလိမ့်မယ်၊ 'နှင်း'ကို ဓါးပြတွေကခေါ်သွားလိမ့်မယ်၊ အသက်ကိုအန္တရာယ်ပေးလိမ့်မယ်၊ အဲဒီဓါးပြတွေဟာ တခြားမဟုတ်ဘူး။ ဦးစက္ကရဲ့တပည့် မိုးညိုတို့အဖွဲ့ပဲ. . .'

'သား . . . ဘာတွေလျှောက်ပြောနေတာလဲ. . .'

အမေ၏ စိုးရိမ်တကြီးဟန့်တားသံက ဖြတ်၍ပေါ်လာ၏။

'ဒိုး'စိတ်ကိုလျှော့လိုက်ပါ၊ ခဏနေရင် စိတ်ငြိမ်ဆေးသောက်ပြီးအိပ်လိုက်၊ ဘာမှမတွေးနဲ့ ဟုတ်လား. . .'

'နှင်း'ကလည်း ပူပန်စိုးရိမ်စွာပြန်မှာသည်။

'ဟူး. . .'

'ဒိုး' သက်ပြင်းရှည်ကြီးကို ဆွဲဆွဲငင်ငင်ချလိုက်ပါပြီ၊ မည်သို့ ပြောရပါ့၊ မည်သို့လုပ်ရပါ့။

'ဒိုး'ပြောသည်ကို အမေရော 'နှင်း'ပါ မယုံကြပါတကား။

'ဒိုး'ကပဲ စိတ်ကယောက်ကယက်ဖြင့် လျှောက်ပြောနေခြင်းဟု သူတို့ထင်မြင်နေကြပုံပါတကား။

တကယ်လည်း 'ဒိုး' ထိုသို့လျှောက်ပြောခြင်းများ ဖြစ်နေမလား ဟုလည်း တစ်ဖက်က 'ဒိုး' တွေးရနေမိပြန်၏

ယခုအချိန်၌ . . .

'ဒိုး' လမ်းဆုံလမ်းခွရောက်နေပြီဟု ဆိုရပေတော့မည်။

♛ ♛ ♛

(၁၁)

## မကောင်းသူပယ်ကောင်းသူကယ်ခံရခြင်း

'နှင်း' အိပ်မပျော်။

'ဒိုး'အမူအရာ၊ 'ဒိုး'အပြောအဆိုတွေက 'နှင်း'အိပ်ချင်စိတ်ကို ချေဖျက်ပစ်နေ၏။ 'ဒိုး'နှင့် ဘာရဏီ၊ 'ဒိုး'နှင့် ဦးစက္က၊ မိုးညိုခန္ဓာကိုယ်ထဲမှ 'ဒိုး'။

'ဒိုး'စိတ်တွေ ကစဉ့်ကလျားဖြစ်ကာ ထင်ယောင်ထင်မှားတွေ ဖြစ်နေပြီလား၊ သို့မဟုတ် အမှန်တွေဟု လက်ခံယုံကြည်ရမည်လား၊ 'ဒိုး' အဖြစ်က အမှန်တကယ် ဖြစ်ပျက်ခဲ့ပါသည်ဟုလည်း လက်မခံနိုင်လောက်အောင် ထူးခြားဆန်းကြယ်နေ၏။

ခေါင်းကိုထိမိသော ဒဏ်ရာကြောင့် စိတ်ရောဂါများ မသိမသာဝင်လာလေသလား။ ဆရာဝန်ကြီးတွေနှင့် ပြန်လည်ပြသပြီး တိုင်ပင်ရလျှင်ကောင်းမလား . . .

တစ်ဖက်ရှာ ပြန်စဉ်းစားတော့လည်း 'ဒိုး' သတိမေ့နေစဉ် 'နှင်း'

တွေ့ရသော မိုးညို၏ပုံပန်းသဏ္ဍာန်တွေက ထူးခြားနေပြန်၏။ 'ဒိုး' ပြော သမျှကို ထောက်ခံနေသည့်ပမာ၊ ပြီးတော့ "ဒိုး'မေမေနှင့် မိုးညိုဆုံတွေ့ ပုံကလည်း ဆန်းပြား၏။

စဉ်းစားရခက်လှ၏။ အဖြေရှာရခက်နေ၏။

အိပ်ရာပေါ်မှာ တလူးလူးတလွန့်လွန့်ရှိနေစဉ်မှာပင် မေမေနှင့် လေးလေးတို့၏အခန်းမှ အသံတချို့ကို မပီမသမသဲမကွဲကြားလိုက်ရ၏။ အော်သံလိုလို ဘာလိုလို။

'နှင်း'အိပ်ရာမှ လူးလဲထလိုက်သည်။ နေ့လယ်ကနေမကောင်းဟု ဆိုသော လေးလေးဦးစက္ကဘာဖြစ်လေသလဲ။

မေမေ၏ အလန့်တကြားအော်လိုက်သံနှင့် လေးလေး၏အသံတ ချို့ထပ်မံကြားရ၏။

'နှင်း'စိုးရိမ်သွားသည်။

အိပ်ရာမှဆင်းကာ တံခါးဖွင့်ပြီး မေမေတို့အခန်းရှိရာသို့ အလော တကြီးပြေးဆင်းခဲ့မိ၏။ မေမေတို့အခန်းတွင်းမှ မီးရောင်အချို့နှင့် အသံ တချို့ကို ဗလုံးဗထွေးကြားနေရသည်။

'မေမေ မေမေ. . .'

အခန်းတွင်းသို့ စိုးရိမ်တကြီးနှင့် သတိလွတ်ကင်းစွာ ပြေးဝင်သွား မိသည်။ 'နှင်း'၏အမှားပင်ဖြစ်တော့၏။

အခန်းတွင်းမှာ ဖြစ်ပျက်နေသည်က 'နှင်း'ထင်သလိုမဟုတ်၊ အိပ် ခန်းမီးရောင်ပြာလဲ့လဲ့ အောက်မှာပင် လေးလေးနှင့် မေမေ့ကိုကြိုးတုပ် လျက်သားတွေ့လိုက်ရ၏။ လက်ပြန်ကြိုးများတုပ်နှောင်လျက် ပါးစပ်တွင် အဝတ်စများဆို့လျက်၊ လေးလေးနှင့် မေမေ့ထံမှ ဂူးဂူးဝါးဝါးအသံများက ထွက်နေ၏။

'မေမေ မေမေ. . .'

---

အော်ရင်း ခေါ်ရင်းပြေးဝင်သွားသော 'နှင်း' မှာ မေမေတို့ထံ သို့ပင်မရောက်၊ တစ်စုံတစ်ယောက်က ဖမ်းဆွဲချုပ်ခြင်းခံလိုက်ရ၏။

'အို . . . အမေ့'

'မအော်နဲ့ . . . အော်ရင်သေသွားမယ် . . .'

ဖမ်းချုပ်သူက ခပ်အုပ်အုပ်ကြိမ်းမောင်း၏။

'လွှတ်လွှတ် . . . ရှင်တို့ဘယ်သူလဲ . . .'

'နှင်း' ကြောက်စိတ်တွေဝင်လာသော်လည်း ကျားသစ်မလေးလို ဒေါသတကြီးအော်ဟစ်ရုန်းကန်မိ၏။

'ကဲ . . . ဒီလောက်တောင်ရှိလုတာ'

'ဖျန်း . . .'

'အမလေး . . .'

ပါးကိုပြင်းစွာရိုက်ခြင်းခံရပြီး မျက်လုံးထဲမှာ မီးတွေပွင့်သွားသည် ထင်ရ၏။ လူကယိုင်ထိုးသွားသည်။ သို့သော် အခြားတစ်ယောက်က 'နှင်း'ကိုဖမ်းဆွဲကာ လက်ပြန်ချုပ်နှောင်ခြင်းခံလိုက်ရသည်။

'မလှုပ်နဲ့ . . . မသေချင်ရင်ငြိမ်ငြိမ်နေ၊ မနေရင် အားလုံးသေ ပွဲဝင်သွားမယ် . . .'

တစ်ယောက် ကြိမ်းမောင်းပြန်၏။ ထိုသူက စောစောက 'နှင်း' ကိုချုပ်နှောင်ကာ ရိုက်လိုက်သူဖြစ်သည်။ သူ့အသံကိုကြားဖူးသလိုပဲ ဟု 'နှင်း'က ကြောက်လန့်မှုများကြားမှ တွေးမိသည်။

မေမေနှင့် လေးလေးတို့ထံမှ ဂူးဂူးဂါးဂါးအော်သံတွေ ထပ်မံ ထွက်လာ၏။ 'နှင်း'ကို လှမ်း၍သတိပေးခြင်းဖြစ်ပုံရ၏။ စိုးရိမ်ပူပန်စွာ ပြောနေသံများဖြစ်လိမ့်မည်။

'နှင်း' သဘောပေါက်သွားသည်။ အိမ်ကိုဓါးပြတိုက်နေခြင်း ဖြစ်ကြောင်း နားလည်သွားသည်။ သို့သော် ဓါးပြကမျက်နှာဖုံးစွပ်များ

နှင့်။ မည်သို့မည်ပုံတံခါးတွေဖွင့်ပြီး အထဲကိုဝင်လာနိုင်ပါသနည်း။ 'နှင်း' တို့၏တိုက်တံခါးများက သံပန်းတစ်ထပ်၊ သစ်သားတံခါးတစ်ထပ်နှင့် မို့ လုံခြုံမှုကအပြည့်လေ။

'ဟော့ကောင် . . . ဘီရိုထဲမှာ ပစ္စည်းရှာ'

ခေါင်းဆောင်ဖြစ်ဟန်တူသူက 'နှင်း'ကိုချုပ်ထားသူကို အမိန့်ပေး သည်။ 'နှင်း'ကိုချုပ်ထားသူက

'ဒါဆို ကောင်မလေးကို ခင်ဗျားချုပ်ထား. . .' ဟူ၍ ခေါင်းဆောင် ဖြစ်သူထံ တွန်းပို့ပေးသည်။ ခေါင်းဆောင်ဖြစ်သူက 'နှင်း'၏လက်ကို နောက်ပြန်လက်ပြန်လိမ်ချိုးကာ လက်မှခါးဖြင့် လည်ပင်းကိုထောက် လိုက်သည်။

'တွေ့လား. . . ဓါး၊ လှုပ်တာနဲ့ လည်ပင်းထဲမြုပ်ဝင်သွားမယ်'

နောက်မှနေ၍တိုးတိုးကပ်ပြောသည်။ 'ဒီအသံ ငါကြားဖူးပါတယ်' ဟူသောအတွေးက ထပ်မံဝင်လာပြန်၏။ 'နှင်း' ရင်ထဲမှာလည်း မခံချင် စိတ်နှင့် ဒေါသများလုံးထွေးနေသလို မေမေနှင့် ဦးစက္ကအတွက်လည်း ပူပန်နေမိ၏။

အကယ်၍ 'နှင်း' သာ အော်ဟစ်လိုက်ပါက 'နှင်း'အတွက်လည်း မလွယ်၊ လေးလေးနှင့်မေမေလည်း လွယ်မည်မထင်၊ ထို့ကြောင့် စိတ် ကိုလျှော့ကာ ငြိမ်နေလိုက်ရ၏။

'ဒီမှာ . . . ဘူးတစ်ခုတွေ့တယ် လက်ဝတ်ရတနာတွေ'

ဘီရိုထဲမှာရှာသော ဓါးပြကလှည့်ပြော၏။

'ဒါဆိုသွားမယ် . . . မြန်မြန်လုပ်'

ခေါင်းဆောင်က အမိန့်ပေးလိုက်သည်။

'ဟိုအဘိုးကြီး အဘွားကြီး ကောင်းကောင်းနေနော်၊ ခင်ဗျားတို့ ရုတ်ရုတ် ချပ်လုပ်ရင် ဒီဟာမလေးအသက်သေပြီမှတ်. . . ဟော့

ကောင်တွေ သွားကြမယ် . . .'

ခေါင်းဆောင်က မေမေတို့ကိုလှည့်၍ ရာဇသံပေးကာ 'နှင်း'ကို လွှတ်မထားခဲ့ဘဲ အပြင်သို့ဆွဲခေါ်သည်။ 'နှင်း'ကို တန်ဆာခံလုပ်၍ ခေါ်သွားမည်ဖြစ်ကြောင်း 'နှင်း'သဘောပေါက်လိုက်သည်။

'ရှင်တို့ လိုချင်တာရပြီပဲ လွှတ် . . . လွှတ် ကျွန်မကိုလွှတ်'

'နှင်း'က ရုန်းကန်ရင်းအော်ကြည့်၏။ ဓါးပြ၏ချုပ်ထားသော လက်က ပိုမိုတင်းကြပ်သွားကာ အံကြိတ်သံနှင့်အတူ လည်ပင်းကို ထောက်ထားသောဓါးက အသားထဲသို့အနည်းငယ်စူးဝင်လာ၏။ 'နှင်း' မအော်ရဲတော့၊ သူတို့က အသက်တစ်ချောင်းကို လွယ်လွယ်နှင့် သတ်ဖို့ ဝန်မလေးကြသူလူမိုက်များ။ သူတို့ကိုပြိုင်ဖိုက်၍မရ။

'နှင်း' အားမတန်မာန်လျှော့လိုက်ရတော့သည်။

'အူး . . . ဂူး . . .'

မေမေ့ထံမှ မသဲမကွဲတောင်းပန်သံထွက်လာ၏။

'နှင်း'ကား ဓါးပြများဆွဲခေါ်ရာသို့ ကန့်လန့်ကန့်လန့်ဖြင့် ရုန်းရင်းကန်ရင်းပါသွားခဲ့ပြီ။ သူတို့ 'နှင်း'ကိုမည်သည့်နေရာသို့ခေါ်သွားမည်မသိ၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ခေါ်သွားသည်မသိ၊ 'နှင်း'ဘဝ ကား အရှက်ရော အသက်ပါ မသေချာတော့။

ကြောက်လန့်စိုးရိမ်မှုများကြားမှ 'နှင်း' ဘုရားကိုသတိရသည်။ သံဗုဒ္ဓေဂါထာတော်ကြီးကား 'နှင်း'ရွတ်နေကျ။ ယခုလို အခက်အခဲများ ကြားမှ အားကိုးစရာဟူ၍လည်း ဘုရား၏ဂုဏ်တော်နှင့် ဂါထာတော်ကြီး ပဲ အားကိုးစရာရှိသည်မို့ စိတ်ထဲမှာရွတ်လိုက်သည်။ တုန်လှုပ်နေသော စိတ်ကြောင့် ဂါထာတော်ပင် အမှားမှားအယွင်းယွင်းဖြစ်နေသည်။

ဓါးပြများက 'နှင်း'ကို ညှို့ခန်းအားဖြတ်၍ ခေါ်သွားပြီး အိမ် ရှေ့တံခါးမှပင် အပြင်ထွက်ကြ၏။ အသင့်ဟနေသောတံခါးကို ကြည့်ခြင်း

ဖြင့် သူတို့ဤတံခါးမှပင် ဝင်လာကြောင်း 'နှင်း'တွေးမိသည်။

'သံလုံး . . . သံလုံး . . .'

'နှင်း'ကိုချုပ်၍ခေါ်လာသူက ရှေ့မှနေ၍ထွက်ရင်း အသံခပ်အုပ်အုပ်ဖြင့်ခေါ်သည်။ အပြင်တွင် စောင့်ခိုင်းထားသော သူအား ခေါ်ခြင်းဖြစ်ပေမည်။

ထိုအချိန်တွင်ပင်

'ဒုတ် . . .'

'အား . . .'

'နှင်း'ကိုချုပ်ထားသူထံမှ တစ်စုံတစ်ရာဖြင့် ခေါင်းကို အရိုက်ခံရသံနှင့် နာကျင်စွာအော်လိုက်သံထွက်လာပြီး 'နှင်း'သည်လည်း ချုပ်ထားရာမှ လွတ်သွားသည်။

ဤသမယမှာပင် . . .

မီးရောင်များဖြာကျလာကာ ပတ်ဝန်းကျင်တွင် အလင်းများက စိုးမိုးသွားသည်။ ခြံဝမှရပ်ထားသောကားမီးရောင်၊ ကားမီးရောင်အောက်တွင် 'နှင်း' မြင်လိုက်ရသည်က ရဲတပ်ဖွဲ့ဝင်များ . . .။

ရဲများက 'နှင်း'ကိုဖမ်းဆီးခေါ်လာသူ ခေါင်းဆောင်နှင့်အခြားဓါးပြများကို ဝင်ရောက်ဖမ်းဆီးကာ လက်ထိတ်ခတ်လိုက်ပေပြီ။

'နှင်း . . . နှင်းဘာမှမဖြစ်ဘူးနော်'

စိုးရိမ်စွာပြေးလာပြီး အော်လိုက်သောအသံ၊ 'ဒိုး'၏အသံပင်ဖြစ်၏။ မှန်၏။ 'ဒိုး'၏မျက်နှာကား ကြောင့်ကြသောကများဖြင့်။

'ဒိုး . . . ဒိုးရယ်'

'နှင်း' ယခုမှပင် အန္တရာယ်မှကင်းလွတ်ပြီဖြစ်ကြောင်း သဘောပေါက်ရင်း ဝမ်းနည်းစိတ်များဖြင့် အားငယ်သွားကာ 'ဒိုး'၏ရင်ခွင်တွင်းတိုးဝင်လိုက်မိတော့၏။

---

စိတ်ကူးသစ်စာပေ

'နှင်း . . . နှင်း ဘာမှမဖြစ်ဘူးနော်၊ ကိုယ်စိုးရိမ်လိုက်ရတာ နှင်းရယ်'

နှင်းကိုပြန်ဖက်ရင်း 'ဒိုး'ကတဖွဖွမေးကာ 'နှင်း'ကိုလည်း စေ့စေ့စပ်စပ်စမ်းသပ်ကြည့်နေ၏။

ရဲအဖွဲ့ခေါင်းဆောင် ရဲအုပ်ကြီးက ဓါးပြတို့၏မျက်နှာဖုံးများကို ဆွဲချွတ်လိုက်သည်။

'ဟင် . . .'

'နှင်း' အံ့အားတသင့် အာမေဋ္ဍိတ်သံထွက်သွား၏

မိုးညိုပါတကား . . .။

♛ ♛ ♛

❒

ငိုနေသော 'နှင်း'မေမေအား 'နှင်း'ကဖက်ကာ နှစ်သိမ့်နေ၏။

'မေမေ ဘာမှဝမ်းနည်းမနေပါနဲ့၊ သမီးတို့ကဘုရားမှတ်ပြီး ကိုးကွယ်နေတာ၊ ဖွတ်ထွက်မှတောင်ပို့မှန်းသိရတယ်၊ ကျောချမှဓါးပြမှန်း သိတာဟာ သမီးတို့ညံ့လို့ပဲမေမေ . . .'

---

စိတ်ကူးသစ်စာပေ

'မေမေ ဘယ်လိုမှမယုံကြည်နိုင်အောင်ပါပဲသမီးရယ် . . . ဒီလို စိတ်မျိုးရှိမယ်လို့ ဘယ်တုန်းကမှ မေမေမထင်ခဲ့တာ၊ မေမေ့စေတနာ၊ မေမေ့မေတ္တာတွေ အစော်ကားခံရတာကိုပဲ ဝမ်းနည်းတာပါကွယ်၊ သူ့အတွက် မေမေ ဝမ်းမနည်းပါဘူး။ သူ့လမ်း သူသွားတာပါ. . .'

ရဲမျှားက ဦးစက္ကကိုပါ ဖမ်းဆီးခေါ်ဆောင်သွားပြီ အိမ်တွင် 'နှင်း' တို့သားအမိနှင့် 'ဒိုး'သာကျန်ရစ်ခဲ့ကြ၏။

'ဒိုး'က

'တရားစောင့်တဲ့သူကို တရားကပြန်စောင့်ပါတယ်ဒေါ်ဒေါ် သူတော်ကောင်းနတ်ကောင်းမမှာပါ၊ ကောင်းသူကယ်၊ မကောင်းသူပယ်ပြီး ကောင်းသူကယ်တယ်ဆိုတာ အခုတော့ လက်တွေ့ပါပဲ. . .'

ဟု ဝင်ပြောသည်။

'နှင်း'က အပြုံးနွမ်းနွမ်းဖြင့်လှမ်းကြည့်သည်။

'ဒိုး'ကိုကျေးဇူးတင်ပါတယ်'

'ကျေးဇူးတင်စကား ပြောရမယ့်သူတွေလားနှင်းရယ်. . .'

'ကျေးဇူးတင်ရမှာပေါ့ကွယ်၊ မင်းသာမကယ်ရင် သမီးလေးခမျာ အရှက်ရော အသက်ပါ ဆုံးရမယ့်ကိန်းပါပဲ. . .'

'နှင်း' မေမေကလည်း ထပ်ပြောသည်။

'ဒိုး . . . မနက်ကပြောခဲ့တာတွေက မှန်နေခဲ့ပြီနော်၊ အဲဒါကတော့ ဆန်းတာအမှန်ပဲ. . .'

'နှင်းက ကိုယ်ပြောတုန်းက မယုံခဲ့ဘူး မဟုတ်လား. . .'

'ဟုတ်တယ်. . .'

'တကယ်ဆို ကိုယ်လည်းမသေချာပါဘူး။ ဒါပေမယ့် စိတ်ထဲမှာ အဲဒါကိုစွဲနေပြီး 'နှင်း'အတွက်စိုးရိမ်မိတယ်လေ၊ ဒါကြောင့် ရဲစခန်းသွားပြီး သတင်းတစ်ခုရတယ်လို့ သတင်းပို့ခဲ့တာ၊ 'နှင်း'ကိုပြောသလို ပြော

ပြရင်ယုံမှာမဟုတ်လို့ မိုးညိုတို့ ဗန်ဒိန်းတို့ ဘီယာဆိုင်မှာတိုင်ပင်နေတာကို ကြားတယ်ဆိုပြီးပြောခဲ့ရတာ၊ မဟုတ်ရင်တော့ ရဲအဖွဲ့ကို တာဝန်နောင့်ယှက်သလိုဖြစ်ပြီး ကိုယ်အရေးယူခံရမှာပဲ၊ ဒါပေမယ့် မတတ်နိုင်ဘူးလေ၊ 'နှင်း'တို့ အန္တရာယ်မကျရောက်ဖို့ပဲ စဉ်းစားပြီးစွန့်စားလိုက်ရတာပဲ. . .'

'ကိုစက္ကုဟာ အတော့်ကိုကောက်ကျစ်ယုတ်မာတဲ့သူပဲ. . . ဒေါ်ဒေါ်က မြေမွေးကိုမှ ခါးပိုက်ပိုက်ထားခဲ့မိတာကိုး. . .'

'အခုပဲဖြစ်ဖြစ် အဆိုးထဲက အကောင်းထွက်လာပြီပေါ့မေမေရယ်၊ မင်းသားခေါင်းဆောင်းတဲ့ဘီလူးလည်း ဇာတ်ရုပ်ပေါ်သွားပြီ၊ အရေးကြုံရင် ကျောချင်းကပ်ပြီးရင်ဆိုင်တဲ့ မိတ်ဆွေလည်း တွေ့ရပြီ. . .'

'နှင်း'စကားကြောင့် 'ဒိုး'ပြုံးမဲ့မဲ့ဖြင့် 'နှင်း'ကိုကြည့်၏။

'မိတ်ဆွေပဲလား 'နှင်း'ရယ်၊ ဒီထက်မပိုတော့ဘူးလား. . .'

အရယ်ဖြင့်မေးလိုက်သည်။

'သီသားနဲ့ . . . မေးနေပြန်ပြီ. . .'

မိခင်ရှေ့မို့ ရှက်မျက်နှာဖြင့် ကြည်ကြည်နူးနူးပြောလိုက်သော 'နှင်း'မျက်နှာတွင် သောကပြယ်၍ ဖျော်ရွှင်မှုများနေရာယူလာပြီဖြစ်ကြောင်း 'ဒိုး'တွေ့လိုက်ရ၏။ 'နှင်း'ကို တအားပွေ့ဖက်ကာ တယုတယစကားများပြောလိုက်ချင်သော်လည်း 'နှင်း'မေမေရှေ့မို့ 'ဒိုး' စိတ်ကိုလျှော့ချလိုက်ရသည်။

စိတ်ထဲကမူ ကြိမ်းဝါလိုက်သည်။

လက်ထပ်ပြီးမှ တွေ့မယ်. . .။

ချစ်သူနှစ်ဦးအဖို့ ရွှေခရီးကား ပန်းမွေ့ယာရွှေကော်ဇောခင်းပြီး ဖြစ်ပေလိမ့်မည်။

♛ ♛ ♛

(၁၂)

# ဝိညာဉ်နောက်ဆက်တွဲ

စာဖတ်သူများအား ရိုသေလေးစားစွာ တင်ပြအပ်ပါသည်။

ဤဝတ္ထုမှာ ဖြစ်ရပ်မှန်တစ်ခုကိုအခြေခံပါသည်။ ကျွန်ုပ်၏တပည့်တစ်ဦးဖြစ်ခဲ့သူ (ဇာတ်လမ်းတွင်ပါသူ ဒိုး) က ကျွန်ုပ်အား 'ဆရာ ဝတ္ထုရေးချင်ရေးပါလား' ဟူ၍ '၂၀၀၂ ခုနှစ်အတွင်းက သူ၏ကိုယ်တွေ့အတွေ့အကြုံ' ကို ပြောပြခဲ့ပါသည်။

ထိုစဉ်က ကျွန်ုပ်သည် ဝတ္ထုမရေးဖြစ်ခဲ့ပါ။

ယခု သူ၏ဇာတ်လမ်းကို ဝတ္ထုရေးဖို့အကြောင်းတိုက်ဆိုင်လာသောအခါ စိတ်ဝင်စားဖွယ်ကောင်းသလောက် ထူးခြားဆန်းကျယ်လှသော ဖြစ်ရပ်မို့ မရေးမီ တိကျခိုင်မာစေရန် 'ဒိုး'အား ထပ်မံတွေ့ဆုံမေးမြန်းရန် ကြိုးစားခဲ့ပါသည်။

သို့သော် 'ဒိုး' သည် ပြည်ပနိုင်ငံတစ်ခုတွင် သွားရောက်၍ အလုပ်

လုပ်ကိုင်နေသည် ဖြစ်သောကြောင့် 'ဒိုး' နှင့်တွေ့ဆုံခွင့်မရခဲ့ပါ။ 'ဒိုး' နှင့် လက်ထပ်ပြီးသော 'နှင်း' နှင့်သာ ဆုံတွေ့ခဲ့ရပါသည်။

'နှင်း' က

'ဆရာရယ် အမြစ်က သိပ်ပြီးဆန်းကျယ်နေလေတော့ ဖတ်တဲ့သူတွေ လက်ခံယုံကြည်ပါ့မလားမသိနိုင်ဘူး 'နှင်း' တောင်မှ 'ဒိုး' ကို ချစ်တဲ့သူမို့သာ လက်ခံယုံကြည်ခဲ့ရတာ၊ ဒါတောင်မှ 'နှင်း' ရင်ထဲမှာ မရှင်းသေးဘူး 'ဒိုး' တာ ခေါင်းကိုပြင်းထန်စွာထိမိခဲ့လို့ စိတ်တွေ ကစဉ့်ကလျားဖြစ်ပြီး သူဒီလိုဖြစ်ခဲ့တာပဲလို့ ထွေရာတက်ပြောတာများလား တွေးမိတုန်းပဲ'

ဟု ပြန်ပြောပါသည်။

'ဒိုး' က သတိပြန်ရပြီး နောက်ပိုင်းမှာ စိတ်မူမမှန်တဲ့ပုံစံတွေ 'နှင်း' တွေ့ရလား'

ကျွန်ုပ်က စူးစမ်းကြည့်သည်။

'အဲသလိုတော့ မတွေ့ဘူးဆရာ၊ ပုံမှန်ပါပဲ'

'နှင်းရဲ့ပထွေး ဦးစက္ကဖြစ်ရပ်က အမှန်ပဲမဟုတ်လား၊ ဒါက 'နှင်း' ကိုယ်တိုင်တွေ့ကြုံရတာပဲလေ'

'မှန်ပါတယ်ဆရာ၊ ဒါပေမယ့် ဆရာကစာပေသမားမို့ အများကြီး ဖတ်ဖူးမှာပါ၊ တချို့ဆိုရင် ခေါင်းကိုထိခိုက်ပြီးမှ အကြားအမြင် သဘောမျိုး ရလာတာတွေ ရှိတယ်လေ၊ စိတ်ရဲ့သဘော ထူးခြားဆန်းပြားတယ်လေ'

'ဒါဆို 'နှင်း' က 'ဒိုး' ပြန်ပြောပြတဲ့ ဘုရားဇာတ်တို့ဇာတ်ထမ်းကို မယုံဘူးပေါ့'

'မယုံဘူးလို့တော့လည်း 'နှင်း' မပြောနိုင်ဘူးဆရာ၊ တစ်ခုတော့ ရှိတယ်၊ 'ဒိုး' ရဲ့ဖြစ်ရပ်ဆန်းကြယ်ကို သေချာအောင် ထောက်ခံပေးနိုင်တာက ဘုရားဇာတ်ပဲ ဆရာ၊ ဘုရားဇာတ်ကိုတွေ့ပြီးမေးကြည့်ပါလား'

---

စိတ်ထူးသစ်စာပေ

သို့ဖြင့်

ကျွန်ုပ်သည် ဘရဏီရှာပုံတော်ဖွင့်ရပြန်ပါ၏။ သို့သော် ဘရဏီကိုမတွေ့ရပါ။ ယောကျ်ားဖြစ်သူ မိုးညို ဓါးပြမှုနှင့် အခြားပြစ်မှုများဖြင့် ထောင်ကျသွားပြီးနောက်ပိုင်းတွင် အညာဒေသသို့ ပြန်သွားကြောင်းသိခဲ့ရပါသည်။ ထို့အတွက် လမ်းစပျောက်သွားရပါသည်။

မည်သို့ဆိုစေ

ဤထူးခြားဆန်းကြယ်သော ဇာတ်လမ်းကို ဝတ္ထုရေးဖွဲ့ရန် အာသီသပြင်းပြနေသော ကျွန်ုပ်သည် 'ဒိုး'ပြောခဲ့သမျှအပေါ်တွင် ရသများထုံမွမ်းကာ **'သက်ဝိညာဉ်ပဥ္စလက်တံခါး'** အမည်ဖြင့် ရေးဖွဲ့ပြီး ဖြစ်ပါသည်။

ဗုဒ္ဓ၏ဂုဏ်တော်ရှုထောင့်မှလည်းကောင်း၊ ဆေးပညာရှုထောင့်မှလည်းကောင်း၊ စိတ်ပညာရှုထောင့်မှလည်းကောင်းကြည့်လျှင်ထားနည်းချက်များရှိနေမည်ကို ကျွန်ုပ်သိရှိပါသည်။ သို့သော် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြသော ကျမ်းတစ်စောင် ပေတစ်မှုမဟုတ်ဘဲ ဝတ္ထုမျှသာဖြစ်သဖြင့် စာဖတ်သူများအနေဖြင့် အယူအဆအတွေးအခေါ်များကို ရှေ့တန်းမတင်ဘဲ ဖြစ်ရပ်ဆန်းကြယ်ရသဝတ္ထုတစ်ပုဒ်အဖြစ်ဖြင့်သာ ခံစားဖတ်ရှုကြပါရန် အလေးအနက်ထား ပန်ကြားရပါသည်။

ဗုဒ္ဓညွှန်ပြ မြတ်ဓမ္မဖြင့်
သုခချမ်းသာ ရကြပါစေ

**'သိဟထိန်တင်အေး'**